
# နန္ဒေဏည

ကြိုဂံရွား နှင့် သိုင်းကညာ

ဒုတိယ
ဇာတ်သိမ်း



စာမူ ခွင့်ပြုအမှတ် ၇၅၀/၉၃(၁၁)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၇၉၇/၉၃(၁၁)

ပထမအကြိမ်
၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး ၅၈/-၊ အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးကျော်ကျော်စိုး(မြဲ ၀၁၄၃၀)
စိမ်းစိမ်းရည်နွယ်စာပေ
၅၇၊ ခြံ၅ ခြံ၊ ရွှေနံ့သာရပ်ကွက်၊
ဝဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်စမ်းစမ်းကြည်(မြဲ ၀၃၇၇၇)
ဂျစ်တူးမပုံနှိပ်တိုက်
၂၀၈၊ ဦးဝိစာရလမ်း၊
ဝဟန်း၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၀၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

# နန္ဒကျော်သူ

---

## ဗြိဂံမား နှင့် သိုင်းကညာ

ဒုတိယပိုင်း (ဇာတ်သိမ်း)

## အခန်း ( ၁၉ )

အပျော်မယ် အမျိုးသမီး....

သို့မဟုတ်....ကြေးစား အမျိုးသမီးများသည် အများအား ဖြင့် လှကြပါသည်။

သို့သော်....

ဟွေ့ဆန်းကိုး တွေ့မြင်လိုက်ရသည့် ဖူကောင်းကြည်မှာ ကြေးစား အမျိုးသမီးတစ်ယောက် ဖြစ်သည်ဟု ပြောရမှာ မယုံနိုင်အောင်ပင် ဖြစ်နေတော့သည်။

အကယ်၍သာ ဖူကောင်းကြည်ကို အပြင်၌ တွေ့မည် ဆိုပါက ကြေးစား အမျိုးသမီးတစ်ယောက် ဖြစ်သည်ဟု မည်သူကမှ မပြောဝံ့သည့်အပြင် သူမ၏ အလှအပ၌ ယစ်မူး၍သာ နေကြမည်ဟု ဟွေ့ဆန်းကိုး ရဲရဲကြီး ပြောဝံ့ပေသည်။

ဟော့ဆန်းကိုးသည် ဖူကောင်းကြည်အား တဒင်္ဂ ငေးမော ကြည့်နေရင်းမှ လူ့ဘီလူးကြီးကို တစ်ချက် ပြန်ကြည့်သည်။

ပါးစပ်မှ သွေးများ စီးကျနေပြီး မကျေမချမ်းဖြင့် ဟော့ဆန်းကိုးအား စိုက်ကြည့်နေသည်။

'ဘာမှ သောက်သုံးမကျတဲ့ တိရစ္ဆာန်၊ ထွက်သွားစမ်း'

သူမက သူ၏ ကိုယ်ရံတော်ကြီးကို အော်ဟစ် မောင်းထုတ်လိုက်သည်။

လူ့ဘီလူးကြီးကို အထင်ကြီးထားသော ဖူကောင်းကြည်မှာ ယခု ပါးစပ်မှ သွေးများ စီးကျနေသည်ကို မြင်ရသဖြင့် ခံပြင်း ဒေါသထွက်သွားသည်။

'ရှင်ဘာဘယ်ကလဲ၊ ဒီလို လာစော်ကားတာကို ကျွန်မက ငြိမ်ခံနေမယ် ထင်သလား'

သူမသည် ခါးကြားမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်။

လက်ခနဲ ဖြစ်သွား၏။

ဓားပါးလေး တစ်ချောင်း ဖြစ်သည်။

မိမိ ဘယ်သူ ဘယ်ဝါဟု မပြောလျှင် အခြေအနေက ရှုပ်ထွေးသွားနိုင်သည်။

ဟော့ဆန်းကိုးက သူမထံသို့ ခပ်တည်တည်ဖြင့် လှမ်းဝင်သွားပြီး....



'ထိုင်စမ်းပါ အမျိုးသမီး၊ ကျုပ် လူဆိုးထိန်း ဆန်းကိုး'

ယခုလိုဆိုတော့လည်း....

သူမ၏ မျက်ခုံးကလေးက မြင့်တက်သွားပြီး အံ့ဩသွားပုံရသည်။

သို့သော်လည်း သူမသည် သိပ်ပြီး နှစ်သက် ကျေနပ်ပုံ မရပေ။

ဟော့ဆန်းကိုးသည် သူမ၏ တစ်ကိုယ်လုံးကို ခြုံ၍ အကဲခတ်ကြည့်ရှုလိုက်ရာ အနည်းငယ် စိတ်ပျက်သွားမိတော့သည်။

အဘယ်ကြောင့်ဆိုသော် သူမသည် အရပ်က တော်တော်လေး မြင့်နေသည်။

လင်းယုန်ဖြူ စားသောက်ဆိုင်မှ ဆိုင်လုလင်၏ ပြောပြချက်နှင့် စံအိမ်တော် တည်းခိုဆောင်မှ ပြောပြချက်အရ တခြားစီ ဖြစ်နေသည်။

မည်သို့ပင်ဆိုစေ ဖူကောင်းကြည်သည် မိမိ၏ သံသယစာရင်းထဲမှ ဖယ်ထုတ်ရတော့မည် ဖြစ်သည်။

ဒါပေမယ့် သူမ၏ စကား အသွားအလာများကို နည်းနည်းတော့ စမ်းကြည့်မှပဲဟု တွေးလိုက်သည်။

'မင်း ချိတန်းကို သိသလား'

ဆန်းကိုးက ရုတ်တရက် မေးသည်။

သူမက စဉ်းစားနေသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ....

'ကျွန်မ လုံးဝ မသိဘူး၊ သူကဘယ်သူလဲ'

သူမသည် ထိုသို့ပြောပြီးမှ လူဆိုးထိန်းတစ်ယောက် မိမိထံသို့ အဘယ်ကြောင့် ရောက်လာသည်ကို စဉ်းစားမိသွားဟန်ဖြင့် တစ်ဆက်တည်း ပြောလိုက်၏။

'ဪ.... ကျွန်မ သဘောပေါက်ပြီ၊ ချီကန်းဆိုတာ ဟိုအသတ်ခံရတဲ့လူရဲ့ နာမည်ကို လာမေးနေတာ မဟုတ်လား၊ မသိပါဘူးရှင်၊ ချီကန်းကော.... နောက် ဟိုမြင်းလှည်းသမားခုံးလျောင်းကော လုံးဝ မသိပါဘူး၊ အဲ နောက်ဆုံး အသတ်ခံရတဲ့ တပ်မှူးကြီး ကျင့်ဖိန်ကိုတော့ သိပါတယ်၊ သူက ကျွန်မဖေဘက်သည်ပဲ'

သူမက ထပ်မေးမည့် မေးခွန်းများကိုပင် ကြို၍ ဖြေသွားတော့သည်။

ပွင့်ပွင့်လင်းလင်း ပြောတတ်ပုံရသည်။ စိတ်နောက်နေ့သည့် လက္ခဏာမျိုးလည်း လုံးဝ မတွေ့ရပေ။

'မင်းဟာ ချင်ချင်ဂေဟာမှာ ရောဂါဝေဒနာ ကုသခဲ့ဖူးသေးတယ်နော်'

ရုတ်တရက် သူမ၏ မျက်နှာ ခက်ထန် တင်းမာသွားသည်။ ထိုစကားကို ပတ်ဝန်းကျင် ကြားသွားလေသလားဟု စိုးရိမ်ထိတ်လန့်သည့် အသွင်လည်း ပေါ်သွားသည်။



သူမ၏လုပ်ငန်း ထိခိုက်နိုင်စရာ ရှိကြောင်း ဟော့ဆန်းကိုးကလည်း တွေးမိပါသည်။

'ဒါ ဆန်းသလားရှင်၊ နေမကောင်းလို့ ဆေးကုတာယ်၊ အခု ပျောက်နေပြီပဲ'

ဟော့ဆန်းကိုးသည် သူမနှင့် အချိန်ကုန်မခံလိုတော့ပေ။

ထိုအချိန်တွင် ဟော့ဆန်းကိုးသည် တစ်ခွန်းနှစ်ခွန်း ဆက်မေးလိုသော်လည်း ကြယ်နီဆိုင်ရှင်သူဌေးကြီးက ရောက်ရှိလာသဖြင့် ဖူကောင်းကြည်အား ခေါင်းညိတ်၍ နှုတ်ဆက်ကာ သူဌေးကြီးနှင့်အတူ အခန်းအပြင်သို့ ထွက်ခဲ့သည်။

'ခင်ဗျားတို့ မြို့ပြအုပ်ချုပ်ရေးက သူနဲ့တွေ့ဖို့ အကြောင်းထူး ရှိနေလို့လား'

ဟော့ဆန်းကိုးက ခေါင်းယမ်း၍....

'အကြောင်းထူးရယ်လို့ မဟုတ်ပါဘူး၊ လူတစ်ယောက် အကြောင်း လာမေးကြည့်တာပါ'

ဝေ့လည်ကြောင်ပတ် ပြန်ဖြေလိုက်သည်။

'ဒါနဲ့ ယွမ်ကို တစ်ခါတလေလောက် အလည်လာခဲ့ပါဦး၊ ကျုပ်က ဖိတ်ခေါ်တယ်လို့ ပြောပေးပါ'

'ဟုတ်ကဲ့၊ ကျွန်တော် အုပ်ချုပ်ရေးမှူးယွမ်ကို ဆက်ဆက် ပြောလိုက်ပါ့မယ်'

ဟော့ဆန်းကိုးသည် အခြားစကားများ အနည်းငယ် ပြောကြားပြီး ကြယ်နီစားသောက်ဆိုင်ထဲမှ ပြန်ထွက်ခဲ့သည်။

ဖူကောင်းကြည်ကို သူတို့၏ သံသယစာရင်းထဲမှ ဖယ်ထုတ်ထားရန် ယတိပြတ် ဆုံးဖြတ်လိုက်လေသည်။

* * *

အတော်ကလေး နေကောင်းသွားပြီဖြစ်သော ဝမ်ပါးက ဟော့ဆန်းကိုး သူ၏မြင်းအား တန်ဆာပလာများ တပ်ဆင်နေသည်ကို လှမ်းကြည့်နေသည်။

အခန်းထဲမှထွက်လာသော အုပ်ချုပ်ရေးမှူးယွမ်က....

'အဲဒီကောင်ကိုတွေ့ရင် ပါအောင် ခေါ်ခဲ့ကွာ၊ သူက တို့အတွက် အထောက်အကူ အများကြီးပြုနိုင်တယ်'

ဟော့ဆန်းကိုးက ခေါင်းညိတ်လိုက်သည်။

သူသည် လေ့ဖီးကို လိုက်စုံစမ်းရန်အတွက် ပြောင်းတောရွာသို့ သွားရန် ပြင်ဆင်နေခြင်း ဖြစ်သည်။



မကြာမီက သူ၏တပည့်များကို အရှာအဖွေလွှတ်လိုက်သော်လည်း လေ့ဖီး ခရီးထွက်သွားသည်ဟူသော သိရသောကြောင့် ယခုတစ်ကြိမ် သူကိုယ်တိုင် စုံစမ်းရှာဖွေရန် ဖြစ်သည်။

လေ့ဖီးသည် လေ့ကြီး၏ညီ ဖြစ်သည်။

သူ့အစ်ကို လေ့ကြီး ဘာကြောင့် အသတ်ခံရသည်ကို လေ့ဖီးသည် သိသင့်သလောက် သိရမည်ဟု ဟော့ဆန်းကိုးက ထင်ထားသည်။

သူသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်ပြီး ယွမ်နှင့်ဝမ်ပါးတို့ကို လက်ပြလိုက်၏။

ပြီးနောက်....

လေးမှပစ်လွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် စီးနင်းသွားတော့သည်။

အချိန်မှာ နံနက်စောစောမို့ နေရောင်ခြည်ကထွက်ပေါ်စပင် ရှိသေးသည်။

* * *

ရှုအန်းလုကလေးသည် နေရောင်ခြည်အောက်တွင် ပြေးလွှား ဆော့ကစားနေရာမှ အိမ်ခန်းထဲသို့ ပြေးဝင်သွားသည်။

ရှုအန်းလု တစ်ယောက်တည်း ပြေးလွှား ဆော့ကစားနေသည်ကို ကြည့်၍ လီလီနှင့်ရှုဖုန်းရီတို့သည် နောက်ထပ် သားသမီးတစ်ယောက် ထပ်မံမထွန်းကားသည့်အတွက် ရှုအန်းလုမှာ ကစားဖော်မရှိကြောင်း ပြောဆို၍ ရယ်မောနေကြသည်။

အမှန်တော့သူတို့သည် သားသမီး တစ်ယောက်နှစ်ယောက် ထပ်မံ ထွန်းကားချင်သည်မှာ မှန်သည်။

ကံတရားက မပေးတော့ပေ။

ရှုအန်းလုသည် အသုံးမပြုတော့ဘဲ အဟောင်းအမြင်းများ စွန့်ပစ်ထားသည့် အခန်းထဲသို့ဝင်ကာ ကစားစရာ တစ်ခုခုကို ရှာဖွေနေပေသည်။

ထိုစဉ် အမျိုးသမီးများ ပိုက်ဆံထည့်ကိုင်သည့် ကတ္တီပါ အိတ်ကလေး တစ်လုံးကို တွေ့ရှိသွားသည်။

အိတ်ကလေးမှာ ဟောင်းနွမ်းစုတ်ပြတ်နေပြီ ဖြစ်သည်။

ရှုအန်းလုသည် ယင်းအိတ်ကလေးမှာ ကပ်နေသော ဖုန်မှုန့်များကို ဖယ်ရှားလိုက်သည်။

ပြီးနောက် ထိုအိတ်ကလေးကို ဆော့ကစားလိုဟန်ဖြင့် အခန်းထဲမှယူ၍ ပြေးထွက်လာသည်။

သူသည် စာလုံးပေါင်းအချို့ကို ပေါင်း၍ဖတ်တတ်နေပြီ ဖြစ်သည့်အတွက် အိတ်ကလေး၌ ရေးထားသောနာမည်စာလုံးကလေးကို ပေါင်းဖတ် ကြည့်လိုက်သည်။



တစ်ဖန် မီခင်ဆီသို့ ပြေးသွားသည်။

'မေမေမေရေ....မေမေရေ'

'ဘာလဲ သားရေ'

'ဟောဒီအိတ်ကလေးမှာ စီစီချွမ်းလို့ ရေးထားတာ၊ အဲဒါ ဘယ်သူလဲဟင်'

'စီစီချွမ်း' ဟူသော အမည်နှင့် ရှုအန်းလု ကိုင်ထားသော ကတ္တီပါအိတ်ကလေးကို တွေ့မြင်လိုက်ရသည်တွင် လီလီ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တောင့်တင်းသွားပြီး သူ့ရဲ့ တစ္ဆေ တစ်ကောင်ကို တွေ့မြင်လိုက်ရသည့်အလား မျက်နှာမှာ ဖြူဖပ် ဖြူရော် ဖြစ်သွားတော့သည်။

သူမသည် ချောက်ချောက်ချားချား ကတုန်ကယင် ဖြစ်သွားပြီး....

'သား....အဲဒီအိတ်ကို ဘယ်ကရတာလဲဟင်'

'သား ဟိုအခန်းထဲက ယူလာခဲ့တာပါ၊ ဆော့ချင်လို့'

'ဩော်....အေး....အေး'

'အဲဒီ စီစီချွမ်းဟာ ဘယ်သူလဲမေမေ'

'ဟို.... မေမေ့ အသိတစ်ယောက်ရဲ့ နာမည်ပါ၊ ကဲ....ကဲ.... သား သွားကစားတော့'

ရှုအန်းလု ပြေးလွှားခုန်ပေါက် ထွက်သွားသည်။

လီလီ၏မျက်နှာ သိသိသာသာ ပျက်သွားသည်ကို ကြည့်ရှု ရှုဖုန်းရှိ စိတ်မကောင်း ဖြစ်သွားသည်။

'လီလီ၊ ညီမ စိတ်ထိခိုက်စရာတွေကို မတွေးနဲ့တော့၊ စိစိ ချမ်းအေး သေပြီပဲ'

လီလီသည်ထိုင်ရာမှထကာ အိပ်ခန်းထဲသို့ပြေးဝင်သွားသည်။

သူမအား မည်ကဲ့သို့ အားပေးစကားပြောပြီး မည်ကဲ့သို့ ချော့မော့ရမည်ကို ရှုဖုန်းရှိ ကောင်းကောင်းသိသည်။

ထို့ကြောင့်....

ရှုဖုန်းရှိသည် အိပ်ခန်းထဲသို့ လိုက်ဝင်သွားတော့သည်။

အခန်း (၂၀)

အိမ်များကို တိုဘစ်စုသည်တစ်စု ဆောက်လုပ်ထားသော ပြောင်းတောကျေးရွာသည် ခြောက်ကပ်ကပ် နိုင်လှပေသည်။

ပြောင်းတောကျေးရွာသည် လယ်ယာကိုင်းကျွန်း လုပ်စား သူများဖြစ်သည်။

မိုးလင်းကမိုးချုပ် လယ်ထဲကိုင်းထဲ၌သာ ရှိကြသည်။

ဟော့ဆန်းကိုးသည် သူ၏မြင်းကို လမ်းခွဘစ်နေရာတွင် ရပ်တန့်လိုက်ပြီး ကျေးရွာဝန်းကျင်ကိုအကဲခတ်ကြည့်ရှုလိုက်သည်။

ကလေးတစ်ယောက်က ဟော့ဆန်းကိုးအနီးမှ ဖြတ်သွား၍....

'ဟော့....ဇာလေး'

ကလေးက လှည့်ကြည့်သည်။

'ဗျာ....'

'ဒီရွာမှာ လေ့ဖီးဆိုတာ ရှိလားကွ'

ကလေးက ခေါင်းယမ်းပြီး မသိကြောင်းပြောကာ ထွက်သွားသည်။

ဟွေ့ဆန်းကိုးသည် ရှေ့ဆက်ပြီး သူ၏မြင်းကို မှန်မှန်ကလေး စီးလာသည်။

အမျိုးသမီးတစ်ယောက်ကို ထပ်မံတွေ့ရသည်။

'အစ်မကြီး၊ ဒီရွာက လေ့ဖီးဆိုတာ မသိဘူးလားဗျ'

အမျိုးသမီးကြီးသည် အံ့ဩသလို ဟွေ့ဆန်းကိုးအား မော့ကြည့်လိုက်လေသည်။

ဟွေ့ဆန်းကိုးက မြင်းပေါ်မှဆင်းလိုက်၏။

'လေ့ဖီးကို သိပါတယ်၊ ဒါပေမယ့် သူမရှိဘူး'

'ဘယ်သွားလဲ'

'ခါတိုင်းတော့ ဘယ်မှ မသွားတတ်ပါဘူး၊ ခုတလော တတော့ ဒီရွာမှာ မရှိတာအမှန်ပဲ၊ နောက်ပြီး သူ့ကို—'

အမျိုးသမီးကြီးသည် စကားကို မတင်မကျ ဖြတ်ထားပြီး လှမ်းထွက်သွားရန် ဟန်ပြင်လိုက်သည်။

'နေပါဦး အစ်မကြီး၊ နောက်ပြီး သူ့ကို ဘာဖြစ်သလဲ'

ဟွေ့ဆန်းကိုးက မရမက ပြန်မေးသည်။



'မနေ့ကလဲ လူတစ်ယောက် လာမေးသေးတယ်'

ဆန်းကိုး စိတ်ထဲတွင် အနည်းငယ်လှုပ်ရှားသွားသည်။

'မနေ့ကလား၊ ဟိုလွန်ခဲ့တဲ့ သုံးလေးရက်လောက်ကလား'

လွန်ခဲ့သော သုံးလေးရက်လောက်က ဆန်းကိုးအား သူ့တပည့်များကို စုံစမ်းခိုင်းခဲ့သေးသည်။

အမျိုးသမီးကြီးက....

'ဟိုလွန်ခဲ့တဲ့သုံးလေးရက်ကလဲ သူ့ကိုလာမေးတဲ့ လူတွေက အများကြီးပါပဲ၊ နေပါဦးရှင့် ဒီလူဘာဖြစ်ခုခုများ လုပ်ထားလို့လား'

အမျိုးသမီးသည် လေ့ဖီးအကြောင်းနှင့်ပတ်သက်၍ စပ်စုချင်လာသည်။

'သူ ဘာမှမဖြစ်ပါဘူး၊ လာမေးတာက သူ့မိတ်ဆွေတွေပါ၊ သူက တစ်ယောက်တည်းပဲနေသလား၊ မိန်းမ မရှိဘူးလား'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူကတစ်ယောက်တည်းသမားပဲ၊ ဒါပေမယ့် ဒီရွာက သူ့ကိုသိပ်ပြီး မနှစ်သက်ပါဘူး'

ဟွေ့ဆန်းကိုး မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့ မနှစ်သက်တာလဲ'

အမျိုးသမီးသည် လွှေဖီးကို လုံးဝမနှစ်သက်ဟန်ဖြင့် နှာခေါင်း ရှုံ့လိုက်လေသည်။

'အရက်ကို စချိန်ပြည့်သောက်ပြီး သူများသားမယားကို လိုက်စော်ကားချင်နေတဲ့လူကို ဘယ်သူက ကြည်ဖြူမှာလဲရှင့်'

'ဟုတ်တာပေါ့၊ သူဗီမှာ ဘယ်နှစ်ကြိမ် ကျူးလွန်ဖူးလဲ'

'ကျွန်မ ကြားသိရသလောက်တော့ သုံးလေးခါပဲ၊ ဒါနဲ့ ရှင်တာလဲ ဘုရင့်တပ်သား တစ်ယောက်ပဲနဲ့တူတယ်၊ မနေ့ကလဲ ဘုရင့်တပ်သား တစ်ယောက် လာမေးသွားသေးတယ်'

ဟွေဆန်းကိုး၏မျက်ခုံးသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

သူမပြောသည်မှာ ဘုရင့်တပ်သားအမှန် ဖြစ်နိုင်ပါမလား။

'မနေ့က ဘုရင့်တပ်သားဟုတ်လား၊ သူဘာ တပ်မှူးဝတ်စုံကို ဝတ်ထားလို့လား'

အမျိုးသမီးက ခေါင်းယမ်းလိုက်သည်။

'ရိုးရိုးအဝတ်အစားနဲ့ပါပဲ၊ သူ့ကိုယ်သူ တပ်မှူးပါလို့ ပြောသွားတာပဲ'

'ဘယ်လိုပုံစံမျိုးလဲ'

'ဝတ်စုံကတော့အစိမ်းပုပ်ရောင် ဝတ်စုံနဲ့ပဲရှင့်၊ နှီးခမောက် အပြားကြီးကို ဆောင်းထားတယ်'



'ဟိုက်....'

ဟွေဆန်းကိုး အာမေဋိတ်သံလေး မသိမသာပေါ်ထွက်သွားသည်။

ထိုလူက သူ၏ရန်သူတော် တြိဂံခါးသမားပဲ ဖြစ်ရမည်ဟု သိလိုက်သောကြောင့် ဖြစ်လေသည်။

ဤငနဲကြီး လွှေဖီးကိုသတ်ဖို့လိုက်ရှာနေခြင်းသာ ဖြစ်ရမည်ကို အတတ်သိလာသည်။

လက်ဦး သွားတော့မည်လားဟု စိတ်ထဲ၌ လှုပ်ရှား လာမိသည်။

'သူ့ကို ခင်ဗျား ဘာပြောလိုက်သေးလဲ'

'တချို့က လွှေဖီး ပြောင်းခင်းတွေထဲမှာ ရှိတယ်လို့ပြောသံကြားတာနဲ့ ကျွန်မလဲ အဲဒီဘက်ကို ညွှန်လိုက်တယ်'

'သွားပြီ၊ ငါနောက်ကျပြီနဲ့တူတယ်' ဟွေဆန်းကိုး စိတ်ထဲမှ ရေရွတ်လိုက်၏။

'အဲဒီပြောင်းခင်းတွေက ဘယ်မှာလဲဗျ'

အမျိုးသမီးက အရှေ့ဘက်ဆီသို့ လက်ညှိုးညွှန်ပြသည်။

'အဲဒီတောင်ခြေတစ်ဝိုက်မှာ ပြောင်းခင်းတွေ ချည်းပဲရှင့်'

'ဟုတ်ကဲ့....အစ်မကြီးကို အများကြီးကျေးဇူးတင်ပါတယ်'

ဆန်းကိုးသည် သူ၏မြင်းကို အရှေ့ဘက်ဆီသို့ ဦးတည်လိုက်သည်။

* * *

တဟူးဟူးတိုက်ခိုက်နေသည့် လေနှင့်အတူ ပြောင်းပင်များ သာ ယိမ်းနွဲ့လှုပ်ရှားနေသည်။

ကြီးမားကျယ်ပြန့်သော ပြောင်းခင်းကြီးများသည် ကို စန်း တောင်တန်းကြီးကို ပိုး၍လှပအောင် တန်ဆာဆင်ထား လေသည်။

ပြောင်းခင်းပိုင်ရှင်များသည် သူ့အကွက်နှင့် သူ တဲအိမ် အလေးများ ဆောက်လုပ်၍နေထိုင်ကြသည်။

ပြောင်းလိုက်ခြင်း၊ မြေဩဇာကျွေးခြင်း အလုပ်များကို ကိုယ်စီကိုယ်င လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

တချို့က အလုပ်လုပ်ကိုင်းရင်းမှ ဟွေ့ဆန်းကိုးအား ခေါင်းထောင်၍ လှမ်းကြည့်ကြသည်။

ပြောင်းခင်းများ လွန်လာသောအခါ တောင်ခြေတွင် တဲအိမ်အချို့ကို တွေ့ရပြန်သည်။

ထိုတဲများက သစ်ဝါး ခုတ်၍ စီးပွားရှာနေသူများ နေထိုင်သည့် တဲအိမ်များ ဖြစ်သည်။

ဟွေ့ဆန်းကိုးသည် ထိုတဲအိမ်များကို အကဲခတ်၍ ကြည့်ရှုနေစဉ်မှာပင် မြင်းတစ်ကောင်သည် တောတန်းကိုဖြတ်၍ ပြေးလွှားသွားသောကြောင့် ဟွေ့ဆန်းကိုးက လှမ်းကြည့်လိုက်လေသည်။



ဟွေ့ဆန်းကိုးသည် မြင်းပေါ်တွင် လိုက်ပါသွားသည့်သူ၏ နှီးခမောက်ကြီးကို မြင်တွေ့လိုက်သည်နှင့် ဘာမှ စဉ်းစားခြင်း မပြုတော့ဘဲ တစ်ဟုန်ထိုး ပြေး၍ လိုက်လေတော့သည်။

* * *

ဤအနီးအနား တစ်ဝိုက်မှာပင် မျက်ခြည်ပြတ်သွားသည်။

ဟွေ့ဆန်းကိုးသည် သူ၏မြင်းကို ရပ်တန့်ပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို မျက်တောင်မခတ်ဘဲ ငြိမ်သက်စွာ စောင့်ကြည့် နေသည်။

သူ၏ ညာဘက်လက်က ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။

တောကျီးကန်းအချို့၏ လန့်ဖျပ် အော်ဟစ်သံမှ အပ တောတန်းကလေး တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

ထိုစဉ် ဟွေ့ဆန်းကိုးသည် ခပ်လှမ်းလှမ်း ချုံဖုတ်အနီးတွင် မြင်းကို ရပ်တန့်ကာ မိမိအား စူးစူးစိုက်စိုက်ကြည့်နေသည့် ကြိုဂံဓားသမားကို တွေ့လိုက်ရတော့သည်။

ဟေ့ဆန်းကိုးကလည်း ခပ်တည်တည်နှင့် ရဲရဲဝံ့ဝံ့ စူးစိုက်ကြည့်လိုက်၏။

'မင်းက တော်တော် အမှတ်သည်းခြေ မရှိတဲ့ကောင်ပဲ၊ မင်း ငါ့ကိုယှဉ်ချင်ရင် ငါးနှစ်လောက် ပြန်လေ့ကျင့်လိုက်ဦး'

မိမိကို တွေ့နေသော်လည်း တိုက်ခိုက်ခြင်း မပြုသဖြင့် အံ့ဩမိသော်လည်း သူ၏စကားကြောင့် ဟေ့ဆန်းကိုး ဒေါသထွက်သွားသည်။

ဟေ့ဆန်းကိုးသည် သူ၏မြင်းကို လေးငါးလှမ်းလောက် ရှေ့သို့ တိုးစေလိုက်သည်။

တြိဂံဓားသမားကတော့ တုတ်တုတ်မျှမလှုပ်။

'ခင်ဗျား လှေ့ဖီးကို သတ်ပြီးပြီလား'

ထိုလူသည် ဟေ့ဆန်းကိုးအား ကြည့်၍ စိတ်မောသလို အက်ပြင်းတစ်ချက် ချလိုက်သည်ကို တွေ့ရသည်။

'ခက်တယ်'

ဟေ့ဆန်းကိုးက မျက်မှောင်ကြုတ်၍....

'ဘာခက်တာလဲ'

'မင်းတို့ ငါ့အလုပ်မှာ လိုက်ရှုပ်နေရင်တော့ ငါ့အဆိုးမဆိုနဲ့နော်၊ မင်းရဲ့သင်္ချိုင်းဟာ ဟောဒီနေရာ ဖြစ်သွားလိမ့်မယ်'



တြိဂံဓားသမားကြီးသည် ကြွားဝါ ခြိမ်းခြောက်နေခြင်း မဟုတ်သည်ကို သူသိထားသည်။

အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် တြိဂံဓားသမားကို ရင်ဆိုင်ပါက မိမိမှာ အလွန်အမင်း အားနည်းချက်ရှိနေပေသည်။

ပထမ.... မိမိနှင့် မကြာမီက ယှဉ်ပြိုင်ခဲ့သော်လည်း မိမိသာလျှင် အရေးနိမ့်ပြီး ဒဏ်ရာရရှိခဲ့သည်။

ဒုတိယ.... ထိုရရှိထားသော ဒဏ်ရာသည် လောလောဆယ်အားဖြင့် ကောင်းကောင်းပင် မကျက်တတ်သေးပေ။

မိမိသည် တစ်ဖက်ရန်သူကို မည်သည့်အခါမှ မကြောက်၊ မည်သည့်အခါမှ အရှုံးမပေးချင်။

အရှုံး အနိုင် အပထား။

ယှဉ်ပြိုင်တိုက်ခိုက်ဖို့က မိမိ၏ တာဝန်ဖြစ်သည်။

ယခုပစ္စက္ခအချိန်တွင် ထိုသူ့ထံမှ စကားများများ ပြောသည်ကို လိုလားနေသည်။ သိချင်သော အချက်အလက်များစွာ ရှိနေပေသည်။

'ခက်တယ်ဆိုတာ ခင်ဗျား ဘာကိုပြောတာလဲ'

'မင်းတို့ကိုပြောတာ၊ မင်းတို့ဟာ ငါ့အလုပ်မှာ တော်တော်ကို အနှောင့်အယှက် ပေးနေတယ်'

ဟော့ဆန်းကိုးက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားတို့က ဥပဒေမဲ့ လူ့တွေသတ်နေတာကို ကျုပ်တို့က အသာတကြည် ထိုင်ကြည့်နေရမယ်လို့ ဆိုလိုတာလား'

'ဟော့.... ကျုပ်က ကြေးစားလဲ မဟုတ်ဘူး၊ ပျော်လို့လုပ်နေတာလဲ မဟုတ်ဘူး၊ ကျုပ်အကြောင်းနဲ့ကျုပ် မှတ်လောက်သားလောက်အောင် ဆုံးမနေတာ၊ ဒါကို အနှောင့်အယှက်ပေးရင်တော့ အားလုံးကို သုတ်သင်ပစ်ရမှာပဲ'

'ခင်ဗျား သတ်ဖို့ ဘယ်နှစ်ယောက် ကျန်သေးလဲ၊ ဘယ်သူတွေလဲ'

'မင်းမေးတာတွေကို ဖြေမယ်လို့ မျှား ထင်နေသလား၊ အကောင်းဆုံးက မင်း အလုပ်ကထွက်ပြီး အနားယူနေဖို့ ကောင်းတယ်'

ဟော့ဆန်းကိုး ဒေါသကို မျိုသိပ်ထားသည်။

'ခင်ဗျား လေ့ဗီးကို သတ်ပြီးပြီလား'

'မင်း နားလည်ထားဖို့က အလုပ်ကမထွက်ရင် မကြာခင် ဖိတ်စာပို့လိုက်မယ်၊ အဆင်သင့်လုပ်ထား'

တြိဂံခေါ်းသမားသည် ပြောပြောဆိုဆို မြင်းကိုတစ်ဖက်သို့ လှည့်၍ တောတန်းအတိုင်း ဒုန်းစိုင်း မောင်းပြေးသွားသည်။

ဟော့ဆန်းကိုးသည် ပြေးလိုက်ရန် ဟန်ပြင်ပြီးမှ စိတ်ကို လျှော့လိုက်သည်။



'အေးလေ၊ ခင်ဗျားနဲ့ကျုပ် တွေ့ကို တွေ့ရမှာပါ'

ဟု စိတ်ထဲမှ ကြိမ်းဝါးထားလိုက်လေသည်။

* * *

တြိဂံခေါင်းသမားအား စတင်၍ တွေ့ရသည့်လမ်းအတိုင်း ဟော့ဆန်းကိုး မြင်းကို စီးလာခဲ့သည်။

ထိုသူသည် လေ့ဗီးအကြောင်း လုံးဝမေး၍ မရ။

ဘာကြောင့် သူသည် တိတိကျကျအဖြေမျိုးကို မပေးနိုင်ပါသလဲဟုလည်း တွေး၍ လာခဲ့သည်။

ရှေ့တွင် တဲကြီးတစ်လုံးကို တွေ့နေရသည်။

အနီးအနား၌ အခြား မည်သည့်တဲအိမ်မှ ရှိမနေပါ။

တြိဂံခေါင်းသမား ဤအိမ်ကလေးထဲမှ ထွက်လာခြင်းလား။ ဤတဲအိမ်ထဲတွင် လေ့ဗီး ရှိနေမလား။

ကြီးမားသော စိုးရိမ်မှုဖြင့် ဟော့ဆန်းကိုး တဲအိမ်ထဲသို့ လှမ်းဝင်လိုက်လေသည်။

အုံ့အားသင့်ပြီး မျက်လုံးများ ပြူးသွားတော့သည်။

လူတစ်ယောက်အိပ်နေသည်ကိုတွေ့ရသည်။

သို့သော် အသက်ရှူနေသည်ကိုတော့ မတွေ့ရတော့ပါ။

ထိုလူကား လွှဖီးသာ ဖြစ်ရမည်ဟု ဟျှာဆန်းကိုး ယူဆလိုက်သည်။

'ခြေတစ်လှမ်း နောက်ကျသွားပြန်ပြီ လွှဖီး'ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

တဲအိမ်ထဲသို့ အကဲခတ်ကြည့်သည်။

စားသောက်သည့် ပန်းကန်အချို့နှင့် အရက်ပုလင်းများ တွေ့ရသည်။

လွှဖီးသည် ဤတဲအိမ်၌ လာရောက် ပုန်းအောင်း နေထိုင်သည့် လက္ခဏာမျိုး ဖြစ်နေသည်။



ဤသို့ဆိုလျှင် သူသည် ရန်သူဓားသတ်မည်ကို ကြိုတင်သိနေသူ ဖြစ်ရမည်။

သူ၏အစ်ကို လွှကြီးထံမှ သိရခြင်းလော၊ သို့မဟုတ် ကြိုတင် ဖိတ်စာကြောင့် သိရှိခြင်းလော။

ဟျှာဆန်းကိုးသည် အမျိုးမျိုး စဉ်းစားရင်း လွှဖီး၏ အလောင်းနားတွင် ဒူးထောက် ထိုင်ချကာ အလောင်းကို စစ်ဆေးသည်။

လွှဖီး၌အပေါ်အင်္ကျီ လုံးဝမရှိ၊ အနားတွင် ပုံလျက်သား တွေ့ရ၏။

မြက်ဖျာပေါ်တွင် သောင်းဘီကလျော့တိလျော့ရဲဖြစ်နေပြီး ကွေးကွေးကလေး အသက်ထွက်နေသည်။

ဟျှာဆန်းကိုး အံ့သြရသည်မှာ လွှဖီးသည် အခြားဒဏ်ရာ လုံးဝမရှိဘဲ လည်ပင်း၌သာ သုံးမြွှာငင့်သံချွန်နှင့်ထိုးထားသည့် ဒဏ်ရာကိုတွေ့ရပြီး ရင်ဘတ်တွင် ထုံးစံအတိုင်း ဩဂ ပုံသဏ္ဌာန်ကို ခေါးဦးနှင့် ရေးခြစ်သွားသေးသည်။

အတော့်ကိုထူးဆန်းသည်။

လူသတ်သမားသည် ခြေတို့လက်တို့ ကြိုးနှင့် မတုပ်ဘဲ လည်မျိုကို သံချွန်နှင့်ထိုးသတ်နိုင်သည်မှာ အံ့သြစရာပင်။

လွှဖီး အိပ်ပျော်နေသလား။

သို့မဟုတ် မေ့မျှော်သည့်ဆေးဝါးတွေ စားထားသလား။

ဒါမှမဟုတ် မြေနှင့်တွေ့ရသည့်ဖားကဲ့သို့ အသားတကြည့်ပင် လည်စင်းပေးခဲ့လေသလား။

မည်သူမှ ဒီလိုအလုပ်မျိုးကို လုပ်မည်မထင်။

တြိဂံခေါးသမားကြီးသည် လေ့ဖီးအား ပူးပူးကပ်ကပ် ပေါင်းပြီး မေ့ဆေးကြောက်နှိပ်မည်။ ပြီးမှ ယခုကဲ့သို့ စိမ်ပြေနပြေ သတ်မည်။

ထိုနည်းလမ်းမှ လွဲ၍ အခြားမရှိ။

နောက်တစ်နည်းမှာ ယွမ်ပြောသကဲ့သို့ ကာမဆန္ဒ ပြင်းပြ နေချိန်မှာ အမျိုးသမီးက ထိုးသွင်းသွားလျှင် ဖြစ်နိုင်သည်။

ယခုတော့ အမျိုးသမီးကို မတွေ့ရ၊ တြိဂံခေါးသမားကြီး ကိုသာ တွေ့ရသည်။

တစ်ခုတော့ တော်သေးသည်ဟု ဆိုရမလားပဲ၊ လူသတ်မှု က ဒီတောထဲ၌ လာဖြစ်နေ၍သာ၊ ကျုံကွမ်းမြို့ထဲ၌သာ ဆိုလျှင် ယခုလောက်ဆို ပွက်လောရိုက်နေပေရော့မည်။

ဟော့ဆန်းကိုးသည် အေားတွင်ပုံထားသော အင်္ကျီကို တစ်ချက် လှမ်းကြည့်ပြန်သည်။

ထိုအင်္ကျီကို လေ့ဖီး ဘာကိစ္စ ချွတ်ထားသနည်း။

သူသည် အမျိုးသမီးတစ်ဦးနှင့်အိပ်ရန် အစီအစဉ် ရှိနေ၍ လား။



ဒါမှမဟုတ် လောလောဆယ် အမျိုးသမီးနှင့် ချစ်တင်း နှီးနှောနေတုန်း တြိဂံခေါးသမား အမျိုးသမီးက သတ်သွား ခြင်းလား။

လူသတ်မှုဖြစ်တိုင်း သံသယများက တစ်ထွေးကြီး ကျန်ရစ် ခဲ့သည်။ ယောကျ်ား၏ လက်ချက်လိုလို၊ မိန်းမ၏ လက်ချက် လိုလို ဘယ်ဟာကို အတည်ပြုရမှန်း မသိအောင် ဆုံးဖြတ်ရ ခက်လှသည်။

လူဝင်လူထွက် မေးမြန်းစုံစမ်းစရာကလည်း ပတ်ဝန်းကျင် တွင် အိမ်တစ်အိမ်မှမရှိ၊ သက်ရှိလူသားဟူ၍လည်း တစ်ယောက် မှ မတွေ့ရ။

ဟော့ဆန်းကိုးသည် အလောင်းနားတွင် ထိုင်နေရာမှ အက်ပြင်းတစ်ခုကို ရှည်လျားစွာ ချလိုက်လေသည်။

ထို့နောက် သူသည် တဲအတွင်းမှ လေးကန်စွာ ထွက်လာ ခဲ့သည်။

လေ့ဖီး၏ အလောင်းအား သင်္ဂြိုဟ်ရန် ပြောင်းတောရွာ သားများကို တာဝန်ပေးရဦးမည် ဖြစ်လေသည်။

* * *

အချို့က အတော်ပင် ဝမ်းသာသွားသည်။

'ကောင်းတယ်၊ တစ်နေ့နေ့ ဒီကောင် ဒီလိုပဲ ဖြစ်လိမ့်မယ် ဆိုတာ အသိသားပဲ'

'စောစောသေတော့ လူဆိုးတစ်ယောက် စောစောရှင်း သွားတာပေါ့'

'ဟာ....ဒီကောင်က စိတ်ထားကောင်းပါတယ်၊ ဘယ်လို ဖြစ်တာပါလိမ့်'

ထိုသို့ နှမြောတသသူများက လှဖိုး၏ သောက်ဖော် သောက်ဖက်များသာ ဖြစ်ပေလိမ့်မည်။

ဟွေဆန်းကိုးက ထိုလူများကို သင်္ဂြိုဟ်ဖို့ တာဝန်ပေး လိုက်လေသည်။

ကျုံကွမ်းမြို့တော်၏ နယ်ထိန်း အာဏာသားတစ်ယောက် က ပြောသည်မို့ ဘယ်သူမှ မလွန်ဆန်ရဲကြပေ။

သူတို့သည် ပေါက်တူးများထမ်း၍ အလျှိုအလျှိုထွက်သွား ကြတော့သည်။

ဟွေဆန်းကိုး ပြောင်းတောရွာမှ ထွက်လာသည့်အခါ အတော်ကလေး နေစောင်းနေပြီ ဖြစ်သည်။



သူ၏ ရှေ့ကိုက်တစ်ရာခန့်တွင် မြင်းတစ်ကောင်ကို တွေ့ရ သဖြင့် ဟွေဆန်းကိုးသည် အဖော်ရရှိရန် ခပ်သွက်သွက်ကလေး လိုက်သွားသည်။

မကြာမီ ထိုမြင်းကိုမီလာသောအခါ ဟွေဆန်းကိုး အံ့အား သင့်သွားလေသည်။

အခြားသူမဟုတ်ပါ။

ကျောင်းဆရာမလေး ဝေ့ယမ်းယမ်း ဖြစ်နေပေသည်။

* * *

'အို....ဘယ်သူများ နောက်က လိုက်လာပါလိမ့်လို့ ကျွန်မ ဖြင့် ထိတ်သွားတာပဲ၊ ဆရာဆန်းကိုးမှန်း သိလိုက်ရမှ ရင်ထဲ အေးသွားတော့တယ်'

ကျုံကွမ်းနှင့် ပြောင်းတောကျေးရွာက အတော်ကလေး အလှမ်းကွာသည်။

ဝေ့ယမ်းယမ်း ဘာလာလုပ်ပါလိမ့်ဟု သူက တွေးမိသည်။

'ဆရာမ ဘယ်ကပြန်လာလဲ'

ဝေ့ယမ်းယမ်းက ပြုံး၍....

'ဆရာဆန်းကိုးတို့ဟာ လူတစ်ယောက်ကိုတွေ့ရင် မယုံသင်္ကာမျက်လုံးတွေနဲ့ကြည့်ပြီး မေးတော့တာပဲ'

'ဟာ....ကျုပ်က ရိုးရိုးသားသားမေးတာပါဗျာ၊ ဒီလမ်းခရီးမှာ အဖော်မပါ တစ်ယောက်တည်းမို့ အံ့သြနေမိတာပါ'

'ကျွန်မကျောင်းက ကလေးတစ်ယောက်ရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဒီရွာကို ခဏလာတာပါ၊ ဒါနဲ့ ဆရာဆန်းကိုးက ဘယ်အချိန်ကဘည်းက ဒီကိုရောက်နေတာလဲ၊ ရွာထဲမှာ ကျွန်မ မမြင်မိပါဘူး'

'ကျုပ် မနက် စောစောကတည်းက လာတာပါဗျာ၊ ပြောင်းတောရွာကနေ ဟိုဘက် ပြောင်းခင်းတွေအထိ ရောက်သွားတယ်'

သူမက မျက်မှောင်လေးကြုတ်၍....

'ဟင်....အဝေးကြီးပါလား၊ အဲဒီမှာ ဘာတွေ ရှိလို့လဲ'

ဟေ့ဆန်းကိုးက စိတ်ပျက်သလို ခေါင်းကို ယမ်းခါလိုက်သည်။

'မပြောချင်ဘူး ဆရာမရေ၊ တြိဂံခေါးသမားက အဲဒီမှာ ပုန်းနေတဲ့ လူတစ်ယောက်ကို သတ်ဖြစ်အောင် သတ်သွားသေးတယ်'



ဝေ့ယမ်းယမ်းသည် သူမ၏မြင်းနှင့် ဟေ့ဆန်းကိုး၏ မြင်းကိုယှဉ်၍ မှန်မှန်ကလေး စီးနင်းလာသည်။

သူမသည် ဟေ့ဆန်းကိုး စကားကြောင့် အံ့သြထိတ်လန့်သလို ဖြစ်သွားသည်။

'ဟာ.... ဒါဆို ရှင့်စိတ်ထဲမှာ ကျွန်မကို တြိဂံခေါးသမားလို့သာ သတ်မှတ်လိုက်ပေတော့'

ဝေ့ယမ်းယမ်းက ပြောပြီး ရယ်နေသည်။

ဟေ့ဆန်းကိုးက ခေါင်းယမ်း၍....

'ဆရာမက ဟုတ်ပါတယ်လို့ ကျိန်တွယ်ပြောလဲ ကျုပ်က မယုံပါဘူးဗျာ၊ ဟိုမှာ တြိဂံခေါးသမားကို မျက်ဝါးထင်ထင် တွေ့ခဲ့ရတာပဲ'

သူမက ဆတ်ခနဲ ဟေ့ဆန်းကိုးအား ကြည့်ကာ....

'လူသတ်သမားနဲ့ ဆုံခဲ့တယ် ဟုတ်လား'

'ဟုတ်တယ်၊ ခြေတစ်လှမ်း နောက်ကျသွားတယ်ဗျာ၊ နို့မို့ လေ့ဖီးဆိုတဲ့လူ သေမှာ မဟုတ်ဘူး'

ဟေ့ဆန်းကိုးသည် မြင်းကို ခပ်မှန်မှန်ပင် မောင်းနှင် လျက်မှလေ့ကြီးနှင့်လေ့ဖီးဆက်စပ်နေပုံနှင့်တြိဂံခေါးသမား၏ အကြောင်းများကို ဝေ့ယမ်းယမ်းအား ပြောပြလာခဲ့သည်။

ဝေ့ယမ်းယမ်းသည် စိတ်ဝင်စားစွာဖြင့် နားစိုက်ထောင် နေသည်။

ဟော့ဆန်းကိုး ပြောပြသည့် စကားများ ဆုံး သွားသော အခါ....

'ရှင့်ကို တြိဂံ ဓါးသမားက ဘာဖြစ်လို့ မတိုက်ခိုက်တော့ တာလဲ၊ သူက ရှင့်ကို ယှဉ်ဝံ့လို့တော့ မဟုတ်ဘူးနဲ့ တူတယ်'

ဟော့ဆန်းကိုးက မျက်နှာမဲ့၍....

'ဘယ်ကမယှဉ်ပံ့လို့ဟုတ်ရမှာလဲ၊ ကျုပ်သတိထားမိတာက တော့ သူဟာ ကျုပ်တို့နဲ့ ရန်မဖြစ်ချင်ဘူး၊ ကျုပ်တို့ကို သူ့ အလုပ်ထဲဝင်မရှုပ်စေချင်ဘူးလို့ ပြောတယ်၊ ဒါပေမယ့် သူ့ကို ကျုပ်တို့က ခွင့်မလွှတ်နိုင်ဘူး၊ သူဟာ တပ်မှူးကြီးကျင်းဖိန် ကိုလဲ သတ်ထားတယ်၊ ကျုပ်နဲ့ဝမ်ပါးလဲ သူ့လက်ချက်နဲ့ မသေခဲ့လို့သာပဲ၊ ဒီတော့ သူဟာ ကျုပ်တို့ရဲ့ အဓိက ရန်သူ ဖြစ်နေပြီ'

'ဟုတ်ပါရဲ့ရှင်၊ ဒါနဲ့ ဝမ်ပါး အတော်နေကောင်းသွား ပြီလား'

'ကောင်းနေပါပြီ၊ ဒါပေမယ့် အရက်နှစ်ဆယ် တစ်လ တော့ သူ ဘာမှ လုပ်နိုင်ဦးမယ်မထင်ဘူး၊ သူက ဆရာမကိုလဲ ကျေးဇူးတင်နေပါတယ်၊ ဆရာမဆီ လာလည်ပါလိမ့်မယ်'

ရုတ်တရက် ဆရာမမျက်နှာ နီသွားပြန်သည်။



ဆမှတ် ၁၅/၁၃၈၊ ၆ ... ၂၁၇၄၄

နှစ်ယောက်စလုံး စကားဆက်ပြတ်သွားပြီး မြင်းကိုသာ ရှေ့တူရှုသို့ မှန်မှန်လေး မောင်းနေကြသည်။

အတန်ကြာမှ ဟော့ဆန်းကိုးသည် ကြုံတုန်းကြုံခိုက် ဝေ့ယမ်းယမ်းအား မေးစရာရှိသည်တို့ကို မေးဦးမှပဲဟု စိတ်ကူး ရသွားသည်။

'ဒါနဲ့ ဆရာမ၊ ချင်ချင်ဂေဟာမှာ ဆရာမ တော်တော် ကြာခဲ့တယ်နော်၊ သမားတော်ကြီး ချင်ချင်တို့ ညီအစ်ကိုဟာ ဆရာမကို တော်တော် သံယောဇဉ်ရှိနေကြတာပဲ'

ဝေ့ယမ်းယမ်းက ခေါင်းကို ညိတ်လိုက်သည်။

ပြီးမှ သူမ၏ အကြောင်းများကို ဟော့ဆန်းကိုးအား အသေးစိတ် ပြောပြနေသည်။

သူမသည် ကျုံကြွမ်း၌ ဆွေမျိုးသားချင်း မရှိပေ။

သူမမှာ ငယ်စဉ်က အတော်ပင် အတိဒုက္ခ ရောက်ခဲ့သည်။

ထိုစဉ် မမျှော်လင့်ဘဲ သမားတော်ကြီး ချင်ချင်တို့၏ ဂေဟာသို့ ရောက်လာခဲ့လေသည်။

ချင်ချင်သည် သူမ၏ဘဝကိုသနားပြီး ပထမတွင် အခြား ဝေယျာဝစ္စများကိုခိုင်းစေ၍ အစားအသောက် ကျွေးထား သည်။

တစ်နှစ်မျှကြာသော် လူနာမှတ်တမ်း ပြုစုသည့်နေရာတွင် အလုပ်ခန့်ထားလိုက်ပြီး သူမအတွက် ထိုက်သင့်သော လစာ များကို ပေးကမ်းခဲ့သည်။

ထိုအခါသူမသည် သီးသန့်နေထိုင်ပြီး အလုပ်လုပ်ခဲ့သည်။

ကြာသော် ထိုအလုပ်သည် သူမအဖို့ လွတ်လပ်မှုမရှိဟု ထင်ပြီး ကျောင်းဆရာမအလုပ်ကို ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

'ဆရာမကို ကျုပ် နည်းနည်းလောက် မေးကြည့်ချင်တယ်ဗျာ'

'ဘာမေးမှာလဲ'

'အခုပျောက်နေတဲ့မှတ်တမ်းဟာ စိစိချွမ်း ဟုတ်လား'

'ဟုတ်ကဲ့'

'စိစိချွမ်းကိုဆေးကုသဖို့ခေါ်လာတာ တပ်မှူးရှုဖုန်းရိနော်'

'ဟုတ်ကဲ့....အဲဒါတော့ ကျွန်မကောင်းကောင်း မှတ်မိပါတယ်'

'စိစိချွမ်းဟာ ရှုဖုန်းရိရဲ့ အမျိုးလား'

'အမျိုးတော့ ဟုတ်မယ်မထင်ဘူး၊ ဆရာဆန်းကိုးတို့က ညီအစ်ကိုလိုနေကြတာပဲ၊ သူ့ကို မေးမကြည့်ဘူးလား'

'မေးကြည့်ဖို့ပဲ၊ လူချင်းတောလဲမဆုံသေးလို့ပါ၊ အဲဒီစိစိချွမ်းရဲ့ ရောဂါလက္ခဏာအကြောင်းကို ကျွန်တော်သိချင်တယ်ဗျာ၊ ဆရာမ မှတ်မိသလောက်ပေါ့'

ဝေ့ယမ်းယမ်းက....



'စိစိချွမ်းဟာ ရုပ်တော့နည်းနည်းဆိုးတယ်ရှင့်၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ မဆိုးလှပါဘူး၊ ခက်တာက ကျွန်မအာသမားတော်ပြောပြတဲ့အတိုင်း မှတ်တမ်းတွေကို ရေးထားရတာပဲရှိတယ်၊ လူနာဆောင်တွေမှာ ဘာဖြစ်တယ်ဆိုတာ ကျွန်မမသိဘူး၊ သူတို့နဲ့ နီးနီးကပ်ကပ်နေရတာက အဆောင်မှူးတို့၊ လူနာထိန်းတို့ကမှ လူနာတွေရဲ့ အကြောင်းကို ပိုသိမှာ'

ဟွေ့ဆန်းကိုးက ခေါင်းညိတ်သည်။

'အင်း....ဟုတ်သားပဲ၊ ဆရာမက မှတ်တမ်းရေးပြီးထိန်းသိမ်းထားရတဲ့တာဝန်ပဲ၊ အေးဗျာ အဲဒီစိစိချွမ်းမှတ်တမ်း ဘာလို ပျောက်ဆုံးနေရတာလဲဆိုတာ ကျုပ်တို့က စဉ်းစားတဲ့အခါမှာ ဘယ်လိုအဖြေရသလဲဆိုတော့ ဒီမှတ်တမ်းကို ကျွန်တော်တို့ စစ်ဆေးမှာမလိုလားလို့၊ စိစိချွမ်းရဲ့ ရောဂါလက္ခဏာကို မသိစေချင်လို့ ခိုးယူဖျောက်ဖျက် ပစ်လိုက်တာပဲလို့ ယူဆတယ်၊ မဖြစ်နိုင်ဘူးလား'

ဝေ့ယမ်းယမ်းက ပခုံးကလေး တွန့်လိုက်သည်။

'ဆရာဆန်းကိုးတို့ ကိစ္စထဲမှာ ကျွန်မ ဘယ်လိုမှ ထင်မြင်ချက် မပေးတတ်ဘူး'

မှန်သည်၊ ဝေ့ယမ်းယမ်းကမည်သို့မှ ထင်မြင်ချက်ပေးမည်မဟုတ်။

သည်အကြောင်းကို သည်ကိစ္စကိုလည်း သူမ စိတ်ဝင်စားချင်မှ ဝင်စားပေမည်။

သူတို့သည် စကားတပြောပြောနှင့်လာခဲ့ရာ နေလုံးပျောက်သည်နှင့် ကျုံကွမ်းမြို့ထဲသို့ ရောက်ခဲ့ကြသည်။

အခန်း (၂၁)

လီလီသည် ရှုပ်ပုန်းရိခရီးထွက်သွားသည်နှင့် ကျောင်းဆရာမ ဝေ့ယမ်းယမ်းထံသို့ အလည်အပတ် ရောက်ရှိလာတော့သည်။

လီလီသည် အစတွင်မတွင် ဝေ့ယမ်းယမ်းကို ဤမျှခင်မင်ခြင်းမရှိသော်လည်း သားလေးရှအန်းလုအား ဝေ့ယမ်းယမ်းထံသို့ အပ်နှံပြီးသောအချိန်မှစ၍ သူမတို့နှစ်ဦးသည် ပို၍ခင်မင်လာကြသည်။

နောက်ဆုံး တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာအထိ ဖြစ်လာကြသည်။

ဝေ့ယမ်းယမ်းကလည်း ဆွေမျိုးသားချင်း မရှိသည်မို့ လီလီကို ညီအစ်မအရင်းကဲ့သို့ ခင်မင်လာသည်။

လီလီကလည်း ထိုအတိုင်းပင် ဖြစ်သည်။

ဝေ့ယမ်းယမ်းသည် လီလီ မည်သည့် အချိန်ပဲ လာလာ၊ ဝမ်းသာပျော်ရွှင်စွာဖြင့် ညှော်ခံလေ့ရှိသည်။

ယခုလည်း၊ လီလီရောက်ရှိလာသည်နှင့် ဝေ့ယမ်းယမ်းသည် ကောင်းမည်ထင်ရသော အစားအသောက်များကို ရွေးချယ် ချက်ပြုတ်၍စားကြသည်။

စားသောက်ပြီးသည်နှင့် ဝေ့ယမ်းယမ်းက ရှအန်းလုအား အနည်းငယ်စာပြပေးပြီး ကစားစရာအရုပ်များနှင့်စိတ်တိုင်းကျ လွှတ်ထားလိုက်သည်။

သူတို့နှစ်ယောက်က မဆုံးနိုင်သော စကားများကို ဖောင် ဖွဲ့၍ ပြောဆိုနေကြသည်။

သို့သော် ဝေ့ယမ်းယမ်း၏ စိတ်ထဲတွင် လီလီကို ကြည့်ရ သည်မှာ ခါတိုင်းလို ပျော်ရွှင်ခြင်း သိပ်မရှိဟု ထင်မိသည်။

လီလီသည် တစ်စုံတစ်ခုကြောင့် စိတ် ညစ် နေ သ လား၊ သို့မဟုတ် လီလီ့မှာအကြံအစည်တစ်ခုခုများ ရှိနေသည်လားဟု ထင်မိလေသည်။

'လီလီ၊ ခုတလော နင့်ကို ကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ် နေသလဲ ပြောစမ်း'

'ဘာမှ မဖြစ်ပါဘူးကွာ၊ တစ်ခါတစ်ခါတော့လဲ ရှဖုန်းရဲ့ အကြောင်းကိုတွေးပြီး စိတ်မကောင်းလို့ပါ'



ဝေ့ယမ်းယမ်း မျက်မှောင်ကြုတ်လိုက်သည်။

'ရှဖုန်းရဲ့ ဘာဖြစ်လို့လဲ'

လီလီက သက်ပြင်းချလိုက်သည်။

'ခုတော့ ဘာမှမဖြစ်သေးပါဘူး၊ ဒါပေမယ့်တစ်နေ့နေ့မှာ သူ တစ်ခုခု ဖြစ်မလားလို့'

ဝေ့ယမ်းယမ်းက လီလီ၏ မျက်နှာကို လှမ်းကြည့်ကာ ပြုံးလိုက်လေသည်။

'နင်ဟာလေ၊ ပူစရာမရှိ တွေးပြီးပူနေတယ်၊ ဘာလဲ ရှဖုန်းရဲ့ နောက်မိန်းမယူမှာကိုလား၊ ဒါမှမဟုတ်ကောင်မတွေနဲ့ ရှုပ်နေ လို့လား၊ အဲဒါတော့ စိတ်ချ၊ တခြား ယောကျ်ားတွေတော့ ငါမသိဘူး၊ ရှဖုန်းရဲ့လိုလူမျိုးကတော့ မိန်းမနဲ့ပတ်သက်လာရင် ဘယ်လောက်အထိ စည်းစောင့်တယ်ဆိုတာ ငါ သိပါတယ်၊ နင်နဲ့ ညားတာတောင် ဘယ်လိုလုပ်ပြီး ညားတယ်ဆိုတာ စဉ်း စားလို့ မရဘူး'

'နင် ဘာတွေ ပြောနေတာလဲ ဝေ့ယမ်းယမ်း'

ဝေ့ယမ်းယမ်းက လက်ကာ၍....

'နေဦး၊ ငါနင့်ကို ဆက်ပြောလိုက်ဦးမယ်၊ နင်နဲ့မညားခင် ကတည်းကသူ့ကိုငါသိတာပါ၊အဲဒီစီစီချွမ်းကိုလာပို့တဲ့ အချိန် တုန်းကဆိုရင် သူနဲ့ အတော်ရင်းနှီးနေပြီပေါ့၊ သူ့ကို ကြိုက်တဲ့ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲ...ငါလဲ အဲ့ဒီအထဲမှာ

ပါတာပေါ့၊ ဒါပေမယ့် သူက ဘုန်းကြီးပဲ ဝတ်တော့ မလိုလို ပြောနေတာနဲ့ ငါလက်လျှော့လိုက်ရတာ'

ဝေ့ယမ်းယမ်းသည် နောက်သလိုလိုနှင့် အတည်ပေါက် ပြောနေခြင်း ဖြစ်သည်။

လီလီက ကော်ဖီ ဆိုးအောင် နှားထောင်ပြီး ဆက်ပြင်း ချတာ....

'အဲဒါ အကြောင်းမဟုတ်ပါဘူးဟယ်၊ ဒီကိစ္စနဲ့ ပတ်သက် လို့ကတော့ ရှဖုန်းရိကို ခြင်းချက်မရှိယုံကြည်ပြီးသားပဲ၊ မယုံရင် နှင်စမ်းကြည့်ပါလား၊ ကြိုက်ရင် ယူလိုက်၊ ငါ စိတ်မဆိုးဘူး'

ဝေ့ယမ်းယမ်းက ရယ်သည်။

'ဪင်မ တော်ကြာမှ ကျန်ရစ်ဖြာ်နေမယ်နော်၊ ကဲ... ဒါဆိုရင် ညည်းက ဘာအတွက်စိတ်ပူနေတာလဲ'

'သူ့အလုပ်က သိပ်အန္တရာယ်များတယ် မဟုတ်လား၊ ဒီကြားထဲ တပ်မှူးကြီး ကျင်းဖိန်ကို ကြည့်ပါလား၊ တြိဂံ ခေါးသမားက သတ်သွားသေးတယ်'

ဝေ့ယမ်းယမ်းက ရင်ဘတ်ကို လက်ဖြင့်ဖိ၍....

'ဗုဒ္ဓေါ...လက်စသတ်တော့ ကောင်မက သူ့ယောကျ်ား အသက်အန္တရာယ်ကို စိုးရိမ်လို့ စိတ်ဆင်းရဲနေတာကိုး၊ မပူ ပါနဲ့အေ၊ ငါ တြိဂံခေါးသမားကို ပြောလိုက်ပါ့မယ်၊ ရှဖုန်း ရိကို အန္တရာယ်မပေးပါနဲ့လို့'



'အဲဒီလိုသာသိရင် ငါ တကယ် သွားတောင်းပန်ထားပါ တယ်၊ အို...ဒါပေမယ့် သူ့မှာ ရန်သူတွေအများကြီးပါ၊ ခုလဲ ခေါးပြဂိုဏ်းကို ဖမ်းဖို့ဆိုပြီး ခရီးထွက်သွားရပြန်ပြီ'

'ဟော့....လီလီ နပ်ရှုးနေသလား၊ စစ်မှုထမ်းရဲ့ မိန်းမဆို တာ သတ္တိရှိရတယ်၊ ကိုယ့်ယောကျ်ားအတွက် ဂုဏ်ယူရသယ်၊ တြိဂံ ခေါးသမားအတွက်တော့ မပူပါနဲ့အေ၊ ငါသိရ သလောက်ဆိုရင် တြိဂံခေါးသမားက အမျိုးသမီးလို့ ပြော တယ်၊ အမျိုးသမီးက သူ့ရဲ့မာယာနဲ့မျှားပြီး အလွယ်တကူ သတ်နေတာဆိုတော့ ရှဖုန်းရိလိုလူမျိုးကို မာယာနဲ့မျှားလို့ မရနိုင်ပါဘူး'

လီလီသည် ဝေ့ယမ်းယမ်းကို မျက်စောင်းထိုးကြည့်သည်။

'အလို...ညည်းက အဲဒီအမျိုးသမီးအကြောင်း သေသေ ချာချာ သိနေလိုက်တာ၊ တြိဂံခေါးသမားဟာ ညည်း ကိုယ် တိုင်ပဲလားမှ မသိဘဲ'

ဝေ့ယမ်းယမ်းက ရယ်မော၍....

'အေး...အဲဒါကြောင့်မို့ ညည်းကို စိတ်ချလို့ ပြောတာ ပေါ့၊ ငါ ရှဖုန်းရိကို လုံးဝမသတ်ပါဘူး'

လီလီက ပြုံး၍...

'အင်း... ညည်းပဲ ဖြစ်နိုင်တယ်၊ ကိုယ်လုံးကိုယ်ပေါက်က ခပ်တောင့်တောင့်၊ ရုပ်က ချောခချောလို့ ပြောနေကြတယ်'

ဝေ့ယမ်းယမ်းက လီလီ့ကို လက်ညှိုးထိုး၍....

'ဟေ့ကောင်မ၊ ညည်းက ငါ့ကိုချည်း ပြောမနေနဲ့၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နဲ့ ရုပ်ချောချောဆိုရင် ငါမဖြစ်နိုင်ဘူး၊ ဖြစ်ခြင်းဖြစ် ညည်းပဲဖြစ်လိမ့်မယ်၊ ညည်းက အလေးအမေသာဆိုတယ်၊ ငါ့ထက်တောင် တောင့်သေးတယ်၊ ရုပ်ကျတော့ကော မချောလို့လား'

လီလီက....

'တော်ပါတော့ ကျောင်းဆရာမရယ်၊ ငါ ဦးနှောက်တွေ ခြောက်လှန်းလို့'

ဝေ့ယမ်းယမ်းက ခေါင်းယမ်း၍....

'မတော်နိုင်သေးဘူး၊ နင့်ကိုပြောဦးမယ်၊ တြိဂံဓားသမားဟာ တစ်ယောက်တည်းမဟုတ်ဘူး၊ နှစ်ယောက်ဖြစ်နေတယ်လို့ ဆန်းကိုးက ပြောတယ်၊ တစ်နေ့က လဲ ပြောင်းတောရွာမှာ ငါနဲ့ဆန်းကိုး သွားဆုံသေးတယ်၊ အဲဒီမှာ တြိဂံဓားသမားကလဲ လူတစ်ယောက်ကို သတ်ပြီးခါစ ဆိုတော့ ဆန်းကိုးက ငါ့ကိုတောင် မသင်္ကာတဲ့မျက်လုံးနဲ့ ကြည့်လိုက်သေးတယ်'

ဝေ့ယမ်းယမ်းက ဟော့ဆန်းကိုးနှင့် ပြောင်းတောရွာမှ အပြန်တွင် ဆုံခဲ့ရသောအကြောင်းများ ထည့်၍ ပြောပြလိုက်သည်။



'ဟင်....ဒါဆို တြိဂံဓားသမားဟာ ယောကျ်ားဖြစ်နေပြန်ပြီပေါ့၊ ဟော့ဆန်းကိုးတို့ကလဲ ခုထိ မဖော်ထုတ်နိုင်ကြဘူးလား'

ဝေ့ယမ်းယမ်းက ပခုံးတွန့်လိုက်သည်။

'သူတို့လဲ စုံစမ်းနေတာပဲ၊ နောက်ပြီး ချင်ချင်ဂေဟာက မှတ်တမ်း ပျောက်ဆုံးနေတဲ့ စီစီချွမ်းကိုပါ အလွတ်မပေးဘူး'

ထိုစကားကြောင့် လီလီမှာ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

'နင်ပြောတာ ငါနားမလည်ဘူး၊ ဘာဖြစ်တယ်....'

ဝေ့ယမ်းယမ်းက....

'နင့်ကို ဟော့ဆန်းကိုးတို့က မပြောဘူးလား'

'သူတို့အိမ်ကိုလာလည်ပေမယ့် ရှဖုန်းရှိနဲ့ပဲ စကားပြောတာ များတယ်'

ဝေ့ယမ်းယမ်းသည် ဟော့ဆန်းကိုးတို့ ချင်ချင်ဂေဟာ၌ စိတ်ဝေဒနာသည်များ၏ မှတ်တမ်းလာရှာပုံ။

ထိုအချိန်မှာပင် စိတ်ဝေဒနာသည် စီစီချွမ်း၏ မှတ်တမ်းက ပျောက်ဆုံးနေပုံများကို ပြောပြလိုက်လေသည်။

လီလီသည် ပထမတွင် နားထောင်နေသော်လည်း နောက်ပိုင်း၌ 'ခေါင်းကိုက်လာတယ်' ဟု ဆိုကာ ကောက်ကာငင်ကာ

ထပြန်သွားသဖြင့် လီလီ့ကိုကြည့်၍ ဝေ့ယမ်းယမ်းမှာ နား မလည်နိုင်အောင် ဖြစ်သွားတော့သည်။

* * *

ဟွေဆန်းကိုးသည် သိုင်းပညာကို အထူးတသည် ပြန်၍ လေ့ကျင့်နေတော့သည်။

သူသိုင်းလေ့ကျင့်၍ တစ်ပတ်ပြည့်သောနေ့တွင် ဝမ်ပါး လည်း ရောက်ရှိလာသည်။

ဝမ်ပါးသည် တစ်လ မကျော်မချင်း အကြောင်းပကတိ ပြန်မဖြစ်နိုင်သေးဟု သမားတော်ကြီးက သတိပေးထားသဖြင့် လုပ်ငန်းခွင်သို့ ဝင်လိုသော်လည်း ယွမ်ကာ ခွင့်မပြုသေးပေ။

ဝမ်ပါးသည် လုပ်ငန်းခွင်သို့ မဝင်သေးသော်လည်း ဟွေ ဆန်းကိုးနှင့်အတူ သိုင်းပညာကို ပြန်၍ လေ့ကျင့်နေသည်။

ဟွေဆန်းကိုးသည် သူ၏သိုင်းပညာကို အတော်ပင် အားမလို အားမရ ဖြစ်သွားသည်။ သူသည် တိမ်လွှာ ဓားသမားအဲ့ကို



ရှိထားသော်လည်း မိမိထက် သာလွန်သောသူနှင့် ရင်ဆိုင် ရသော အခါတွင် အကျပ်အတည်းနှင့် ကြုံတွေ့ရလေသည်။

တောလောဆယ်အားဖြင့် တြိဂံဓားသမားသည် သူ့ ထက် သာလွန်နေသည်ကို ဟွေဆန်းကိုးမှာ မခံချိ မခံသာ ဖြစ်နေသည်။

သူသည် တြိဂံဓားသမားနှင့် မကြာမီ ဆုံတွေ့ရဦးမည်ဟု မျှော်လင့်ထားသည်။

တြိဂံဓားသမား ကိုယ်တိုင်က မိမိကို စိန်ခေါ်ထားသည် မဟုတ်ပါလား။

ဝမ်ပါးသည် ချွေးတလုံးလုံးနှင့် ဖြစ်နေသော ဟွေဆန်းကိုး အား တစ်ချက် လှမ်းကြည့်လိုက်သည်။

'ခွမ်း'

လူနှစ်ရပ်စာလောက် အမြင့်တွင် ဆွဲချိတ်ထားသည့် အိုး တစ်လုံးမှာ အယ်ညာ ယမ်းနေသည်။

ထိုအိုးကို ဟွေဆန်းကိုးက သူ၏ခန္ဓာကိုယ် လေထဲသို့ မြောက်တက်သွားပြီး ပတ်၍ ကန်လိုက်ခြင်း ဖြစ်သည်။

ဟွေဆန်းကိုး၏လေ့ကျင့်မှုများမှာ အလွန်အမင်း ပြင်း ထန်လှပေသည်။

အားရစရာလည်း ကောင်းလှသည်။

နေ့ရောညပါ လေ့ကျင့်နေသည်ကို တွေ့ရသောကြောင့် ရန်သူတစ်ဦးတစ်ယောက်နှင့် ရင်ဆိုင်တော့မည်လားဟု ဝမ်ပါး ထင်မိသည်။

ရန်သူကလည်း အခြားသူမဟုတ်။

တြိဂံခေါ်းသမားသာ ဖြစ်ရမည်ဟု အတပ်သိထားသည်။

ဟွေ့ဆန်းကိုးသည် ချေးများကို သုတ်ချရင်းမှ ဝမ်ပါး ထံသို့ ရောက်ရှိလာသည်။

'မင်း အခြေအနေ ကောင်းရဲ့လား'

ဝမ်ပါးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်၊ ဒါပေမယ့် သမားတော်ကြီးကတော့ တစ်လကျော်ပြီးမှ အားလုံး ကောင်းသွားမယ်လို့ ပြောတယ်'

'ပူပါနဲ့ကွာ၊ ဒီဆတ္တဝါကောင်ကို မကြာခင် ဝါဆုံးစေ ပြပါ့မယ်'

တြိဂံခေါ်းသမားကို ပြောလိုက်ခြင်း ဖြစ်သည်။

ဝမ်ပါးက အံ့ကို မသိမသာ ကြိတ်ထားသည်။

'ဒီအကြွေးဟာ ကျွန်တော် ကိုယ်တိုင် ပြန်ဆစ်သင့်တဲ့ အကြွေး'

ဟွေ့ဆန်းကိုးက မဲ့ပြုံးပြုံးလိုက်သည်။



'အားမတန်ရင် မာန်ကို လျှော့ထားရဘယ်ကွ'

'ဟာ.... သေခါမှ သေရော၊ သူနဲ့ပဲ ကျွန်တော် ထပ်တွေ့ ချင်တယ်'

'အဲဒါ လူမိုက်ကွ'

ဝမ်ပါး ဘာမှ ထပ်မပြောတော့ပေ။

ဟွေ့ဆန်းကိုးသည် လှေကားသဖွယ် စိုက်ထူထားသော ဝါးပိုးဝါးတိုင်ပေါ်သို့ ပေါ့ပါးစွာ ခုန်တက်သွားသည်။

ထို့နောက် နိမ့်ရာမှ မြင့်ရာသို့ တစ်လှမ်းချင်း ခုန်၍ ခုန်၍ တက်သွားသည်။

အမြင့်ဆုံး တိုင်ထိပ်သို့ ရောက်သောအခါ ထိုတိုင်ထိပ်ပေါ်တွင် တစ်ပတ်ကျွမ်း ပစ်လိုက်သည်။

ဒုတိယတိုင်ပေါ်တွင် ပြန်ကျသည်။

ထိုမှ ဒုတိယမှ တတိယ....

တစ်ဆင့်ပြီးတစ်ဆင့် ကျွမ်းပစ်၍ ပြန်ဆင်းလာသည်။

ပေါ့ပါးသွက်လက်ပြီး ဟန်ချက်ညီလှာ ကြည့်ကောင်း လှပေသည်။

ဝမ်ပါးမှာ အားမဘန်သေးရင် မာန်လျှော့ထား ဆိုသည့် စကားကို နားထဲ၌ စွဲဝင်သွားသည်။

မိမိ၏ သိုင်းပညာ အဆင့်မြင့်သေးမီ တစ်ဖက်လူကို ယှဉ်
ပြိုင်ဖို့ မသင့်သေးဟု ဆိုလိုခြင်းသာ ဖြစ်သည်။

ဝမ်ပါးသည် အဆင့်မြင့်သိုင်းပညာကို ထင်မံ လေ့ကျင့်
သင်ကြားမှ ဖြစ်တော့မည်ဟု သဘောပေါက်သွားသည်။

ဟော့ဆန်းကိုးသည် မနက်မိုးလင်းသည်မှ နေ့ဝက်အထိ
မနားတမ်း လေ့ကျင့်သည်။

ဝမ်ပါးကိုလည်း သူ၏ တိမ်လွှာ သိုင်းကွက်များထဲမှ
ထက်မြက်သော သိုင်းကွက်အချို့ကို သင်ကြားပေးလေသည်။

နှစ်ယောက်စလုံး မွန်းတည့်ချိန်ကမှ အနားယူလိုက်ကြ
လေသည်။

* * *

အုပ်ချုပ်ရေးမှူးယွမ်သည် အခန်းထဲ၌ ခေါက်တုံ့ခေါက်
ပြန် လျှောက်နေသည်။

သူ၏မျက်နှာသည် အနည်းငယ် ခက်ထန်နေသည်ဟု ထင်
သည်။



သူသည် စားပွဲပေါ်မှ စာရွက်စာတမ်းအချို့ကိုလှန်လှော
ဖတ်ရှုလိုက်၊ ထိုင်ရာမှထပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်
လိုက်ဖြင့် စိတ်မငြိမ်မသက်ဖြစ်နေပေသည်။

သူ၏ စိတ်ထဲတွင် အာဒမဟုတ်သည့် လူသတ်သမား တစ်
ယောက်ကို ဖမ်းဆီးမမိနိုင်သေးသည့်အတွက် ခံပြင်းဒေါသဖြစ်
နေမိခြင်းပင်။

ထိုကိစ္စနှင့်ပတ်သက်၍ မြို့စားကြီးမှတစ်ဆင့် မြို့တော်ဝန်
အထိ သိရှိသွားမှာကို သူ စိုးရိမ်သည်။

သူ့ရှေ့တွင်ရှိနေသော လူများကို တစ်ချက်မျှ စောင်းငဲ့
ကြည့်ကာ သူ၏စားပွဲမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ပန်စိန်း'

'ခင်ဗျာ....စရာ'

ယွမ်က ရုတ်တရက် လှမ်းခေါ်လိုက်ရာ ပန်စိန်း၏ခန္ဓာကိုယ်
သည် ဆတ်ခနဲတွန့်သွားပြီး ခေါင်းမော့ကာ ထူးလိုက်သည်။

'ပဲပြားလုပ်ငန်း လုပ်နေတဲ့ စွမ်းမာကိစ္စ ဘာထူးခြားသလဲ'

စွမ်းမာဆိုသော အမျိုးသမီးသည် ဟော့ဆန်းကိုးတို့ ရွေးချယ်
ထားသော စိတ်ဝေဒနာသည် သုံးဦးထဲမှ အမျိုးသမီးတစ်ဦး
ဖြစ်သည်။

ပန်စိန်းက ခေါင်းယမ်းလိုက်သည်။

'ဖြစ်နိုင်တဲ့လက္ခဏာ လုံးဝမတွေ့ရပါဘူးဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ စွမ်းမာဟာ လူမမာတစ်ယောက် ဖြစ်နေပါတယ်၊ သူ့မှာ ဝမ်းဗိုက်ရောဂါရှိတဲ့အတွက် အစားအသောက်လဲ ကောင်းကောင်း မစားနိုင်ပါဘူး၊ သူဟာ နုံတာရှည်ဖြစ်နေတာ အတော်ကြာပြီဆိုတာ သိခဲ့ရတယ်'

ယွမ်သည် အာရုံစူးစိုက် နားထောင်နေရာမှာ....

'ဒါဆို စွမ်းမာဟာ လူတစ်ယောက်ကို သတ်နိုင်လောက်တဲ့ လက္ခဏာ လုံးဝမရှိနိုင်ဘူးဆိုပါတော့'

ပန်စိန်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သေသေချာချာကို လေ့လာစုံစမ်းခဲ့ပါတယ်၊ သူမနဲ့ ကိုယ်တိုင် တွေ့တဲ့အခါမှာလဲ အားအင်ချို့တဲ့ပြီး အင်မတန် ပိန်လှီနေပါတယ်'

'ကောင်းပြီ၊ ဒါဖြင့် သူ့ကိုဖယ်ထုတ်လိုက်ပြီး....'

ယွမ်သည် စာရွက်တစ်ရွက်ကို အနည်းငယ် ရေးမှတ်ပြီး အခြားတစ်နေရာသို့ ပို့လိုက်လေသည်။

ပြီးမှ ဟွေ့ဆန်းကိုးအား ကြည့်ကာ....

'မင်းရဲ့တင်ပြချက်ထဲမှာ ဖူကောင်းကြည်ဟာလဲ မဖြစ်နိုင်ဘူးဆိုတဲ့ အနေအထားမှာ တွေ့ရတယ်ဆိုတော့ သူ့ကို ထည့်မစဉ်းစားတော့ဘူး၊ ဒါဆိုရင် ချန်ကျိုးမြို့မှာ နေတဲ့ ယုလွှမ်းဆိုတဲ့ အမျိုးသမီးတစ်ယောက်ပဲ ကျန်တော့တယ်'



ယွမ်သည် စကားကိုရပ်ပြီး ဆန်းကိုးအား ကြည့်နေသည်။ ဆန်းကိုးက သက်ပြင်းချရင်းမှ....

'ယုလွှမ်းဟာ သံချိန်တို၊ တုတ်ချိန်တို့ကို အမြဲအသုံးပြုတဲ့ အကျင့်ရှိတယ်ဆိုတော့ သူမကို မေ့ထားလို့တော့ မရဘူး၊ ဒါကြောင့် သူမဟာ ချန်ကျိုးမြို့မှာ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာကို ကျွန်တော် စုံစမ်းဖို့စိတ်ကူးထားပါတယ်'

ယွမ်က စားပွဲကို လက်ဝါးဖြင့်ရိုက်လိုက်သည်။

'ဒီမှာ ဟွေ့ဆန်းကိုး၊ ဒီကိစ္စတွေက စိတ်ကူးထားရုံနဲ့ မဖြစ်တော့ဘူးကွ၊ မင်းအနေနဲ့ သိပ်အချိန်မပေးနိုင်ဘူးဆိုရင် ငါ ပန်စိန်းကို လွှတ်လိုက်မယ်'

ဟွေ့ဆန်းကိုးမှာ တစ်ချက်စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကောင်းပါတယ်'

ယွမ်က ပန်စိန်းကို စကားအနည်းငယ်ပြော၍ ချန်ကျိုးမြို့သို့ လွှတ်လိုက်လေသည်။

ပန်စိန်းအား နောက်ဆုံး မှာကြားလိုက်သော စကားမှာ ယုလွှမ်းဆိုသည့်မိန်းကလေးသည် သူ၏မိဘများနှင့် အတူရှိပြီး ရောဂါ လုံးဝ ပျောက်ကင်းနေသည်ဆိုပါက အခြေအနေကို အနည်းငယ် ကြည့်ရှုပြီး ပြန်ခဲ့ရန်ဖြစ်သည်။

အကယ်၍ စိတ်ဖောက်ပြန်ပြီး အိမ်က ထွက်သွားသည်ဆိုလျှင် သူမနောက်သို့ ခြေရာခံလိုက်ရန် မှာကြားလိုက်လေသည်။

ယွမ်သည် ဟော့ဆန်းကိုးအား သူ့ရှေ့ရှိ ကုလားထိုင်သို့ လှမ်းခေါ်လိုက်သည်။

ဟော့ဆန်းကိုးသည် ယွမ်နှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ဝင်ထိုင်လိုက်သည်။

'တို့မသက်ာတဲ့ စာရင်းထဲမှာ ဘယ်သူ ကျန်သေးသလဲ၊ စွမ်းမာလဲ ဖယ်ထုတ်လိုက်ပြီ၊ ဖူကောင်းကြည်လဲ မဖြစ်နိုင်ဘူး၊ ကွေ့ဖုံးလဲ မဟုတ်ဘူး၊ ဗျိုင်းဖြူမကျင်လိန်းလဲ မဟုတ်ဘူး၊ ဒီတော့ အခုပန်စိန်းလိုက်သွားတဲ့ ယုလွမ်းဆိုတဲ့ အမျိုးသမီးပဲ ကျန်တော့တာပေါ့၊ ဟုတ်လား'

ဟော့ဆန်းကိုးက စားပွဲကို လက်ချောင်းကလေးနှင့် ခေါက်နေရာမှ ယွမ်ကို မော့ကြည့်လိုက်သည်။

'ယုလွမ်းလဲ ဖြစ်နိုင်စရာ အကြောင်း မရှိဘူးလို့ ထင်မိတယ်၊ ဒါပေမယ့် ပန်စိန်းကို လွှတ်လိုက်တာကတော့ မမှားပါဘူး၊ ကျွန်တော့် စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတာကတော့ မှတ်တမ်းပျောက်နေတဲ့ အမျိုးသမီးပဲ၊ စီစီချမ်း'

ယွမ်က ကုလားထိုင်ကို ကျောမှီလိုက်သည်။

'အင်း ငါလဲ အဲဒီကိစ္စကို ပြောချင်တာပဲ၊ တပ်မှူးရှဖုန်းရိ ခရီးထွက်သွားတာ ပြန်လာပြီလား'

ဟော့ဆန်းကိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ညက ပြန်ရောက်တယ်၊ ခေါးပြခေါင်းဆောင် အိုစူးဝါးကိုလဲ အရှင်ဖမ်းမိလာတယ်'



ယွမ်က ဝမ်းသာအားရဖြင့်....

'ဟာ တယ်ဟုတ်ပါလား၊ တပ်မှူး ရှဖုန်းရိတော့ ရာထူးတိုးဦးမှာပဲ'

ဟော့ဆန်းကိုးက....

'ဟုတ်ကဲ့၊ မြို့စားကြီးလဲ အတော် ဝမ်းသာနေတယ်'

ထိုစဉ် လမ်းမပေါ်မှ မြင်းခွာသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ တပ်မှူးရှဖုန်းရိဖြစ်နေသည်ကို တွေ့ရသည်။

ယွမ်သည် ရှဖုန်းရိအား တွေ့ချင်နေသည်နှင့် အတော်ပင် ဖြစ်သွားသည်။ သူက လူတစ်ယောက်ကို အခေါ်လွှတ်လိုက်လေသည်။

မကြာမီ တပ်မှူးရှဖုန်းရိ အခန်းထဲသို့ ရောက်ရှိလာလေသည်။

* * *

ရှဖုန်းရိကို ယွမ်က ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

'ခင်ဗျားတို့ ကိုယ်ရံတော်တပ်ဖွဲ့က အိုဇူးဝါးကို မိလာတယ်ဆိုတော့ ဝမ်းသာစရာပဲဗျို့၊ ဒီငနဲကို တော်တော် ခဲရာခဲဆစ်များ ဖမ်းလိုက်ရသလား'

ရှဖုန်းရီက ကုလားထိုင်တွင် ဝင်ထိုင်ရင်း....

'သတင်းရလို့ အလစ်ဝင်တိုက်နိုင်တာပဲ၊ ဒါပေမယ့် သိပ်မလွယ်သေးဘူးဗျ၊ ဒီကောင့်ကို ဖမ်းမိပေမယ့် သူ့တပည့်တွေ လွတ်သွားတယ်၊ အဲဒီကောင်တွေက အိုဇူးဝါးကို ပြန်မလွှတ်ရင် ကျုံ့ကွမ်းမြို့ကို မီးရှို့ပစ်မယ်လို့ ကြိမ်းဝါးနေတယ်'

ယွမ်က ရယ်လိုက်သည်။

'သူ့ဆရာ အားရှိအောင် ပြောတာပါ၊ ဒီကောင်တွေ အစွမ်းမထက်ပါဘူး'

ရှဖုန်းရီက ဟွေ့ဆန်းကိုးနှင့် ယွမ်ကို တစ်လှည့်စီကြည့်၍...

'ခင်ဗျားတို့ တြိဂံ ဓားသမားရဲ့ အခြေအနေကကော အတော်ကလေး နီးစပ်နေပြီလား'

ယွမ်က....

'အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တပ်မှူးကိုပဲ အကူအညီတောင်းမလို့'

ရှဖုန်းရီ မျက်မှောင်ကြုတ်လိုက်လေသည်။

'ဘယ်လိုအကူအညီလဲဗျ'



ယွမ်သည် ခါးကို ရှေ့သို့ကုန်းပြီး စားပွဲပေါ် လက်ထောက်လိုက်သည်။

'စီစီချွမ်းဆိုတဲ့ အမျိုးသမီးကိစ္စကို မေးချင်လို့ပါ'

စီစီချွမ်းအမည်ကို ကြားလိုက်ရသည်နှင့် တပ်မှူး ရှဖုန်းရီသည် မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ယွမ်နှင့် ဟွေ့ဆန်းကိုးတို့က လုံးဝ မသိဟန်ပြု၍ နေလိုက်ကြသည်။

'စီစီချွမ်း....ဟုတ်လား'

'ခင်ဗျား မေ့နေပြီနဲ့တူတယ်၊ ခင်ဗျားခေါ်လာပြီး ဆေးကုသပေးတဲ့ စိတ်ဝေဒနာရှင်လေဗျာ'

ရှဖုန်းရီက ယခုမှ သတိရသွားသလို သူ့ပေါင်ကို ပုတ်လိုက်သည်။

'အား.... ဟုတ်ပြီ၊ ဒါနဲ့ စီစီချွမ်းက ခင်ဗျားတို့နဲ့ ဘယ်လို ပတ်သက်လာတာလဲ'

'ကျုပ်တို့မှာ တြိဂံလူသတ်မှုနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ ခေါင်းခဲနေရတယ်ဆိုတာ တပ်မှူးသိပါတယ်၊ လူသတ်တရားခံဟာ ယောကျ်ားတစ်ယောက် ဖြစ်သလို အမျိုးသမီးတစ်ယောက်လဲ ပါနေတာကို တွေ့ရတယ်ဗျ၊ အဲဒါ....'

ယွမ် စကားမဆုံးမီ ရှဖုန်းရီက ဖြတ်၍ပြောသည်။

'နေပါဦးဗျ၊ ခင်ဗျားတို့က တရားခံကို ဦးနှောက်သုံးပြီး ရှာဖွေကြတဲ့ လူတွေဆိုတော့ ခင်ဗျားတို့ ဦးနှောက်ကို ကျွန်တော် လိုက်မမီတာ အမှန်ပဲ၊ စိတ္တဇ ဝေဒနာသည်တစ်ယောက်က စိတ်ဖောက်ပြန်ပြီး လူသတ်နေတာလို့ ခင်ဗျားတို့ ယူဆထားလို့လား'

ယွမ်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

'ဖြစ်နိုင်စရာ အကြောင်းတွေက အရင့်အရင်က ရှိခဲ့ဖူးတယ်ဗျ၊ ဒီတော့ ကျုပ်တို့ဆီလဲ အဘက်ဘက်က တောင့်စေအောင် လိုက်စုံစမ်းရတာပဲ၊ ကျုပ်တို့စုံစမ်းနေတာ စိစိချွမ်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ လူသတ်နိုင်လောက်တဲ့ လက္ခဏာရှိတဲ့ စိတ်ဝေဒနာသည် သုံးလေးယောက်ပါပဲ၊ ဒါပေမယ့် ခက်နေတာက ကျန်တဲ့ သုံးယောက်ရဲ့ ဝေဒနာ မှတ်တမ်းတော့ လူတော့ တွေ့ရှိရပေမယ့် အဲဒီ စိစိချွမ်းဆိုတဲ့ မိန်းမလေးရဲ့ ဝေဒနာမှတ်တမ်းက စစ်ဆေးခါနီးဆဲဆဲမှာ တစ်စုံတစ်ယောက်က ဝင်ခိုးသွားတယ်၊ နောက်တစ်ချက်က စိစိချွမ်းဟာ ဝေဒနာ ပျောက်ကင်းပြီးတဲ့အခါမှာ ဘယ်ကိုသွားပြီး ဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး ဖြစ်နေတယ်'

ရှဖုန်းရိသည် အနည်းငယ် စိတ်လှုပ်ရှားနေသည်ဟု ယွမ်က ထင်သည်။ သူသည် ထိုစကားများကိုဖြတ်၍ ထိုင်ရာမှ ထပြန်ချင်သည့် အသွင်မျိုး ဖြစ်နေသည်။



ယွမ်က ရှဖုန်းရိအား ပရိယာယ်ဖြင့် ဟန့်တားထားလေသည်။

'အုပ်ချုပ်ရေးမှူးပြောတဲ့ စကားတွေ ကြားရတာ ကျွန်တော်တောင် ဦးနှောက်ခြောက်လာပြီ'

ယွမ်က ရယ်သိုက်သည်။ ထို့နောက် ရှဖုန်းရိကိုလည်း ချီးကျူးသည့် စကားများဖြင့် ကြားဝင် နှစ်သိမ့်ပေးလိုက်သေးသည်။

'ဦးနှောက်မခြောက်ပါနဲ့ဗျာ၊ တပ်မှူးရဲ့သတ္တိနဲ့ ကျော်ကြားမှုတွေကို ကျုပ်တို့က အမြဲချီးကျူးနေတာပါ၊ ခုဆိုရင် တပ်မှူးကြီးအဆင့်ကိုတောင် ရောက်တော့မယ်လို့ ထင်တယ်'

ရှဖုန်းရိက မချိပြုံး ပြုံးလိုက်သည်။

ထိုစကားမျိုးကို မြို့စားကြီးကိုယ်တိုင်က စောစောကလေးကမှ ပြောလိုက်သေးသည်။

သို့သော် ရှဖုန်းရိ ဝမ်းမသာနိုင်ပေ။

နာမည်ကျော်ကြားလေ အန္တရာယ်များလေ ဖြစ်လာမည်ကို သူက ကြိုတင်သိထားသည်။

ဇနီးဖြစ်သူ လီလီဆိုလျှင် တပ်မှူးကြီးဖြစ်လာမှာကို လုံးဝလိုလားသည် မဟုတ်ပေ။ ရှဖုန်းရိ ရာထူးကြီးကြီးရလာလျှင် တာဝန် ပို၍ကြီးမည်၊ ထိုအခါ ပို၍ အန္တရာယ် များမည်ဟု အမြဲပြောခဲ့လေသည်။

ယွမ်က သူ့စကား ပြတ်သွားမည်စိုး၍ ဆက်ပြောသည်။

'ဒီလိုပါဗျာ၊ ကျွန်တော်တို့သိရှိရသမျှ စီစီချွမ်းကို စိတ်ဝေဒနာရှင်အဖြစ်နဲ့ စပြီးခေါ်ခဲ့တာ တပ်မှူးဆိုတာ သိရပါတယ်'

ရှုဖုန်းရိက သိပ်ပြီး စိတ်မရှည်သလို....

'မှန်တယ်၊ ကျွန်တော်ခရီးထွက်စဉ်က ကျေးရွာတစ်ရွာမှာ တွေ့လို့ သူ့ဝေဒနာပျောက်ပါစေတော့ဆိုတဲ့ သဘောနဲ့ ခေါ်လာခဲ့ပြီး သမားတော်ကြီး ချင်ချင်ဆီမှာ အပ်လိုက်တာပဲ၊ နောက် သူ့ရောဂါ ဝေဒနာ ပျောက်သွားလို့ ချင်ဂေဟာက ပြန်သွားတယ်ဆိုတာ သိရတယ်၊ ဒါကလဲ ဟိုလွန်ခဲ့တဲ့ ခြောက်နှစ်ကျော် ခုနစ်နှစ်ကပါ'

ယွမ်က ခေါင်းညိတ်သည်။

'ဟုတ်ပါတယ်၊ ခုနစ်နှစ်လောက်က ဖြစ်မှာပါ၊ ဘယ်ကို ပြန်သွားတယ်ဆိုတာကိုတော့ တပ်မှူးမသိဘူးပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်တော့်တာတွေတော့ ကျွန်တော်မသိဘူး'

'တပ်မှူး ဘယ်ကတွေ့လို့ ခေါ်ခဲ့တာလဲ'

ရှုဖုန်းရိက အတန်ကြာကြာလေး စဉ်းစားပြီးမှ....

'စုံးစမ်းကျေးရွာက ခေါ်ခဲ့တာပါ၊ ဒါပေမယ့် စီစီချွမ်းဟာ အဲဒီကျေးရွာသူ ဖြစ်ချင်မှဖြစ်မှာပါ၊ စိတ်နောက်ပြီး နယ်တကာနဲ့ အောင် သွားနေတာပဲ'



ရှုဖုန်းရိ၏ စကားများသည် ခြေရာကောက်၍ မရအောင် ဝိုးကွယ်ပြောဆိုနေသည်နှင့် တူနေသည်။

ယွမ်က....

'ဒါပေမယ့် စုံးစမ်းကျေးရွာကို ထောက်လှမ်း မေးမြန်း ကြည့်ရင်တော့ သူ့ရဲ့အကြောင်း နည်းနည်းပါးပါး သိရမယ်လို့ ထင်တယ်'

ရှုဖုန်းရိ ပခုံးပွန့်လိုက်သည်။

'အဲဒါကတော့ ခင်ဗျားတို့ရဲ့ကိစ္စပဲလေ၊ ဒါပေမယ့် သမားတော်ကြီးချင်ချင်က စီစီချွမ်းဟာ သာမန်လူတစ်ယောက်လိုပဲ လုံးဝ စိတ်မဖောက်ပြန်တော့ပါဘူးလို့ ပြောတယ်ဗျ'

ယွမ်က လေသံ အေးအေးဖြင့်....

'အဲဒါက သမားတော်ကြီးချင်ချင်ရဲ့ အမြင်ကိုးဗျ၊ သူ့ညီ သမားတော်ကြီးချင်ယားကတော့ ဘယ်ဝေဒနာရှင်မှ လုံးဝ ပျောက်သွားတယ်ဆိုတာမရှိဘူးလို့ ဇွတ်ငြင်းနေတာပဲ၊ ကျုပ်တို့က ချင်ယားကိုမေးတယ်၊ ဝေဒနာရှင် တစ်ယောက်ဟာ ဆေးဝါးကုသ ခံပြီးတဲ့အခါမှာ ရောဂါ ပြန်မထတော့ဘူးလား လို့ မေးတော့ ချင်ယားက သူ့စိတ်ထဲမှာ စွဲမြဲ နေတဲ့ ရောဂါဟာ ဘယ်တော့မှ လုံးလုံးလျားလျား ပျောက်သွားတယ်လို့ မရှိဘူး၊ စိတ်ဝေဒနာရဲ့ ဗီဇပိုးဟာ အမြဲတမ်း ကျန်ရှိနေတယ်လို့ ပြောတယ်'

ရှဖုန်းရိက စိတ်ဝင်စားလာသည်။

'ဘယ်လို....ဘယ်လိုဗျ၊ စိတ်ဝေဒနာရဲ့ ဗီဇပိုး ဟုတ်လား

ယွမ်က....

'အလွယ်ဆုံး ပြောရရင်တော့ စိတ်ဝေဒနာသည် ဝ
ယောက်ဟာ လူတွေကို စိတ်နာတယ်၊ သတ်ချင်နေတယ်၊ သ
မယ်လို့လဲ အမြဲကြိမ်းဝါးတယ် ဆိုပါတော့၊ အဲဒီလူမမာ
ဆေးကုသလိုက်လို့ သူဟာ အားလုံး လူကောင်းတစ်ယော
လို ဖြစ်သွားပေမယ့် စောစောက လူတွေကို မုန်းတဲ့ စိတ်
သတ်ချင်တဲ့စိတ်တွေဟာ လုံးဝ ပျောက်မသွားဘူး၊ သူ့
အသိစိတ်ထဲမှာ အမြဲတမ်း ကိန်းအောင်းနေစမြဲပဲလို့ သ
ယားက ပြောတယ်၊ ရောဂါပျောက်သွားတယ် ဆိုတာ
အရင်ကလို ပါးစပ်က ထုတ်ဖော်ပြီး မဒအော်ဟစ်တော့ဘူး
မကြိမ်းဝါးတော့ဘူး၊ အော်ဟစ်ကြိမ်းဝါးနေလို့ မသင့်တော်
ဘူး ဆိုတဲ့ အသိအလေးဝင်လာပြီး အစစအရာရာ ဆင်
လိုက်တာကို ရောဂါ လုံးလုံးပျောက်သွားတယ်လို့ မယူ
သင့်ဘူးပေါ့ဗျာ'

ရှဖုန်းရိ ငိုင်ကျသွားသည်။ သူသည် အတန်ကြာအော
ပင် နှုတ်ဆိတ်နေပြီး တစ်စုံတစ်ခုကို တွေးတောနေသည်။

ထိုစဉ် ယွမ်က ဆက်ပြောသည်။

'သူ့ရဲ့ ရောဂါအကြောင်းက ထားပါဦး၊ ကျုပ်တို့
စုံစမ်းမယ့် ဆဲဆဲမှာ သူ့ရဲ့မှတ်တမ်းကို တစ်ယောက်ယော



ခိုးယူသွားတဲ့ ကိစ္စဟာ တော်တော်လေး ဆန်းနေတယ်လို့ ကျုပ်တို့ ယူဆမိတယ်၊ တပ်မှူး ဘယ်လိုသဘောရသလဲ'

ရှဖုန်းရိသည် ခပ်တွေတွေ ငေးမောနေရာမှ ခေါင်းယမ်း လိုက်လေသည်။

'မစဉ်းစားတတ်အောင်ပဲ၊ အထားမှားနေတာ ဖြစ်ချင်ဖြစ် မယ်၊ ဒါမှမဟုတ် သူ့ဟာသူ ပျက်စီး ပျောက်ဆုံးနေတာလဲ ဖြစ်နိုင်တာပဲ'

ယွမ်က ခေါင်းယမ်း၍....

'ကျုပ်တော့ အဲဒီလိုမယူဆဘူး၊ စိတ်ဝေဒနာရှင်တွေကို စုံစမ်းတော့မယ်ဆိုတာကို သိတဲ့ လူတစ်ယောက်က သူမရဲ့ ရောဂါလက္ခဏာကို ကျုပ်တို့တွေ့မှာစိုးလို့ တမင်ဝင်ခိုးပြီး ဖျောက်ဖျက်လိုက်တာလို့ ထင်မိတယ်'

ရှဖုန်းရိ၏မျက်နှာ သိသိသာသာ မည်းသွားသည်ကို ယွမ် တို့ သတိပြုမိလိုက်သည်။

'အေးပေါ့ဗျာ၊ အမျိုးမျိုး ထင်စရာတွေ ဖြစ်နေတာ ပေါ့'

ရှဖုန်းရိသည် ထိုစကားကို နောက်ဆုံးပြောကာ ရယ်ရယ် မောမော နှုတ်ဆက်၍ ပြန်သွားသည်။

သူ၏မျက်နှာပေါ်တွင် အမျိုးအမည် မဖော်ပြတတ်သော အရိပ်တစ်ခု ရှိနေသည်ဟု ယွမ်ကထင်မိသည်။

ရှဖုန်းရိထွက်သွားသည်နှင့် ယွန်သည် သူ့လူတစ်ယောက်ကို နောက်မှလိုက်သွားရန် အချက်ပြလိုက်သည်။

ယွမ်သည် အဓိပ္ပာယ်ပါပါပြုံး၍ ဟွေဆန်းကိုးအား ကြည့်လိုက်လေသည်။

'ရှဖုန်းရိ ဒီကအပြန် ဘယ်ကိုဝင်မယ် မင်းထင်သလဲ၊ ငါထင်တာ မလွဲဘူးဆိုရင် ချစ်ဂေဟာကို ဝင်ပြီး သမားတော်ချင်ယားနဲ့ ဝင်တွေ့မှာ အမှန်ပဲကွ'

ဟွေဆန်းကိုးမှာ နားသာထောင်နေရသည်၊ အုပ်ချုပ်ရေးမှူး၏ စကားအဓိပ္ပာယ်အားလုံးကို နားမလည်ပေ။

ယွမ်က ဟွေဆန်းကိုးအားကြည့်၍ ပြုံးလိုက်ပြန်သည်။

'မင်း သဘောမပေါက်သေးဘူးနဲ့ တူတယ်၊ ရှဖုန်းရိဟာ စိစိချွမ်းကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုကို ဖုံးကွယ်ထားတာ အမှန်ပဲကွ၊ လူတစ်ယောက်ရဲ့ စိတ်နဲ့ရုပ်ကို အကဲခတ်ရတာ လွယ်ပတယ်ကွာ၊ ရှဖုန်းရိဟာ စိစိချွမ်းအတွက် စိုးရိမ်သောက ရှိနေတာ အမှန်ပဲကွ၊ ဒီတော့ မင်းကိုငါမေးမယ်၊ မင်းတို့ စိတ်ဝေဒနာသည်တွေရဲ့မှတ်တမ်းကို ကြည့်ချင်တယ်လို့ ချင်ဂေဟာကို သွားတဲ့အခါမှာ အနားမှာ သူ ရှိနေတယ်မဟုတ်လား'

ဟွေဆန်းကိုးက ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်အာစရိ၊ သူတစ်ယောက်ပဲ ရှိတယ်'



'အော်… သူတစ်ယောက်ပဲ ရှိတော့ ဒီကိစ္စဟာ သူ တစ်ယောက်ပဲသိတာပေါ့၊ ဒါကြောင့်သူဟာ စိစိချွမ်းရဲ့မှတ်တမ်းကို မင်းတို့မသိစေချင်လို့ ဖွက်ထားလိုက်တာ ဖြစ်နိုင်တယ်'

'သူက ဘာလို့မသိစေချင်တာလဲ'

'ဒါကတော့ ရှင်းပါတယ်၊ စိစိချွမ်းဟာ လူသတ်မယ့်လက္ခဏာမျိုးကို သူတွေ့ထားလို့ဖြစ်မှာပေါ့၊ ခပ်ရှင်းရှင်းပြောရရင်ကွာ ကြိုဂံခေါးသမား အမျိုးသမီးဟာ စိစိချွမ်းဖြစ်ရမယ်လို့တောင် သူက သိချင်သိထားမယ်'

ဟွေဆန်းကိုး ငိုင်၍ စဉ်းစားနေသည်။

အုပ်ချုပ်ရေးမှူး ပြောသကဲ့သို့ ဖြစ်နိုင်ပါမလား၊ အကယ်၍ ကြိုဂံခေါးသမားသည် စိစိချွမ်းဖြစ်ပါက ရှဖုန်းရိ ကိုယ်တိုင် ဖော်ထုတ်ရမည် ဖြစ်ပေသည်။

ရှဖုန်းရိသည် ဤမျှအထိ မိုက်မဲမည့်လူတစ်ယောက် မဟုတ်ဟု ဟွေဆန်းကိုးက စဉ်းစားမိပြန်သည်။

ယွမ်က ဟွေဆန်းကိုးမျက်နှာကို စိုက်ကြည့်လိုက်၏။

'ဒီမှာဟွေဆန်းကိုး၊ မင်းဘာတွေတွေးနေတာလဲ၊ စိစိချွမ်းဟာ ကြိုဂံခေါးသမား ဟုတ်ချင်လဲ ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး၊ ဒါပေမယ့် စိစိချွမ်းအတွက် ရှဖုန်းရိ ကာကွယ်နေတာတော့ အမှန်ပဲ'

'ဒါဆိုရင် ကျွန်တော်တို့ ရှဖုန်းရိကို တစ်မျိုး စဉ်းစားရတော့မှာပေါ့'

'အေး....မှန်တယ်၊ သူ့ကို လုံးဝလျစ်လျူရှုထားလို့တော့ မရဘူး'

ယွမ်က ထိုသို့ပြောနေစဉ်....

ရှဖုန်းရိနောက်သို့ လိုက်သွားသောလူ ပြန်လာသည်။

ထိုလူက ယွမ်ရှေ့တွင် ရပ်တန့်လိုက်ပြီး....

'ရှဖုန်းရိ ချင်ဂေဟာထဲ ဝင်သွားပါတယ် ဆရာ'

ဟု ပြောလိုက်သည်။

ယွမ်က ဟွေဆန်းကိုးအား ပြုံး၍ ကြည့်လိုက်သည်။

'သူ သမားတော်တွေကို စိစိချွမ်းရဲ့ ရောဂါအကြောင်း မေးမှာတော့ သေချာတယ်ကွ'

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

## အခန်း (၂၂)

သမားတော် ချင်ယားက ရှဖုန်းရိ၏ မျက်နှာကို စေ့စေ့ကြည့်ကာ သူ၏ သဘောထားကို ဖြတ်ပြတ်သားသားပင် ပြောနေပေသည်။

'အားလုံး ကင်းကင်းရှင်းရှင်း ပျောက်ပါတယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူးကွာ၊ ဝေဒနာသည်တွေဟာ ရောဂါ ထက်ဝက် သက်သာသွားတာပဲ ရှိတယ်၊ ဒီတော့ ပျောက်ကင်းသွားပါတယ် ဆိုတာကို ငါ လုံးဝ လက်မခံဘူး'

ရှဖုန်းရိသည် ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

သမားတော် ချင်ယားက....

'ငါမှတ်မိသလောက် သက်သေနှစ်ခု ပြမယ်၊ ဒါကို ငါ့အစ်ကိုကြီး ချင်ချင်လဲ မငြင်းနိုင်ဘူး၊ ပထမတစ်ခုက ဘာလဲဆိုတော့ အသက်ဆယ့်ငါးနှစ်လောက်ရှိတဲ့ လူငယ်တစ်ယောက်ပဲ၊ သူဟာ စိတ်ဝေဒနာရှိလို့ ဒီမှာလာပြီး ကုသတယ်၊ သူ့ရောဂါက ကိုယ့်ကိုယ်ကို ပြန်သတ်ချင်တဲ့ ရောဂါပဲ၊ ရေထဲခုန်ချမယ်ဆိုတဲ့ စကားကို အမြဲတမ်း ပြောတယ်၊ အဲ.... ဒါပေမယ့် လေးငါးလလောက်မှာ သူ့ရောဂါ ပျောက်သွားတယ်၊ အဲဒီစကားလဲ မပြောတော့ဘူး၊ ကိုယ့်ကိုယ်ကို သတ်သေချင်ပါတယ်လို့လဲ မဆိုတော့ဘူး၊ သူ့စိတ် ပုံမှန်အတိုင်း ဖြစ်လာပြီဆိုပြီး အစ်ကိုကြီး ချင်ချင်နဲ့ ငါက ပြန်သွားခွင့်ပြုလိုက်တယ်၊ ဒါပေမယ့် တစ်နှစ်လောက်အကြာမှာ အဲဒီသူငယ် ရေထဲ ခုန်ချပြီး သတ်သေသွားတယ်၊ အဲဒါ သူ့ရောဂါ လုံးဝ မပျောက်ကင်းလို့ပေါ့'

ရှဖုန်းရီမှာ နားထောင်ရင်း သက်ပြင်းချမိလေသည်။

သမားတော်ကြီး ချင်ယားက အထောက်အထားနှင့် ပြောသဖြင့် မယုံရမှာ ခက်နေပြန်သည်။

သမားတော် ချင်ယားက ဆက်ပြော၏။

'ဒုတိယ တစ်ယောက်ကလဲ အဲဒီသဘောပဲ၊ သူ့ရောဂါက သစ်ပင်ပေါ်တို့၊ အခြားမြင့်နေတဲ့နေရာတို့ကို တက်ပြီး အောက်ကြီးဟစ်ကျယ်နဲ့ သီချင်းဆိုတယ်၊ သီချင်းအော်ဆိုတာ ဘာမှမဖြစ်ပေမယ့် မြင့်တဲ့ နေရာတွေက လိမ့်ကျရမှာ-



ဒါပေမယ့် သူဟာ မကြာခင်မှာ လူကောင်း ပြန်ဖြစ်သွားလို့ ဒီက ပြန်သွားတယ်၊ အဲ.... သုံးနှစ်ကျော်ကျော်သတင်း ကြားရတာပဲ၊ အိမ်ခေါင်မိုးပေါ်က လိမ့်ကျလို့ သေသွားတယ်တဲ့၊ ကဲ ဘယ့်နှယ်ပြောမလဲ၊ သူ့ရဲ့အမြင့်ပေါ်တက်ချင်တဲ့ ဝေဒနာဟာ ဘယ်မှာပျောက်လို့လဲ' 

ရှဖုန်းရီ လုံးဝ ပါးစပ်မဟတော့ပေ။

သူသည် လေးကန်သော ခြေလှမ်းများဖြင့် သမားတော်ကြီး ချင်ချင်ထံသို့ ရောက်ရှိသွားပြန်သည်။

သမားတော်ကြီး ချင်ချင်သည် ရှဖုန်းရီကို ကြည့်၍ မသက်မသာ ခေါင်းယမ်းလိုက်လေသည်။

'မင်း ဟိုတဇွတ်ထိုးသမားနဲ့ တွေ့ခဲ့ဘယ် မဟုတ်လား'

ဟု ဆီးပြီး မေးသည်။

ရှဖုန်းရီ မျက်နှာကို မြင်ကတည်းက ဘာဖြစ်လာသည်ကို ချင်ချင်က အတပ်သိထားသည်။

'သူ မင်းကို ဘာတွေပြောလိုက်သလဲ'

ရှဖုန်းရီက ချင်ယား ပြောပြသည်များကို ပြောသည်။

ခေါင်းညိတ်လိုက်၏။

'ငါမှတ်မိတာ ... အားလုံး အမှားတွေချည်းပဲလို့ ငါ
အစ်ကိုကြီး ... ဘူး၊ ဒါပေမယ့် အားလုံး အမှန်တွေဆိုတာတော့
ဆိုကော ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

ညီအစ်ကိုနှစ်ယောက်၏ ဆန့်ကျင်ဘက် အယူအဆများ
ရှုဖုန်းရှိ ဘယ်လိုယုံရမှန်းမသိ ဖြစ်နေသည်။

'ငါ ကုသလိုက်လို့ ပျောက်ကင်းနေတဲ့လူတွေဟာ ဒုနဲ့ဒေ
ပဲ၊ အခု ဟော့ဆန်းကိုးတို့ စုံစမ်းနေတဲ့ လူတွေထဲမှာ ဘ
ထူးခြားတာ တွေ့လို့လဲ၊ မင်း ဘာကိုစိုးရိမ်နေတယ်တာ င
ကောင်းကောင်း သိပါတယ်၊ အဲဒီစကားအလွဲပြီးတော့ ...
ဘာမှ မပြောတတ်တော့ဘူး'

ရှုဖုန်းရှိအနေဖြင့်လည်း ဘာမှ ဆက်မေးစရာ မရှိတော့
ပေ။

သူသည် အိမ်သို့ တန်းစာန်းမတ်မတ် ပြန်ခဲ့သော်လည်း
ခါတိုင်းကဲ့သို့ စိတ်ပျော်ရွှင်မှု မရှိသည်တစတော့ အမှန်ပင် ဖြစ်
သည်။

* * *

လီလီက သူ့ကို ထွက်မကြိုပါ။



ခေါင်းကိုက်သည်ဟုဆိုကာ အိပ်ခန်းထဲ၌ လှဲအိပ်နေသည်။

ရှုဖုန်းရှိသည် သွက်လက်သော ခြေလှမ်းများဖြင့် ဝင်ရောက်
သွားလေသည်။

'လီလီ....'

သူမထံမှ ထူးသံမကြားရပါ။

'လီလီ နေမကောင်းဘူးဆို'

ထူးသံမကြားရဘဲ ရှိုက်သံသဲ့သဲ့ ကြားရသည်။

'အို....ငိုနေပါလား'

ရှုဖုန်းရှိ ပျာပျာသလဲ ဖြစ်သွားသည်။

ရှုဖုန်းရှိသည် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်၍ သူမ၏
မျက်နှာကို မိမိဘက်သို့ ဆွဲလှည့်လိုက်သည်။

မျက်နှာတစ်ခုလုံး နီမြန်းနေသည်။

ရှုဖုန်းရှိ၏ ရင်ထဲ၌ စိုးရိမ်ထိတ်လန့်မှုများ တစ်ဟုန်ထိုး
ပေါ်ထွက်လာတော့သည်။

သူမ၏ နဖူးများကို စမ်းသပ်လိုက်သည်။

'ညီမ....လီလီ'

'အစ်ကို၊ ကျွန်မ ဘာမှမဖြစ်ဘူး၊ ခေါင်းထဲက နည်းနည်း
ကိုက်လို့'

ရှုဖုန်းရီ ခေါင်းကိုက်ပျောက်စေသည့် ဆေးများကို ထရှာ
သည်။

စားဖို့မှူး အဘွားစုံကိုလည်း ဂရုမစိုက်ရကောင်းသားဟု
အပြစ်တင်စကား လှမ်း၍ပြောသေးသည်။

အဘွားစုံက ဘာမှပြန်မပြောဘဲ သက်ပြင်းချ၍ ခေါင်း
ယမ်းလိုက်လေသည်။

ရှုဖုန်းရီသည် ရေနွေးနှင့်ဆေးတို့ကို ယူလာကာ လီလီအား
သောက်စေလိုက်သည်။

'ဒီအဘွားကြီးကလဲ နည်းနည်းလေးမှတောင် ဂရုမစိုက်ဘူး'

မကောင်းသောတော့သည့်အဆုံး လီလီက ထထိုင်သည်။

'ကျွန်မ ခေါင်းလေးနည်းနည်း ကိုက်တာအလွဲလို့ ဘာမှ
မဖြစ်ဘူး အစ်ကို၊ အဘွားစုံကလဲ အစ်ကို့လိုပဲ ပျာပျာသလဲ
ပြူစုပါတယ်'

အဘွားစုံကို အပြစ်တင် ဝေသွားသည့်အတွက် ရှုဖုန်းရီ
အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။

'ညီမ ခေါင်းကိုက်တာက လွဲပြီး တခြား ဘာဖြစ်သေးလဲ'

လီလီက ခေါင်းယမ်းလိုက်သည်။

'ဘာမှမဖြစ်ဘူး၊ အခု သက်သာသွားပါပြီ'



အမှတ် ၁၅/၁၃၈၊ ဗိုလ်...
ရှိန်း ၂၀၇၄၄

ဤသို့မှ မပြောလျှင် ရှုဖုန်းရီ၏ နောက်ထပ် မေးခွန်းများက
ဆုံးနိုင်တော့မည် မဟုတ်ပေ။

'အစ်ကို အိုဂူးဝါးကို ဖမ်းမိပါပြီကွာ၊ နောက်ထပ်
ခရီးထွက်စရာ မလိုတော့ပါဘူး၊ ညီမအနားမှာပဲ အမြဲရှိနေ
တော့မှာ သိလား'

'အစ်ကို ဝမ်းသာပေမယ့် ကျွန်မ ဝမ်းမသာဘူး'

ရှုဖုန်းရီ မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

'အစ်ကို့ကို တစ်နေ့နေ့ သူတို့ ကလဲ့စားချေလိမ့်မယ်
သိလား'

ရှုဖုန်းရီက ပြုံးလိုက်လေသည်။

'အစ်ကို့ကို ဘယ်သူက ကလဲ့စားချေမှာလဲ'

'နာကြည်းချက်ရှိနေတဲ့လူက တစ်နေ့မဟုတ်တစ်နေ့ ပြန်
ချေမှာပဲ'

'ညီမကလဲကွာ၊ အဲဒါတွေကိုသာ လျှောက်တွေးနေရင်
ဒီလောကကြီးမှာ နေစရာတောင် ရှိမှာ မဟုတ်တော့ဘူး'

'အခု အ သတ်ခံနေရတာတွေဟာ ကြိုဂံခေါ်သမားကကလဲ့
စား ချေနေတာ မဟုတ်လား၊ ဟွေဆန်းကိုးကပြောတော့
နာကြည်းချက်ရှိလို့ အတိတ်က အကြွေးတွေ ဆပ်နေတာတဲ့'

ရှုဖုန်းရိသည် လီလီကို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ သူမသည် မိမိသိမ်းဆည်းထားသော အနီရောင်စာတ်ကို တွေ့ရှိနေပြီလားဟု တွေးမိသည်။

မိမိသည် ထိုဓာတ်ကို ဆုတ်ဖြဲသင့်ပေသည်။

'လီလီကလဲ ဘာတွေ လျှောက်ပြောနေတာလဲ၊ နေကောင်းကောင်းသာနေပါ၊ အစ်ကို ဘာမှမဖြစ်နိုင်ပါဘူးကွာ'

ရှုဖုန်းရိသည် သူမကို ပွေ့ဖက်လိုက်သည်။

ခေတ္တမျှကြာသော် နှစ်ယောက်စလုံး တင်းကျပ်စွာ ဖက်ထားကြလေသည်။

ပြင်းထန်သော အသက်ရှုသံများကသာ အခန်းထဲ၌ လွှမ်းမိုးသွားလေသည်။

* * *

ရှုဖုန်းရိမှာ လူပင်ပန်း စိတ်ပင်ပန်း ဖြစ်နေသည်။

လူပင်ပန်းသည်မှာ အနားယူလိုက်လျှင် သက်သာသွားစေသော်လည်း စိတ်ပင်ပန်းသည်မှာ ဆိုးဝါးလှသည်။



စားချင်စိတ် ပျောက်သည်။

အိပ်ချင်စိတ် ပျောက်သည်။

ရှုဖုန်းရိသည် မိမိအိပ်ပျော်အောင် အချိုးမျိုးကြိုးစားသော်လည်း မျက်လုံးကြောင်ပြီး လုံးဝအိပ်ချင်စိတ် ပျောက်နေတော့သည်။

'စီစီချမ်း' ဆိုသည့် မိန်းကလေးသည် သူ၏စိတ်ကို ချောက်ချားအောင် ဖန်တီးနေသည်။

ရှုဖုန်းရိသည် အိမ်ရှေ့ဝရန်တာသို့ ထလာခဲ့သည်။

မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများက ရှုဖုန်းရိအား မျက်စိမှိတ်ပြပြီး ကျီစယ်နေဟန်ရှိ၏။

ထိုကြယ်ကလေးများနှင့်အတူ....

ရှုဖုန်းရိ၏စိတ်ဘိုသည် အတိတ်ဆီသို့ လွင့်မျောသွားသည်။

ဟိုး လွန်ခဲ့သော ဆယ်နှစ်နီးပါးဆီသို့ ဖြစ်သည်။

သို့မဟုတ် သူ့ဘဝထဲသို့ စီစီချမ်းရောက်လာသည့် ကာလဆီသို့....။

## အခန်း (၂၄)

### အတိတ်၏ အရိပ်များ

ခြောက်သွေ့သော နွေရာသီကြောင့် အချို့သစ်ပင်တို့မှာ အရိုးပြိုင်းပြိုင်းနှင့် ဖြစ်နေသည်။

တဟူးဟူး တိုက်ခတ်နေသော လေနှင့်အတူ ပင်အိုတို့မှ ရွက်ဝါတို့သည် တဖုတ်ဖုတ်နှင့် မြေသို့ ဆင်းသက်ကြရသည်။

အလှအပကို ဖျက်ဆီးသောနွေ....။

ပူပြင်းသော နွေ။

နွေ၏နေရောင်သည် ခြစ်ခြစ်တောက် ပူပြင်းနေပေသည်။

သို့သော် မြေပြန့်လွင်ပြင်နှင့်စာလျှင် တောင်တန်းကြီးပေါ်တွင် အပူရှိန်များစွာ သက်သာလှသည်။



သစ်ပင်ကြီးများ၏ အရိပ်အာဝါသများက အပူရှိန်ကို အကာအကွယ် ပြုထားလေသည်။

ရွက်ဖျင်တဲ၏အမိုးမှာ လေတိုက်သဖြင့် တဖျတ်ဖျတ် အသံများ ပေါ်ထွက်နေသည်။

ရွက်ဖျင်တဲ၏အဝင်ဝတွင် ဘုရင့်တံဆိပ်တော်အလံကြီးများကို ကြက်ခြေခတ်သဏ္ဍာန် ထောင်ထားသည်ကို တွေ့ရသည်။

ယာယီတဲကလေး၏နံဘေးတွင် မီးခိုးတလူလူနှင့် ချက်ပြုတ်နေသော စားဖိုမှူးတပ်သားက ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေသည်။

'ချီလျှန်' တောင်တန်းသည် ကန်းစုပြည်နယ် အနောက်ပိုင်းနှင့် ချင်ဟိုင်းပြယ်နယ် အရှေ့ပိုင်းကို ဘေးတိုက်ယှဉ်လျက်ရှိနေသော တောင်တန်းများ ဖြစ်သည်။

ထိုတောင်တန်းထဲမှ အမြင့်ဆုံး တောင်ထိပ်မှာ လင်လုံတောင်ထိပ်ပင် ဖြစ်လေသည်။

တပ်မှူးလေး ရှုဖုန်းရိသည် ပျော်ရွှင်ခြင်းငွေစွာဖြင့် လင်လုံတောင်ထိပ်ကို လှမ်းမျှော်ကြည့်နေမိသည်။

ဤတောင်တန်းများ၌ သူပုန်များ ခိုအောင်းနေသည်ဟု သတင်းကြားသိရသဖြင့် ရှုဖုန်းရိတို့ အဖွဲ့သည် တောင်တန်းများပေါ်၌ တောနင်းရှာဖွေလာရာ တစ်လကျော်ပြီဖြစ်သည်။

သို့သော် မည်သည့် သူပုန်သူကန်ကိုမှ မတွေ့ရသေးပေ။

'လင်လုံကျား' ဟု အမည်ရထားသော 'ထုံချွန်း' ဂိုဏ်း တစ်ဂိုဏ်းသည် ချီလျှန်တောင်တန်းကြီးများကို အမှီပြု နေသော ကျေးရွာများအား အဘောပင် ဒုက္ခပေးနေသည်။

လူသတ်သည်။

ဓားပြတိုက်သည်။

အချို့သော ကျေးရွာများမှာ ရွှေ့ပြောင်း ပြေးကြရ သည်။

ထိုသတင်းကို နေပြည်တော်မှ ကြားသိသည်နှင့် မြို့စားကြီး က တပ်မှူးကြီး ကျွန်ယဲ့ ခေါင်းဆောင်သော တပ်ဖွဲ့တစ်ဖွဲ့ ကို စေလွှတ်လေသည်။

ထိုတပ်ဖွဲ့၌ တပ်မှူးရှဖုန်းရိသည်လည်း လိုက်ပါလာသည်။

တပ်မှူးကြီး ကျွန်ယဲ့သည် ရွက်ဖျင်တဲအတွင်းမှ ထွက်လာ တာ တစ်နေရာသို့ ငေးမောနေသော တပ်မှူးလေး ရှဖုန်းရိကို လှမ်းကြည့်လိုက်သည်။

'ဘယ်လိုလဲ ရှဖုန်းရိ သိပ်ပျင်းနေပြီလား'

ရှဖုန်းရိက ပြုံးလိုက်သည်။

'တာဝန်နဲ့ ဝတ္တရားပဲ တပ်မှူးကြီးရဲ၊ ပျင်းနေလို့ အော အကျိုးရှိမှာမှ မဟုတ်ဘဲ'



တပ်မှူးကြီးက....

'အေးလေ တပ်မှူးလေး ဘာမှ နောက်ဆံတင်းစရာ မရှိ တော့ စိတ်ကို ဖြေလို့ရသေးတယ်'

ရှဖုန်းရိ ရယ်လေသည်။

'ဟား....ဟား.... တပ်မှူးကြီး အိမ်ကအစ်မကြီးကို လွမ်း နေပြီနဲ့ တူတယ်'

တပ်မှူးကြီး ကျွန်ယဲ့သည် ရှဖုန်းရိ အနားတွင် ဝင်၍ ထိုင်လိုက်လေသည်။

'တောထဲ တောင်ထဲမှာ နေရဖန်များတော့လဲ အိမ်ကို သတိရတာပေါ့ဗျ၊ မင်းလဲ တစ်နေ့ ကျုပ်လိုပဲ ခံစားရ မှာပါ'

'ကျွန်တော် ဘယ်တော့မှ မိန်းမ မယူဘူး တပ်မှူးကြီး၊ ယုံပါ့မလား'

တပ်မှူးကြီး ကျွန်ယဲ့က ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ် သည်။

'အင်း တခြားလူနဲ့ ဆိုရင်တော့ ကျုပ် လောင်းပါတယ်၊ ဒါပေမယ့် မောင်ရင့်ကိုတော့ မလောင်းရဲဘူး၊ ဒီလောက် ငွေကြေးချမ်းသာပြီး လှပတဲ့ အမျိုးသမီးတွေ ပတ်ပတ်လည် ဝိုင်းနေတာတောင် တစ်ယောက်မှ မောင်ရင်က စိတ်မဝင်

စားတူး ဆိုတော့ တစ်ခါတလေ ကျုပ်တွေးမိတယ်၊ မောင်ရှင်ဟာ ယောကျ်ားစိတ်မှ ရှိရဲလားလို့'

တပ်မှူးလေး ရှဖုန်းရိ က....

'ဟာဗျာ မိန်းမကို စိတ်မဝင်စားတာနဲ့ပဲ ယောကျ်ားစိတ် မရှိဖြစ်ရမှာလားဗျ၊ ကျွန်တော်ဟာ ဟောဒီခေါးကိုင်ရတဲ့ အလုပ်ကိုပဲ စိတ်ဝင်စားတယ်'

'အင်း....အင်း.... ဟုတ်မှာပါလေ'

တပ်မှူးကြီးက ရှဖုန်းရိ၏ စကားကို အလျော့ပေး လိုက်သည်။

အလျော့မပေး၍ မဖြစ်။

ရှဖုန်းရိသည် သူ၏စကားအတိုင်းပင် တိုက်ရေး ခိုက်ရေး အလုပ်တာဝန်မှအပ ဘာကိုမှ စိတ်ဝင်စားသူ မဟုတ်ပေ။

သူ့ကို မျက်စိကျနေသည့် အမျိုးသမီး များစွာရှိသည်။ အခြားလူများက ဘယ်လောက်ပင် ဝိုင်း၍ ဘေးတီးပေးသော်လည်း ရှဖုန်းရိသည် မည်သည့်အမျိုးသမီးကိုမှ စိတ်ဝင်စားဟန် မပြခဲ့သောအခါ ဘေးတီးပေးသူများ လက်လျော့လိုက်ရသည်။

တပ်မှူးကြီးသည် အတန်ကြာအောင် ငေးမောနေပြီးမှ—

'ကျုပ် ဒီလို စိတ်ကူးထားတယ်'



ကျွန်ယဲ့သည် တုတ်ကစ်ချောင်းကိုယူ၍ မြေကြီး၌ ရေးခြစ်လိုက်သည်။

'ကျုပ်တို့ တပ်စုနှစ်ခု ခွဲလိုက်မယ်၊ မောင်ရှင်က ဟောဒီ ကျေးရွာတွေကို ဝင်စုံစမ်းပြီး ရင်ဆိုင်တွေ့ရင်လဲ အပြတ်သာ ချေမှုန်းပေတော့၊ ကျုပ်က ဟောဒီဘက်က ကျေးရွာတွေကို သွားမယ်'

ရှဖုန်းရိက ခေါင်းညိတ်လိုက်သည်။

'အင်မတန်ကောင်းတဲ့ အစီအစဉ်ပဲ'

* * *

မြင်းရှစ်ကောင်သည် ဘုရင့်တံဆိပ်ပါသော အလံကြီးများကို လွှင့်ထူ၍ ပြေးလွှားနေပေသည်။

အလံဆောင်ထားသော မြင်း၏နောက်တွင် ရှဖုန်းရိက ဝဇီကြွားစွာဖြင့် လိုက်ပါလာသည်။

ရှဖုန်းရိတို့ တပ်ဖွဲ့သည် ကျေးရွာများကို ဖြတ်သန်း၍ လာခဲ့သော်လည်း ထုံချွန်းဘိုဂိုဏ်းနှင့် မတွေ့ဆုံသေးပေ။

သုံးရက်မြောက်သော နေ့တွင် နှမ့်ပါးကျေးရွာကို လှ
မြင်ရသည်။

သို့သော် မီးဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့
သဖြင့် ရှဖုန်းရိတို့သည် မြင်းများကို အားကုန်မောင်းနှ
ထိုကျေးရွာထဲသို့ ဝင်ရောက်ကြသည်။

ထုံရှန်းတို့အဖွဲ့ အိမ်များကို မီးတိုက်နေ၏။

နှဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြရပြီဖြစ်သည်။

ထုံရှန်းတို့ အဖွဲ့သားများက ဆယ့်ငါးယောက်၊ ရှဖုန်း
တို့က ရှစ်ယောက်သာ ရှိသည်။

သို့သော်.... ရှဖုန်းရိတို့သည် ရှပ်ရှင်ချွံချွံပင် ဝင်
တိုက်ခိုက်သောကြောင့် ထုံရှန်းကို အသေ ဖမ်းဆီးရမိသည်

ရှဖုန်းရိမှာ ဒဏ်ရာ အကြီးအကျယ် ရသွားသည်။

ဓားပြဂိုဏ်းသားများက မရှုမလှ သေဆုံးကုန်ကြ၏။

ရှဖုန်းရိမှာ ထုံရှန်းကို လွယ်လွယ်နှင့် သတ်နိုင်ခြင်းမရှိ
ပါ။ ထုံရှန်းသည် မြင်းနှင့်ထွက်ပြေးသဖြင့် ရှဖုန်းရိက လိုက်
တိုက်ခိုက်သည်။

တစ်ညလုံးလုံး ရေကုန်ရေခန်း တိုက်ခိုက်မှ ထုံရှန်းသေ
သွားသည်။



ရှဖုန်းရိမှာလည်း မသေရုံတမယ် ဒဏ်ရာပေါင်းများစွာနှင့်
ကျန်ရစ်ခဲ့သည်။

* * *

စုံးစန်းကျေးရွာကြီး၌ ရှဖုန်းရိ ဆေးကုသရလေသည်။

ရှဖုန်းရိမှာ လောလောဆယ်အားဖြင့် ဘယ်နည်းနဲ့မှ
ခရီးမဆက်နိုင်တော့သဖြင့် ငယ်သားများကို ပြန်လွှတ်လိုက်
လေသည်။

သူသည် စုံးစန်းကျေးရွာမှ သမားတော်ကြီး တစ်ဦး၏
အိမ်၌ ဆေးကုသမှုကိုခံနေရသည်။

သူ၏ လက်မောင်းနှင့် ခါးရိုးတွင် ဓားဒဏ်ရာ ရရှိပြီး
ရင်ဘတ်နှင့် လက်ပြင်တို့၌ အတွင်းဒဏ်ရာများ ရရှိသွားလေ
သည်။

သမားတော်ကြီး စွာလိန်းသည် စွယ်စုံတတ်ကျွမ်းသော
ဆရာကြီးတစ်ဦးအဖြစ် နာမည်ကျော်ကြားသူ ဖြစ်လေသည်။

သူ့ကို စုံးစန်းတစ်ရွာလုံးသာမက ရွာနား ပတ်ဝန်းကျင် ကျေးရွာ အမြောက်အမြားကပင် လေးစား ကြည်ညိုကြသည်။

သမားတော်ကြီး စွာလိန်းသည် စိတ်ထားအလွန် မွန်မြတ်သူ တစ်ဦးအဖြစ်လည်း ထင်ရှားလှ၏။

ရှဖုန်းရိမှာ သမားတော်ကြီး စွာလိန်းနှင့် တွေ့ရသည်တွင် အလွန် ကံကောင်းသွားပေသည်။

အစွမ်းထက်သော ဆေးဝါးများအပြင် စားဖွယ်သောက်ဖွယ် များကိုလည်း လိုလေသေးမရှိအောင် ကျွေးမွေး စောင့်ရှောက်သောကြောင့် ဖြစ်၏။

သူသည် ရှဖုန်းရိ၏ ဒဏ်ရာများကို မကြာခဏ ကြည့်ရှုစစ်ဆေးကာ ဆေးဝါးထည့်ပေးသောကြောင့် နှစ်ရက် သုံးရက်အတွင်း အတော် သက်သာလာတော့သည်။

'တပ်မှူးလေးဒဏ်ရာ ပျောက်တော့မှာပါ၊ နောက် ငါးရက်ဆိုရင် အခြေအနေ အားလုံး ကောင်းသလောက် ရှိသွားပါပြီ၊ အတွင်းဒဏ်ရာကတော့ ဆယ်ရက်အတွင်း သက်သာသွားမှာပါ'

'ဟုတ်ကဲ့၊ သမားတော်ကြီးရဲ့ကျေးဇူး ကြီးမားလှပါတယ်'

'အေးပေါ့ကွာ၊ တစ်ဦးနဲ့တစ်ဦးဟာ အတုံ့အလှည့် ရှိကြတာပဲ၊ နယ်မြေတွေ အေးချမ်း သာယာအောင်၊ သက်စွန့်



ကြိုးပမ်း ဆောင်ရွက်ပေးတဲ့ မင်းတို့ရဲ့ကျေးဇူးကလဲ ဘယ်လောက် ကြီးမားတယ်ဆိုတာ တို့သိပါတယ်'

'ကျွန်တော်တို့က မင်းမှုထမ်းတွေပဲ၊ ဘုရင်မင်းမြတ်က ခိုင်းစေတာကို ကျေပွန်အောင် ထမ်းဆောင်ရတာပါ'

'အေး....အေး၊ သာဓုကွယ်'

* * *

ရှဖုန်းရိသည် အခန်းထဲ၌ အနားယူပြီး မျက်စိနှစ်ဖက်ကို မှိတ်ကာ မှိန်းနေသည်။

သူ၏နားထဲတွင် ခြေသံလိုလို ကြားနေရသော်လည်း သမားတော်ကြီး သို့မဟုတ် အခြားသူများ၏ ခြေသံသာ ဖြစ်ရမည်ဟု သိပ်ပြီး သတိမထားမိပေ။

ခြေသံက ရှဖုန်းရိနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ရှဖုန်းရိက နီးကပ်လာသော ခြေသံကြောင့် ရုတ်တရက် မျက်လုံးဖွင့်ကြည့်လိုက်သည်။

'ဟိုက်....'

ရှဖုန်းရီ ကပျာအယာ ခုန်ထလိုက်ပြီး ဓားကိုဖမ်းလုလိုက်သည်။

အမျိုးသမီးတစ်ယောက်....

အဝတ်အစား ဖိုသီဖတ်သီ ဝတ်စားထားပြီး ခေါင်းမှဆံပင်များကလည်း ပွရောင်းအာ မျက်နှာသို့ အုပ်နေသည်။

ထိုအမျိုးသမီးသည် ရှဖုန်းရီအား မပြောမဆိုဘဲ အလစ်ဝင်လာကာ ဓားမြှောင်နှင့် ထိုးချလိုက်ခြင်း ဖြစ်သည်။

ရှဖုန်းရီမှာ လျင်မြန်စွာဖြင့် ဓားကိုဆွဲလုပြီး သူမကို တွန်းထိုး ပစ်လိုက်သည်။

'မသာကောင် သေမယ့်သာပြင်၊ နင်တို့ကို မသတ်ရမချင်းငါမကျေဘူး၊ အားလုံးကိုတန်းစီပြီး သတ်ပစ်မယ်ဟေ့'

သူမအာပြောပြီး ရှဖုန်းရီကို ဝင်ထိုးသည်။

ရှဖုန်းရီက တွန်းထိုးပစ်သော်လည်း သူမသည် ရှဖုန်းရီ၏လက်ကို ကိုက်ထားလေသည်။

'ဟေ့....နောက်ဆုတ်လိုက်စမ်း'

သမားတော်ကြီး၏အသံက ကျယ်လောင်စွာ ပေါ်လာသည်။

ထိုအခါမှ သူမကရပ်တန့်ပြီး ရှဖုန်းရီအား....



'နင့်ကိုမသတ်ရရင် မကျေဘူး၊ နင်ဟာ လူသတ်သမားပဲ၊ သေချင်းဆိုးတွေအားလုံးကို တန်းစီပြီးသတ်ပစ်မယ်၊ ဟား....ဟား....ဟား'

သူမကပြောပြီး ကျယ်လောင်စွာ ရယ်မောပြန်သည်။

'ဟေ့....လာစမ်း၊ သူ့ကိုဆွဲခေါ်ပြီး အခန်းတံခါး လုံအောင် ပိတ်ထားလိုက်စမ်း'

သမားတော်ကြီးသည် အလုပ်သမားနှစ်ယောက်ကို လှမ်းခေါ်သည်။

အလုပ်သမားကြီးနှစ်ယောက်က သူမကို တစ်ဖက်တစ်ချက်ဆွဲခေါ်သွားလေသည်။

အမျိုးသမီးသည် ရှဖုန်းရီကို စိန်းစိန်းကြည့်ကာ ပါးစပ်မှဆဲဆိုကြိမ်းမောင်းရင်း ပါသွားသည်။

ရှဖုန်းရီမှာ နဖူးမှချွေးများပင် စို့သွားတော့သည်။

* * *

'ဒီကလေးမလေးက အခြားနယ် တစ်နယ်ကပါကွာ၊ ကျုပ်ဆေးကုသွားရင်း တွေ့ခဲ့တာပါ၊ သူ့မိဘဆွေမျိုးတွေကို သူ့

ရွှေမှာ လူဆိုးတွေက ရက်ရက်စက်စက် သတ်သွားတာကိုမြင်ပြီး စိတ်နောက်နေတာလို့ အဲဒီရွာသားတွေက ပြောတယ်။

'ကျုပ်လဲ ကလေးမလေးအပေါ် အတော်စိတ်မကောင်း ဖြစ်ပြီး သနားသွားတယ်၊ ဒီမိန်းကလေး ဒီလိုသာလျှောက်သွားနေရင်တော့ တစ်နေ့နေ့မှာ ဒုက္ခတွေ့တော့မှာပဲဆိုပြီး အဲဒီကျေးရွာကလူတွေဆီ ခွင့်တောင်းပြီးတော့ ဆေးကုသဖို့ ခေါ်ခဲ့တာပဲ။

'နာမည်က စိစိချမ်းလို့ ခေါ်ပါတယ်၊ သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရက်စက်မှုတွေကိုတွေ့ရပြီး သည်းခြေပျက်သွားတာပဲ၊ မြင်တဲ့လူကို ရန်သူပဲလို့ သတ်မှတ်ပြီး သတ်ဖို့ပဲကြိုးစားနေတာ၊ သူ့အဖို့ အင်မတန် အန္တရာယ်များတာပေါ့'

သမားတော်ကြီးက မိန်းကလေးနှင့်ပတ်သက်၍ ရှည်လျားစွာ ပြောပြနေခြင်း ဖြစ်သည်။

သမားတော်ကြီးပြောသည်မှာ မှန်သည်။

မိန်းကလေးသည် ငယ်ငယ်ရွယ်ရွယ်ပင် ရှိသေးသည်။

သူမ၏မျက်နှာက အရုပ်ဆိုး အကျည်းတန်ခနသော်လည်း ကိုယ်လုံးကိုယ်ပေါက်က မဆိုးလှပေ။

ယောကျ်ားတွေ သွားရည်ယိုနိုင်သည့် ကိုယ်လုံးကိုယ်ပေါက်မျိုးဖြစ်သည်။

'ဆရာကြီး သူ့ကို ဆေးကုသနေသလား'



သမားတော်ကြီးက သက်ပြင်း ချလိုက်သည်။

'အင်း....ကျုပ်လဲ တတ်သလောက် ကုသပါတယ်၊ ဒါပေမယ့် ထူးခြားမှု မရှိပါဘူးကွာ၊ သူဟာ စိတ်တော်တော်ထိခိုက်ထားတယ်၊ ယောကျ်ားမှန်သမျှကို သတ်မယ်၊ ထလဲ့စားချေမယ်လို့ပဲ အမြဲကြိမ်းဝါးနေတယ်၊ ဒါကြောင့်မို့လဲ သူ့ကို အခန်းထဲမှာ လုံခြုံအောင် ထားရတာပေါ့၊ သူ့ကို ထမင်းပင်ကျွေးတဲ့လူကို ရန်ပြုပြီး ထွက်သာတာဖြစ်ရမယ်'

'သူ့နာမည်က စိစိချမ်းတဲ့လား'

ရှုဖုန်းရိက မေးလိုက်လေသည်။

'သူ့ကိုယ်သူတော့ စိစိချမ်းလို့ပြောတာပဲ၊ ဟုတ်မဟုတ်တော့ မသိဘူး'

'တယ်သနားဖို့ကောင်းတာပဲဗျာ'

သမားတော်ကြီးက....

'အေးလေ ကျုပ်လဲ ဆရာဖြစ်ပြီး မသူတော်တွေနဲ့တွေ့မှာစိုးလို့ ကယ်တင်ထားရတာပဲ၊ သူ့ရဲ့ ပင်ကိုရုပ်ရည်က သိပ်မဆိုးလှဘူးကွ၊ တမင်တကာ ကျုပ်ရုပ်ဖျက်ထားတာ'

ရှုဖုန်းရိက သမားတော်ကြီးကို အံ့သြသလိုမော့ကြည့်လိုက်သည်။

'သမားတော်ကြီး ရုပ်ဖျက်ထားတယ်....ဟုတ်လား'

သမားတော်ကြီးက ပြုံးလိုက်သည်။

'သူ့ ကိုယ်လုံးကိုယ်ပေါက်က လှတယ်မဟုတ်လား၊ ဒီကြားထဲ ရုပ်ကလဲချောနေမယ်ဆိုရင် ပိုပြီး အန္တရာယ်တွေများမယ်လေ၊ ဒါကြောင့် ကျုပ်လဲ တတ်တဲ့ပညာနဲ့ သူ့မျက်နှာကို အကျည်းတန်အောင် ဖျက်ဆီးထားရတယ်'

ရှုဖုန်းရိသည် သမားတော်ကြီး၏ စေတနာနှင့် မေတ္တာတရားကို လေးစားသွားမိတော့သည်။

* * *

စီစီချမ်းကို အဆောင်တစ်ခုနှင့် သပ်သပ်ထားလေသည်။

ထိုအဆောင်ထဲတွင် အခန်းတစ်ခု ပြုလုပ်ပြီး လုံခြုံအောင် ထားရှိထားသေးသည်။

စီစီချမ်းသည် သစ်အားတိုင်များကြားမှ ရှုဖုန်းရိ လမ်းလျှောက်လာသည်ကို ဆဲဆိုကြိမ်းမောင်းနေသည်။

ရှုဖုန်းရိက သူမကိုကြည့်ပြီး ပြုံးလိုက်သည်။

'ညီမက တယ်ဒေါသကြီးတာကိုး'



သို့သော် စီစီချမ်းသည် ရှုဖုန်းရိကို ဆဲဆို ကြိမ်းမောင်းမြဲပင် ကြိမ်းမောင်းနေသည်။

ထိုအခါ သူမကို စောင့်ကြပ်သည့် အမျိုးသမီးကြီးက စီစီချမ်းကို တစ်ချက်ရိုက်နှက်လိုက်သည်။

စီစီချမ်းမှာ နာကျင်၍ ငိုပြန်သည်။

ရှုဖုန်းရိ စိတ်မကောင်း ဖြစ်ရသည်။

* * *

နောက်နေ့များတွင် ရှုဖုန်းရိသွားသောအခါ စီစီချမ်းသည် ယခင်ကကဲ့သို့ ဆဲဆိုကြိမ်းမောင်းခြင်း မပြုတော့ပေ။

သူမဆဲလျှင် အစောင့်အမျိုးသမီးက ရိုက်မည်ကို သူမ သိထားဟန်တူသည်။

ရှုဖုန်းရိသည် သူမ၏ အခန်းရှေ့၌ အသာထိုင်၍ သူမကို ပြုံးပြမိပြန်သည်။

စီစီချမ်း မည်သို့မှ မတုံ့ပြန်ပါ။

တွေတွေကြီးသာ စိုက်ကြည့်နေသည်။

သို့သော်လည်း သူမ၏ မျက်လုံးတွင် ရန်လိုသည့် အရိပ်အယောင်များ မတွေ့ရပေ။

ရှဖုန်းရီသည် သူ၏ အိတ်ထဲမှ သကြားခဲတစ်ခဲကို စီစီချမ်းအား လှမ်းပေးလိုက်သည်။

သူမက ဆတ်ခနဲ ဆွဲယူ၍ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

ထို့နောက် သူမအသကြားခဲကိုစားရင်း သီချင်းတစ်ပုဒ်ကို အစမရှိအဆုံးမရှိ သီဆိုလိုက်လေသည်။

* * *

ရှဖုန်းရီသည် အတော်ပင် ရောဂါသက်သာလာခဲ့ပြီဖြစ်၍ တစ်ရက်နှစ်ရက်အတွင်း ကျုံကွမ်းသို့ ပြန်တော့မည်ဖြစ်သည်။

သူသည် စီစီချမ်းအခန်းကို မသိမသာချောင်းကြည့်မိသည်။

သူမသည် တစ်စုံတစ်ယောက်ကို ငေးမျှော် နေဟန်ဖြင့် သစ်သားချောင်းကြီးများကိုမှီပြီး ရပ်တန့်နေပေသည်။



ရှဖုန်းရီက သကြားလုံးတစ်လုံးကိုနှိုက်၍ သူမထံ လျှောက်သွားသည်။

ထူးထူးခြားခြား သူမက ရယ်မော၍ သကြားခဲတောင်းသည်။

ရှဖုန်းရီက လှမ်းပေးလိုက်သောအခါ စီစီချမ်းသည် အဝမ်းမရ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်လေသည်။

'စီစီချမ်း….'

ရှဖုန်းရီက ခေါ်သည်။

သူမက ပြူးကြောင်ကြောင်နှင့် ရှဖုန်းရီကို ငေးကြည့်နေသည်။

'စီစီချမ်း၊ ညီမ ထမင်းစားပြီးပြီလား'

သူမက ခေါင်းယမ်းသည်။

'သူ ညာနေတာ၊ ငါ ကျွေးပြီးပြီ'

အစောင့် မိန်းမကြီးက လှမ်းပြော၏။

ရှဖုန်းရီသည် နောက်ထပ် သကြားလုံးတစ်လုံးကို ထပ်မံ၍ ပေးလိုက်လေသည်။

'စီစီ ချမ်း နေကောင်းလား'

'သူများ ဘာမှ မဖြစ်ဘူး၊ ကောင်းတယ်'

'ထမင်းစားလို့ကော ကောင်းလား'

'တစ်စက်မှ မကောင်းဘူး၊ ဟိုသေနာမက မဟုတ်တာတွေ ကျွေးတယ်'

အစောင့် အဘွားကြီး မျက်နှာနီရဲသွားသည်။

'စီစီချမ်း....'

'ဘာလဲ....'

'စီစီချမ်းက လိမ္မာပါတယ်၊ ဆံပင်တွေကို ဖြီးလိုက်ပါဦး လား'

ရှုဖုန်းရိက ရှုပ်ပွနေသော ဆံပင်များကို ဖြီးခိုင်းလိုက် သည်။

စီစီချမ်းသည် ဆံပင်များကို ပြန်၍ စမ်းကြည့်ပြီး ခေါင်း ယမ်းလိုက်သည်။

'မဖြီးဘူး'

'ဘာဖြစ်လို့လဲ ညီမရဲ့'

'ဒီလိုပဲနေတာ လှလို့'

ရှုဖုန်းရိ ပြုံးလိုက်သည်။

ရှုဖုန်းရိသည် သူမကို ကြည့်နေရင်းမှ သမားတော်ကြီး ချင်ချင်ကို မျက်စိထဲ မြင်ယောင်လာသည်။



သူ့အနားသို့ သမားတော်ကြီး စွာလိန်း ရောက်လာသည်။

'ထပ်မှုုးလေးနဲ့ စီစီချမ်း တည့်သွားပြီနဲ့ တူတယ်'

ရှုဖုန်းရိက ပြုံးလိုက်သည်။

'ကျွန်တော့် မိတ်ဆွေ ဖြစ်နေပြီ'

'သူ့ခင်မင်သွားရင်တော့ ပြောရဆိုရတာ အင်မတန်ကောင်း ပါတယ်'

ရှုဖုန်းရိက အတန်ကြာအောင် စဉ်းစားနေပြီးမှ....

'သူ့ကို ကျုံကွမ်းက စိတ်သမားတော်ကြီး ချင်ချင်နဲ့ကုရင် ကောင်းသွားမယ် ထင်တယ်'

သမားတော်ကြီး စွာလိန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ အဲဒီလိုပဲစဉ်းစားမိတယ်၊ ဒါပေမယ့် သူ့ကို ခေါ်သွားဖို့၊ စောင့်ရှောက်ဖို့ဆိုဘာက လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ'

ရှုဖုန်းရိသည် စီစီချမ်းကို ကြည့်ကာ စဉ်းစားနေမိ၏။

သူ့အနေနှင့် တာဝန်ယူ၍ ခေါ်ဆောင်သွားပြီး ပြုစုလျှင် ဖြစ်နိုင်ပါသည်။

သို့သော်လည်း သမားတော်ကြီး စွာလိန်းက ခွင့်ပြုမပြု ဆိုတာအ ရှိသေးသည့်အတွက် သမားတော်ကြီးကို မော့ကြည့် လိုက်သည်။

'ကျွန်တော် ဒီလို စိတ်ကူးမိတယ်'

'ပြောပါတပ်မှူးလေး'

'ကျွန်တော် ကျုံကွမ်းကို ခေါ်သွားပြီး သမားတော်ကြီး ချစ်ချင်ဆီမှာ အပ်နှံချင်တယ်၊ ဆရာကြီးရဲ့ သဒ္ဒါတရားက...'

သမားတော်ကြီးက ဝမ်းသာသွားသည်။

'အို....ဘယ့်နှယ်ပြောပါလိမ့် တပ်မှူးလေးရယ်၊ ကျုပ်က ဘာဖြစ်လို့ ကန့်ကွက်ရမှာလဲ၊ ဒါပေမယ့် တပ်မှူးလေးမှာ ဒုက္ခတော်တော်များလိမ့်မယ်'

'ကျွန်တော် သူ့အတွက် အားလုံးကို တာဝန်ယူပါတယ်'

'ဟာ....ဒါဆိုရင် စိစိချွမ်း ကံကောင်းမှာပဲလို့ ကျုပ်ထင်မိတယ်၊ တပ်မှူးလေး ပြန်ရင် ခေါ်သွားနိုင်ပါတယ်ဗျာ'

* * *

လမ်းခရီးက လွယ်ကူလှသည် မဟုတ်။

အဆင်းအတက် အခက်အခဲတွေက များလှသည်။



မြင်းတစ်ကောင်နှင့် လူနှစ်ယောက်။

ရှဖုန်းရိမှာ တစ်ခါမှ မကြုံဖူးသော ဒုက္ခများနှင့် ကြုံတွေ့နေရတော့သည်။

သူသည် စိစိချွမ်းကို ကျွန်းမသွားစေချင်သည့် ဆန္ဒတသာ လွှမ်းမိုးနေသောကြောင့် ဤသို့ကြုံရမည်ကို ထည့်မစဉ်းစားခဲ့မိပေ။

သူမကို မြင်းနောက်မှာ မထားရဲ။

သူ့ရှေ့ ရင်ခွင်ထဲမှာ ထားခဲ့ရသည်။

ကောင်းကောင်းမွန်မွန် မသိုက်တဲ့ သိချင်းအောင်ဆိုသည်။ အောင်ဟစ်ငိုသည်။

ရှဖုန်းရိ စိတ်ညစ်ရတော့၏။

သူမကို ခပ်ကြမ်းကြမ်း ပြော၍မရပေ။ ချော့မော့ပြောမှ နားဝင်သည့်အတွက် တစ်လမ်းလုံး ချော့လာရသည်။

လမ်းခရီး၌ အခြားယောကျ်ား သုံးလေးဦး ကို မြင်းပေါ်က ဆင်းပြီး ခါးဖြင့်လိုက်သဖြင့် ရှဖုန်းရိ မနည်း လိုက်တောင်းပန်ရသည်။

ထိုလူများက ရှဖုန်းရိ အရှိန်အဝါကြောင့် ဘာမှပြန်မလုပ်သောသည်၊ သိ၍ပြီး ကျေနပ်ပုံမရ။

ရှုဖုန်းရိမှာ လူတွေရှိသောလမ်းမှ ဖြတ်သွားရန် အတော် ခက်ခဲနေတော့သည်။

ပြဿနာမှာ ယနေ့ည တောင်ခြေ၌ အိပ်ရမည့် ပြဿနာ ဖြစ်သည်။

* * *

စီစီချမ်းကို မြင်းပေါ်မှချ၍ ချော့မော့ရသည်။

'ညီမ ဘယ်မှမသွားရဘူးနော်၊ အစ်ကိုတို့ ဒီည ဒီမှာအိပ်မှာ'

စီစီချမ်းသည် ခေါင်းလေးငုံ့၍ နားထောင်နေသည်။

ပြီးမှ....

'အစ်ကို....'

'ဗျာ....'

'သူများကို မတရားမလုပ်ရဘူးနော်'

'ဟာ....ညီမကလဲ'



'ခစ်....ခစ်....ခစ်....အစ်ကိုက သူများကို မတရားလုပ်မှာပါ၊ ဓားနဲ့ကို ထိုးသတ်ပစ်မယ်၊ နားလည်လား'

'ညီမကို အစ်ကိုကြောက်ပါတယ်ဗျာ၊ ဒါပေမယ့် ညီမကို မတရားလုပ်ရင် ဘယ်သူ့ကိုမဆို ဓားနဲ့ထိုး ကြားလား'

ရှုဖုန်းရိအား မြောက်ပေးသည်။

'အစ်ကို့ကိုတော့ မထိုးဘူး'

'ဟော.... စောစောကပြောတော့ အစ်ကို့ကိုလဲ ဓားနဲ့ထိုးမယ်ဆို'

သူမက နှုတ်ခမ်းကိုစူထား၍ ခေါင်းယမ်းသည်။

'ဟင့်အင်း၊ အစ်ကိုက သူများသင်ပဲ'

'ဟာ....ညီမ၊ မပြောကောင်းဘူး'

'ပြောကောင်းတယ်၊ သူများက အစ်ကို့ကို သိပ်ချစ်တာသိလား'

ရုတ်တရက်....

စီစီချမ်းက ရှုဖုန်းရိ၏လည်ပင်းကို ပြေးဖက်ကာ ယီးလေးခိုသည်။

ရှုဖုန်းရိမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။

'ဒီမှာ ညီမလေး'

'ဘာလဲ'

'အစ်ကို မီးမွှေးလိုက်ဦးမယ်နော်၊ တို့ မီးလှုံရအောင်'

ရှဖုန်းရိကချော့ပြောသည်။

သူမက ခေါင်းညိတ်လိုက်သည်။

'သူများက ထမင်းအိုးတည်မယ်'

ရှဖုန်းရိက ရယ်၍....

'ဟာ....သိပ်ကောင်းတဲ့အကြံပဲ၊ ဒါပေမယ့် ညီမ ထမင်း အိုးတည်ရင် ပင်ပန်းမှာစိုးလို့ အစ်ကိုက မုန့်ကျွေးမယ်'

ရှဖုန်းရိက ပါလာသောမုန့်များကို ချကျွေးသည်။

သည်လိုတော့လည်း စီစီချမ်းသည် မြိန်ရည်ရှက်ရည် စား သောက်လေတော့၏။

* * *

'ညီမလေး အိပ်နော်၊ အစ်ကို မီးထိုင်လှုံမယ်'

ရှဖုန်းရိ အိပ်ဖို့ လုံးဝစိတ်မကူး။



အရှုံးမ စိတ်ဖောက်ပြီး တစ်စုံတစ်ခုပြုမှာ ကြောက်ရသည့် အပြင် ထွက်ပြေးမှာလည်း စိုးရိမ်ရသည်။

'အစ်ကို့ပေါင်ပေါ်မှာ ခေါင်းတင်ပြီး အိပ်မယ်'

'ကဲ....သဘော၊ သဘော'

စီစီချမ်းသည် အတန်ကြာအောင် မဟုတ်ကဟုတ်ကစကား တွေပြောနေပြီးမှ အိပ်ပျော်သွားသည်။

ယခုလို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြန်တော့လည်း အပြစ်မဲ့သည့် ကလေးငယ် တစ်ယောက်လိုပါပဲလား။

ရှဖုန်းရိသည် တစ်ချက်မျှ ငိုက်မျဉ်းလာသဖြင့် တုံးလုံးလှဲ လိုက်သည်။

မကြာမီ ပြန်နိုးလာသည်။

အဘယ်ကြောင့်ဆိုသော်....

သူမ၏ ဖြူဖွေးနေသော ပေါင်နှစ်လုံးသည် ရှဖုန်းရိအား ခွထားလျက်ဖြင့် အိပ်ပျော်နေသောကြောင့် ဖြစ်သည်။

ရှဖုန်းရိက ဂါဝန်ကို ပြန်၍ဖုံးပေးသည်။

မိမိအပေါ် ဖိထားသော ပေါင်တံကို အသာအယာ ဘေး သို့ ချပေးထားလိုက်ရသည်။

ရှရှန်းရိ ကတုန့်ကယင်ဖြင့် သက်ပြင်းတစ်ချက် ချမိလိုက်တော့သည်။

## အခန်း (၂၄)

## အတိတ်မှ အရိပ်များ (၂)

စီစီချွမ်းကို သမားတော်ကြီး ချင်ချင်တို့ညီအစ်ကိုက လက်ခံလိုက်သည်။

ရှဖုန်းရိက သူမအားတွေ့ရှိခဲ့ပုံနှင့် သူမ[illegible]နေခက်ကြောင်းကို သမားတော် စွာလိန်း ပြောသကဲ့သို့ ပြောပြလိုက်သည်။

ချင်ဂေဟာ၌ အခက်အခဲတစ်ခု ကြုံရသေးသည်။

စီစီချွမ်းသည် ရှဖုန်းရိနှင့် အတူမနေရလျှင် ချင်ဂေဟာ၌ မနေဟုဆိုပြီး အော်ဟစ်ငိုယိုသောကြောင့် သမားတော် ချင်ချင်က သူမ စိတ်ငြိမ်သက်စေရန် ဆေးများကို အတင်း ကျွေးလိုက်ရသည်။

သည်တော့လည်း စိစိချွမ်းသည် အိပ်ပျော် သွားရတော့၏။

ရှဖုန်းရိက ချင်ဂေဟာထဲမှ ဖြတ်လာစဉ် မှတ်တမ်းများ ထားသည့် အဆောက်အအုံရှေ့သို့ ရောက်ရှိလာသည်။

ထိုအဆောက်အအုံထဲမှ မိန်းကလေးသည် ရှဖုန်းရိအား စေ့စေ့ကြည့်ကာ မျက်နှာချင်းဆိုင်မိသည်နှင့် ပြုံးပြသည်။

ရှဖုန်းရိက မျက်နှာလွှဲလိုက်သောအခါ....

'တပ်မှူးလေး၊ ရှင်ကတော်တော်ကိန်းခန်းကြီးတယ်နော်၊ ကျွန်မ နှုတ်ဆက်တာတောင် အသိအမှတ်မပြုဘူး'

ဤသို့လှမ်းပြီး ပြောပြန်တော့လည်း ရှဖုန်းရိမှာ မနေသာ တော့ပေ။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်အလုပ်တွေ သိပ် များနေလို့ပါ'

'ကျွန်မတို့ ဂေဟာကို ရှင် အလည်သက်သက် လာတာ မဟုတ်လား'

'မဟုတ်ရပါဘူး၊ လူမမာတစ်ယောက် လာပို့တာပါ'

'ဒါဆိုရင် ရှင်ဒီကို ခဏခဏလာရမှာပေါ့'

ရှဖုန်းရိအခေါင်းညိတ်၍ လက်ပြကာ ထွက်သွားသည်။

'ဒီမိန်းကလေးကလဲ ငါ့ကို အဘော် စိတ်ဝင်စားနေပါ လား'



ရှဖုန်းရိ စိတ်ထဲမှ တိုးတိုးကလေး ရေရွတ်လိုက်သည်။

* * *

အမှန်စင်စစ် ထိုမိန်းကလေးကသာ နှုတ်ဆက်ခေါ်ငင်သော် လည်း သူမ၏နာမည်ကို ရှဖုန်းရိက လုံးဝမသိပေ။

ဤမိန်းကလေးသည် အတိဒုက္ခရောက်ရှိလာသဖြင့် သမား တော်ကြီးချင်ချင်က ပြုစုစောင့်ရှောက်ထားသည်။ နောက် ပိုင်း၌ မှတ်တမ်း ရေးသွင်းသည့် နေရာတွင် အလုပ်ပေးထား သည်ဟုသာ သိရသည်။

တစ်နေ့တွင် ရှဖုန်းရိ ချင်ဂေဟာသို့ လာခဲ့သည်။

စိစိချွမ်း အခြေအနေကို လာကြည့်သော်လည်း သူမနှင့် ရှေ့ဦးစွာ တွေ့ရသည်။

'ဒီမှာ ခဏလောက် ထိုင်ပါဦးလား၊ ဒီအချိန် အဆောင် တွေထဲကို မဝင်ရသေးဘူးရှင့်'

ရှဖုန်းရိသည် မလွှဲသာ၍ သူမအနီးတွင်ဝင်ထိုင်လိုက်သည်။

သူမ၏ အမည်သည် ဝေ့ယမ်းယမ်းဖြစ်သည်ဟု မကြာမီစာမှ သိရှိထားရလေသည်။

သူမသည် မိန်းမချော တစ်ယောက်ပင် ဖြစ်သော်လည်း ရှုဖုန်းရိ စိတ်တွင် မည်သို့မှ ဝင်စားခြင်း မရှိပါပေ။

သူမ၏ ဖော်ရွေမှုကို အသိအမှတ်ပြုသောအားဖြင့် အလိုက်အထိုက် ပြန်၍ဆက်ဆံရတော့သည်။

'အစ်ကိုနဲ့ လူမမာအ ဆွေမျိုးတော်သလားဟင်'

'မဟုတ်ပါဘူးဗျာ၊ သွားရင်း လာရင်း လမ်းမှာတွေ့ခဲ့တဲ့ ဒုက္ခသည် တစ်ယောက်ပါ'

'ဒါပေမယ့် သူက အစ်ကို့ကို သိပ် ခင်မင်ပုံရတယ်ရှင့်၊ အဆောင်က လူတွေက ပြောတယ်၊ တပ်မှူးလေး ရှုဖုန်းရိကို အချိန်ပြည့်မျှော်နေတယ်လို့ ပြောတယ်၊ သူက ရုပ်ဆိုးတယ်နော်၊ ကျွန်မ မနက်က ရောက်သွားလို့ မြင်မိလိုက်တယ်၊ ရုပ်ရည်က ကြမ်းတမ်းပြီး ဘီလူး သရဲမကြီးလိုပဲ'

'အင်း....သူ့အကျိုးပေးက ညံ့ဖျင်းတာကိုးဗျာ'

'ဟင်း....အစ်ကိုက ရုပ်ဆိုးတဲ့ လူကိုတော့ သနားတတ်တယ်၊ ကျွန်မတို့လို ရုပ်ချောတဲ့ လူကိုတော့ မသနားတတ်ဘူးလား'

သူမက ရယ်သလိုမေးသလိုနှင့် လမ်းခင်းလာသည်။

'ခင်ဗျားဘဝက အားလုံးပြည့်စုံနေတာပဲဗျာ'



ဝေ့ယမ်းယမ်း ဆက်ပြင်းချလိုက်သည်။

'ကျွန်မဘဝမှာ ကာမမပြည့်စုံရပါဘူးရှင်'

သူမအသံက ဝမ်းနည်းသံပါနေသည်။

ရှုဖုန်းရိသည် သူမမျက်နှာကို လှမ်းကြည့်မိလိုက်၏။

ဝေ့ယမ်းယမ်းသည် ရှုဖုန်းရိအား တစ်စုံတစ်ခုကို မျှော်လင့်ချက်ကြီး စွာဖြင့် စေးကြည့်နေသည်ကို တွေ့ရသည်။

သူမသည် ရေနွေးကြမ်းအရားကို ရှေ့နားသို့ရောက်အောင် ပို့ပေးရင်းမှ အသားချင်း ထိကပ်သွားသည်။

ရှုဖုန်းရိသည် စိတ်များ ကတုန်ကယင် ဖြစ်လာမိ၏။

သို့သော် ရှုဖုန်းရိကသူမကို ချီသာစွာနှုတ်ဆက်၍ အဆောင်ဆီသို့ တန်းသွားတော့သည်။

* * *

စီစီချမ်း စိတ်ထောက်နေသည်။

ရှုဖုန်းရိက ခေါ်သည်ကို မထူးပေ။ တစ်ဖက်သို့ လှည့်နေသည်။

သေသေချာချာ ကြည့်သောအခါ စီစီချွမ်း ငိုနေပေသည်။

'ညီမ ဘာဖြစ်လို့ ငိုနေတာလဲ'

'သတ်ပစ်မယ်၊ ရှင်တို့အားလုံးကို သတ်ပစ်မယ်၊ အားလုံးကို တန်းစီပြီး သတ်ပစ်မယ် သတိထားကြ'

သူမရောဂါ ပြန်ဖောက်လာသည်။

ရှုဖုန်းရိမှာ စိတ်မကောင်း ဖြစ်ရလေသည်။

သမားတော်ကြီး ချင်ချင်ဏာ ရောက်ရှိလာပြီး ရှုဖုန်းရိကို လက်တို့၍ ခေါ်သွားသည်။

'ကောင်မလေးဟာ ကုသဖို့ သိပ်မခဲယဉ်းလှဘူး၊ ဒါပေမယ့် လူနာတစ်ယောက်ကို ကုသတယ်ဆိုတဲ့အခါမှာ တစ်ခါတလေ သိပ်ပြီးတော့ အခက်အခဲနဲ့ တွေ့ရတယ်၊ စီစီချွမ်းဟာ ဘယ်သူ ဆေးတိုက်လို့မှ မရဘူး၊ သူငေါ်မြန်မြန် ပျောက်စေချင်ရင်တော့ မောင်ရင် မကြာမကြာ လာရလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော် အချိန်ရရင် ရသလို လာခဲ့ပါ့မယ်'

သမားတော်ကြီး ချင်ချင်ပြောသည်မှာ မှန်သည်။

စီစီချွမ်းသည် ရှုဖုန်းရိက ချော့မော့၍ ဆေးတိုက်မှ ဆေးကို မှန်မှန်သောက်သည်။



သူ့အနားမှာ ရှိနေမှလည်း ထမင်းကို အဝအပြစားလေသည်။

'အစ်ကို'

'ဗျာ'

'အစ်ကို ဘယ်သွားနေတာလဲဟင်၊ မကောင်းတဲ့ မိန်းမ၊ မိန်းမရှင်တွေနောက် လိုက်နေတယ် ဟုတ်လား'

ရှုဖုန်းရိက သူမ၏ ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

'ညီမ အဲဒီလို မပြောရဘူးလေ၊ အဲဒါဆိုရင် အစ်ကို စိတ်ဆိုးမယ်'

'အင်း....အင်း.... မပြောတော့ဘူး၊ ဒါဖြင့် ညီမကို ဖက်ထားပါ'

'အို....ညီမတာလဲ'

'ဟင့်အင်း....ဟင့်အင်း၊ ဖက်ထားရမယ်'

ရှုဖုန်းရိမှာ သူမကျေနပ်အောင် ဖက်ထားရပြန်သည်။

ရင်ထဲမှာတော့ တဒိတ်ဒိတ်။

* * *

ရက်မှလသို့၊ လမှနှစ်သို့ ကူးလာသည့်အခါ စီစီချွမ်းရောဂါ သိသိသာသာပင် ပျောက်ကင်းသွားသည်၊

စီစီချွမ်းသည် စိတ်ဖောက်ပြန်သည့် ရောဂါ ပျောက်ကင်းသွားသည်နှင့် ရောဂါတစ်ခုက ထပ်ဝင်လာသည်။

သူမသည် အမြဲတမ်း ငိုင်ပြီး တစ်ယောက်တည်း တွေးတောကာ ငိုနေတတ်သည်။

သမားတော်ကြီး ချင်ချင်က ရှင်းပြသည်။

'ကျုပ် ဥပမာတစ်ခု ပြောမယ်၊ လူတစ်ယောက်ဟာ တစ်နေ့လုံး စိတ်ထိခိုက်စရာတွေချည်းပဲ ကြုံတွေ့ရတယ်ဆိုပါတော့၊ အဲဒီလူဟာ ညအိပ်ပျော်သွားတဲ့အခါမှာ နေ့ဘက်က ဖြစ်ခဲ့တဲ့ စိတ်ထိခိုက်စရာတွေကို စွဲသမ်းပြီး အိပ်မက်မက်တော့တာပဲ၊ အိပ်မက်ထဲမှာ နေ့လယ်က ဖြစ်ပျက်ခဲ့တာတွေလဲ ပါမယ်၊ တခြား ပေါက်ကရတွေလဲ ပါမယ်၊ အဲဒီလို အိပ်မက်မက်ရာက နိုးလာတဲ့အခါ အိပ်မက်ထဲက ဟာတွေကို သိပ်သတိမရတော့ဘူး၊ မနေ့က တကယ်ဖြစ်ခဲ့တဲ့ဟာတွေကို ပြန်သတိရပြန်ရော'

ရှဖုန်းရိသာ ဂရုစိုက်၍ နားထောင်နေသည်။

သမားတော်ကြီး ချင်ချင်က ရှဖုန်းရိကို ပြုံးပြုံး ကြည့်၍---

'မောင်ရင် ကျုပ်ပြောတာကို သဘောပေါက်တယ်မဟုတ်လား၊ စီစီချွမ်းဟာ မိဘတွေ အသတ်ခံရပြီး ရက်စက်မှုတွေကို



မြင်ရတော့ စိတ်ထိခိုက်သွားတယ်၊ သတိလက်လွတ် ဖြစ်သွားတယ်၊ ယောကျ်ားမှန်သမျှကို မုန်းတဲ့စိတ်တွေ ဝင်သွားတယ်၊ အဲဒီစိတ် သတိလက်လွတ် ဖြစ်သွားတာ အိပ်ပျော်သွားတာပဲ၊ စိတ်နောက်ပြီး ပြောချင်ရာတွေပြော၊ ဆိုချင်ရာတွေ ဆိုနေတာက အိပ်မက်မက်နေတဲ့ သဘောမျိုးပဲ၊ အဲ....အခု အိပ်ရာက နိုးလာပြီ၊ သူဟာ မူလက ဖြစ်ပျက်ခဲ့တဲ့ဟာတွေကို ပြန်သတိရနေတာပဲ၊ သူ့မိဘတွေ အသတ်ခံရတာကို ပြန်ပြီးမြင်ယောင်နေတယ်၊ ဒီတော့ သူ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ သတိရတိုင်း ငိုနေတာပဲပေါ့'

ရှဖုန်းရိက....

'ဒီလိုဆို စိတ်နောက်နေတုန်းက ဖြစ်ပျက်ခဲ့တာတွေကော သတိရနေပါ့မလား'

သမားတော်ကြီးက....

'စောစောက ပြောသလိုပေါ့၊ မောင်ရင် အိပ်မက်မက်တဲ့အခါ နိုးရင် တချို့တစ်ဝက်ကို ပြန်သတိရတယ် မဟုတ်လား၊ အဲဒီလိုပေါ့၊ တချို့က မိမိမက်ခဲ့တဲ့အိပ်မက်ကို လုံးစေ့ပတ်စေ့ အားလုံး ပြန်သတိရတယ်၊ တချို့က ဝိုးတဝါးပဲ ပြန်သတိရတယ် မဟုတ်လား၊ စီစီချွမ်းဟာ သူရူးနေတုန်းက အဖြစ်အပျက် အချို့ကို ပြန်သတိရလို့လဲ မောင်ရင့်ကို တွေ့တဲ့အခါ ရှက်သလို ရွံ့သလို ဖြစ်နေတာပေါ့'

‘သူ ရောဂါတော့ ပျောက်သွားပါတယ်နော်’

‘စိတ်ချပါ၊ သူ့ရောဂါ ရှင်းရှင်း ပျောက်သွားတယ် ;
တာ ကျုပ် ရဲရဲကြီး ပြောရဲပါတယ်’

အနားသို့ ရောက်ရှိလာသော သမားတော်ချင်ယဲ့ားက

‘အစ်ကိုကြီးက အဲဒီလိုမပြောနဲ့လေ၊ သူတို့မှာ အစွဲဆိုတ
ကျန်နေသေးတယ်၊ သူဟာ လူကောင်းလို ဖြစ်သွားပေမယ်
ခံပြင်းမှုစိတ်ဟာ ကျန်နေသေးတာပဲ’

ချင်ချင်က လက်ယမ်း၍....

‘မင်း ဇွတ်တရွတ် စကားတွေဝင်ပြီး မငြင်းပါနဲ့ကွ
ဒီမှာ ချင်ယဲ့ား....လုံးဝမရှုးတဲ့ လူကောင်းတွေမှာလဲ ခံပြင်
ရှိလာရင် စိတ်ထဲမှာ ခံပြင်းနေကြတာပဲ မဟုတ်လား၊ ခံပြ
စိတ်ကြောင့် လူသတ်ပွဲတွေ ခဏခဏ ဖြစ်နေတာပဲ မဟု
လား၊ အဲဒီလူတွေဟာ မင်းပြောသလို အရူးတွေချည်းပဲလာ

ချင်ယား ပါးစပ်ပိတ်၍ ထွက်သွားတော့သည်။

‘ဒီအကြောင်းတွေက အင်မတန် နက်နဲတယ်၊ တစ်နေ့
ပြောပြပါ့မယ်’

‘ဒါနဲ့ သူ့ကို ဘယ်နေ့လောက် ပြန်ခွင့်ပြုမလဲဆရာ’



‘တစ်ပတ် စောင့်ကြည့်မယ်၊ အခြေအနေကောင်းရင် ပြန်
ခွင့် ပြုလိုက်မယ်’

* * *

တပ်မှူးလေး ရှုဖုန်းရိသည် ခရီးထွက်ရာမှ ပြန်ရောက်လာ
သည်။

သူသည် ငါးရက်လုံးလုံး တောထဲတောင်ထဲ၌ တာဝန်
ထမ်းဆောင်ခဲ့ရသဖြင့် အတော်ပင် ပင်ပန်းနွမ်းနယ်၍ နေ
ပေသည်။

သို့သော် သူသည် လုံးဝအနားမယူဘဲ ခရီးရောက်မဆိုက်
ပင် ချင်ဂေဟာသို့ အပြေးအလွှား လာခဲ့ပေသည်။

ရှုဖုန်းရိသည် သမားတော်ကြီး ချင်ချင်ကို ဆေးဝါးများ
ဖော်စပ်သည့် အခန်းထဲ၌ တွေ့ရလေသည်။

‘ဆရာကြီး၊ ကျွန်တော် စီစီချမ်းကို သွားတွေ့ချင်လို့’

သမားတော်ကြီး ချင်ချင်သည် လုပ်လက်စအလုပ်များကို အစသတ်ပြီး သူ့အနားသို့ လျှောက်လာသည်။

'စီစီချမ်း နေကောင်းလို့ ကျုပ် ပြန်ခွင့်ပြုလိုက်ပြီလေ'

'ခင်ဗျာ....'

ရှဖုန်းရီ ရင်ထဲ၌ ဟာသွားသည်။

စိတ်ထဲ၌ ကတုန်ကယင် ဖြစ်သွားသည်။

'မနေ့ကပဲ ကျုပ်ဂေဟာက ပြန်သွားတယ်'

သမားတော်ကြီးက ထပ်ပြောလိုက်ခြင်း ဖြစ်သည်။

သမားတော်ကြီးက စာစ်ပတ်အတွင်း ပြန်ခွင့်ပြုမည်ဟု ပြောထားသော စကားရှိသည်မှာ မှန်သော်လည်း ရှဖုန်းရီမှာ ခရီးထွက်နေရသဖြင့် တစ်ရက်နောက်ကျသွားရသည်။

'သူ ဘာပြောသွားသေးလဲ သမားတော်ကြီး'

သမားတော်ကြီးက ခေါင်းယမ်းသည်။

'သူ ပြန်သွားခါနီး ကျုပ်နဲ့ မတွေ့လိုက်ပါဘူး၊ ကျုပ်ရဲ့ အမိန့်အရ အဆောင်မှူးက ခွင့်ပြုလိုက်တာပဲ'

ရှဖုန်းရီ စိတ်ပျက်စွာ အက်ပြင်းချလိုက်သည်။



ထို့နောက် ရှဖုန်းရီ ချာခနဲလှည့်၍ ထွက်သွားသည်။

သမားတော်ကြီး ချင်ချင်သည် ရှဖုန်းရီကို ငေးကြည့်ကာ မသက်မသာ ခေါင်းခါယမ်းလိုက်လေသည်။

* * *

တရစပ်တိုက်ခတ်နေသော လေကြောင့် သူမ၏ဆံနွယ်များ လွင့်နေသည်။

အနီရောင် ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသည့် စီစီချမ်းသည် တောင်ထွတ်မူတစ်ခုပေါ်၌ မားမားကြီး ရပ်တန့်နေမိ၏။

သူမ၏ဘဝမှာ လမ်းပျောက်နေသည်။

ရှေ့ဆက် လျှောက်ရမည့်လမ်းကို သူမအနေဖြင့် မမျှော်မှန်းတတ်မအောင် ရှိနေတော့သည်။

နေထိုင်စရာ အိမ်လည်း မရှိတော့ပါ။

မှီခိုစရာ ဆွေမျိုးလည်း မဲ့နေ၏။

သည်တော့ သူမ လျှောက်လှမ်းရမည့်လမ်းသည် အဘယ်မှာ ဖြောင့်ဖြူးနိုင်ပါမည်နည်း။

လောလောဆယ်အားဖြင့် သူမ ခင်တွယ် မိ သော သူ မှာ ရှဖုန်းရီ။

ရှဖုန်းရီက သူမဝတ်ဆင်ရန်အတွက် အနီရောင်ပိုးသား ဝတ်စုံတစ်စုံကို ဝယ်ခြမ်းပေးထားသဖြင့် လောလောဆယ် သူမကိုယ်ပေါ်၌ တင့်တယ်လှပစွာ ဆင်မြန်းထားရခြင်း ဖြစ်သည်။

သူမသည် ရှဖုန်းရီကို တွေ့လည်း တွေ့ချင်သည်။

တွေ့လည်း မတွေ့ဝံ့တော့ပေ။

ရှဖုန်းရီအား တွေ့ရမှာ သူမ၏စိတ်ထဲ၌ မဝံ့မရဲ ဖြစ်နေခဲ့သည်။

သို့သော် ကျေးဇူးရှင် တစ်ဦးကို နှုတ်ဆက်မှု သင့်မည်ဟူသော အသိစိတ်ကြောင့် မနေ့ညနေက ချင်ဂေဟာမှ ထွက်လာပြီး မြို့စားဂေဟာသို့ ရောက်သွားခဲ့သည်။

ရှဖုန်းရီ ခရီးထွက်နေသည်ဟု သိရသောအခါ သူမအဖို့ ရင်မောသွားခဲ့ရတော့သည်။

သူမသည် တည်းခိုခန်း တစ်ခု၌ တစ်ညတာ တည်းခိုပြီး မနက်မိုးလင်းသည်နှင့် ကျုံကွမ်းမြို့ကြီးကို ကျောခိုင်းခဲ့ခြင်း ဖြစ်လေသည်။



သူမသည် တစ်မနက်စာလုံး ခရီးဝေးသွား လမ်းမကြီးပေါ်မှ လျှောက်လာခဲ့၏။

ထိုလမ်းမကြီးအတိုင်းလျှောက်လျှင် ကြူကိုးမြို့သို့ ရောက်မည်ဟု ခရီးသွားတစ်ဦးက ပြောသွားသည်။

ကြူကိုးမြို့ဆိုသည်မှာ ယခုမှ နာမည်သာ ကြားဖူးရသော မြို့ဖြစ်သော်လည်း ထိုမြို့သို့ရောက်အောင်သွားပြီးမှ ရရာအလုပ်တစ်ခုကို ဝင်လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

သူမအဖို့ တောနယ်ကျေးရွာ၌ ကြီးပြင်းခဲ့ရသူ ဖြစ်သည်။

မြို့ကြီးပြကြီးဆို၍ ရောက်ဖူးခြင်းမရှိ။

မိမိ၏ကျေးရွာသို့ မည်သည့်လမ်းက ပြန်ရမည်ဆိုသည်ကိုတောင် မသိရှိပေ။

စီစီချွမ်းသည် လျှောက်လှမ်းရာမှ မောပန်းလာသောအခါ တောင်ကမူတစ်ခုပေါ်ရှိ သစ်ပင်ရိပ်၌ ရပ်တန့်၍ အနားယူနေသည်။

မြင်းလှည်းကြုံများရှိလျှင် ကြူကိုးမြို့သို့ လိုက်ပါရန် စောင့်ဆိုင်းမည်ဟုလည်း စိတ်ကူးထားသည်။

သို့သော် ယခုအချိန်အထိ မည်သည့်မြင်းလှည်းကိုမှ မတွေ့ရသေးပါ။

သူမ အမောပြေသည့်အချိန်တွင် မြင်းတစ်ကောင် ပြေးလွှားလာသည်ကိုသာ တွေ့ရလေသည်။

ထိုမြင်းနှင့်လူကို တောင်းပန်ပြောဆိုပြီး ကြူကိုးမြို့သို့ ပို့ခိုင်းရလျှင် ကောင်းလေမည်လားဟု စဉ်းစားနေစဉ် မြင်းနှင့်လူက အနားသို့ ရောက်လာသည်။

မြင်းပေါ်မှလူသည် ကပျာကယာ မြင်းပေါ်မှဆင်း၍ သူမထံသို့ ပြေးလွှားလာခဲ့ရာ....

ထိုသူမှာ ရှဖုန်းရိဖြစ်မှန်း သိလိုက်ရသည်။

ရှဖုန်းရိက သူမထံသို့ အပြေးအလွှား ရောက်ရှိလာသည်။

နှစ်ယောက်စလုံး တိုင်ပင်ထားခြင်းမရှိပါပဲလျက် ရင်ချင်းအပ်၍ ပွေ့ဖက်ပ်စွာ ဖက်ထားမိလိုက်ကြသည်။

* * *

မမြင်ရသော သံယောဇဉ်ကြိုး။

နှလုံးသားချင်းစကားပြောသော ဖြစ်ရပ်ဟုလည်း ဆိုနိုင်သည်။

မထင်မှတ်ဘဲ နှစ်ယောက်သား တင်းကျပ်စွာ ဖက်ထားမိကြသည်မှာ အချိန်က ရှည်လျားလှ၏။



အတိတ်ရား ပြန်ဝင်သွားသူမှာ စီစီချွမ်းဖြစ်၏။

သူမက ရှတီတရက် လူချင်းခွာ၍ ခေါင်းငုံ့ထားသည်။

နှုတ်ခမ်းနှစ်လွှာကတော့ လုံးဝပွင့်လာခြင်း မရှိပါ။

'ညီမ အစ်ကို့ကို မစောင့်တဲ့ ချင်ဂေဟာက ထွက်လာတာ မကောင်းဘူးကွာ'

ရှဖုန်းရိက ပြောသည်။

သူမထံမှ စကားသံ ထွက်မလာပါ။

စိတ်ဝေဒနာ ခံစားစဉ်အခါက လူတကာကို အောင်ဟစ်ဆဲသည်။

ရှဖုန်းရိကို ရန်တွေ့သည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကြမ်းတမ်းစွာဖြင့် ဆက်ဆံသော မိန်းကလေးသည် ယခုအခါ အရှက်အကြောက်ကြီးစွာ တည်ငြိမ်လှပေသည်။

ဣနြေ္ဒ ရှိလှပေသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ပျော့ပျောင်းနူးညံ့လှသည်။

အစစအရာရာ ပြောင်းလဲသွားလေပြီတော။

'ညီမ....'

ရှုဖုန်းရိက သူမ၏ မေးစေ့ကို လက်နှင့်အသာအယာ မော့စေပြီးမှ ခေါ်လိုက်သည်။

'ဘယ်လိုလဲ ညီမရယ်၊ အစ်ကို့ကို စကားမပြောတော့ဘူးလား'

'အစ်ကို ဘာပြောချင်သလဲ၊ ပြောပါ'

'ညီမကတော့ ပြောစရာမရှိတော့ဘူးပေါ့၊ ဟုတ်လား'

'အစ်ကို့ကျေးဇူးတွေ မမေ့ပါဘူးဆိုတာတော့ ပြောစရာရှိပါတယ်'

'ဒါပဲလား'

'ကျွန်မ ဘာဆက်ပြောစရာကျန်ဦးမှာလဲ အစ်ကိုရယ်'

'ညီမက အစ်ကို့ကို ဘာလို့ လမ်းစဖျောက်ခဲ့ရတာလဲ၊ ဒါပေမယ့် ဘယ်ရမလဲ၊ ခုမနက်မှာ အနီရောင်မိန်းကလေး ဟောဒီလမ်းက ထွက်သွားတယ်ဆိုတာနဲ့ အမီလိုက်လာတာပေါ့'

'ကျွန်မ အစ်ကို့ကို မနေ့ညနေက လာနှုတ်ဆက်ပါတယ်၊ အစ်ကိုမှမရှိဘဲ'

ရှုဖုန်းရိက သူမ၏ လက်ကို ဖျစ်ညှစ်ဆွဲကိုင်၍....

'ညီမ အခု ဘယ်သွားမှာလဲ'

သူမထံမှ အသံထွက်မလာပါ။

'ညီမ ဘယ်မှ မသွားရဘူး'



စီစီချွမ်း ရှုဖုန်းရိကို မော့ကြည့်သည်။

'ချင်ဂေဟာ ပြန်သွားရမှာလား'

ရှုဖုန်းရိက ခေါင်းယမ်းသည်။

'ဘယ်မှ သွားစရာ မလိုဘူး၊ ညီမကို အစ်ကိုလက်ထပ်မယ်'

* * *

ပထမ သူမနားကို မယုံနိုင်အောင် ဖြစ်သွားသည်။

အံ့သြစွာဖြင့် ရှုဖုန်းရိကိုမော့ကြည့်မိ၏။

ထို့နောက် သူမက အသံထွက်အောင်ရယ်နေသည်။

ရှုဖုန်းရိ မျက်လုံးပြူးကျယ်သွားသည်။

သူမ စိတ်ဖောက်ပြန်သွားလေသလားဟု စိုးရိမ်သွားခြင်းဖြစ်သည်။

'ညီမ ဘာရယ်တာလဲ'

'အဲဒီလိုမနောက်နဲ့၊ မကျီစယ်နဲ့အစ်ကိုရယ်၊ ညီမဝမ်းနည်းတယ်'

'ဘာ....အစ်ကိုက ဒီစကားကို နောက်ပြောတယ်လို့ ညီမ ထင်သလား'

'မဖြစ်နိုင်တာ အစ်ကိုရယ်'

'ဘာလို့ မဖြစ်နိုင်ရတာလဲ'

စိစိချွမ်းက သက်ပြင်းချသည်။

'အစ်ကို့ဘဝ ညီမကြောင့် မနစ်မွန်းစေချင်ပါဘူး'

'ဘာမှ မဆိုင်ဘူး'

'သိပ်ဆိုင်တာပေါ့ အစ်ကိုရယ်၊ အရှုံးမ တစ်ယောက်ကို ယူထားတယ်လို့ ဝိုင်းပြောကြမယ်'

'အခု လူကောင်းဖြစ်နေပြီပဲ'

'ညီမမှာ ဆွေမျိုးမရှိပါ'

'မလိုပါဘူး'

'ဒီလောက် အရုပ်ဆိုးအကျည်းတန်တဲ့လူကို....'

ရှဖုန်းရိသည် သူ၏ခါးတွင် ချိတ်ထားသော ဘူးကလေး တစ်လုံးကိုငုံ့ကြည့်လိုက်သည်။

ထိုဘူးကလေးသည် ဆေးရည်များ ထည့်ထားသော ဘူးကလေးဖြစ်သည်။



သမားတော် စွာလိန်း ပေးထားသော ဘူးကလေးပင် ဖြစ်သည်။

ရှဖုန်းရိသည် ရှတ်ဘရက်....

သူမ၏ ခန္ဓာကိုယ်လေးကိုပွေ့ယူကာ မြင်းပေါ်သို့ တင် လိုက်သည်။

ထို့နောက် ကြူကိုးမြို့ဆီသို့ ဒုန်းစိုင်းမောင်းနှင် သွားလေ သည်။

* * *

ကြူကိုးမြို့၏ စားသောက်ဆိုင်ကြီး တစ်ဆိုင်အတွင်း၌ ရှဖုန်းရိက တစ်စုံတစ်ယောက်ကို လည်တဆန့်ဆန့်နှင့် မျှော် နေသည်။

ထိုတစ်စုံတစ်ယောက်သည် အိပ်ခန်းတစ်ခုအတွင်းမှ ထွက် လာမည် ဖြစ်ပေသည်။

မကြာမီ တည်းခိုဆောင် အိပ်ခန်းအတွင်းမှ အလွန်လှပ သော မိန်းကလေးတစ်ဦး ထွက်လာသည်။

ထိုမိန်းကလေးသည် အနီရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသောကြောင့်သာ စီစီချမ်းဖြစ်မှန်း ရှဖုန်းရီ သိလိုက်ရသည်။

အကယ်၍သာ စီစီချမ်းသည် အခြားဝတ်စုံတစ်ခုကို ဝတ်ဆင်၍ ရှဖုန်းရီအရှေ့၌ လာရပ်နေသည့်တိုင်အောင် စီစီချမ်းဖြစ်ပါသည်ဟု ရှဖုန်းရီပြောရဲမည် မဟုတ်ပေ။

သမားတော်စွာလိန်း၏ ပြောစကားများကို ပြန်သတိရမိသည်။

'ဒီကလေးမလေး အန္တရာယ်များမှာ စိုးလို့ သူ့ရဲ့ ပင်ကိုရုပ်ကို ငါဖျက်ဆီးထားတယ်၊ သူ့ဘဝအခြေအနေ ကောင်းလာပြီဆိုရင် ဟောဒီဘူးထဲကဆေးရည်ကို သူ့မျက်နှာ တစ်ခုလုံး သုတ်လိမ်းပြီး နောက်မိုးလင်းတာနဲ့ မျက်နှာသစ်ချလိုက်ပါ၊ ငါ အတုလုပ်ထားတဲ့ အရေပြားတွေအားလုံး ကွာကျသွားပါလိမ့်မယ်'

သမားတော်စွာလိန်းသည် စွယ်စုံတတ်ကျွမ်းသော သမားတော်ကြီးပင်။

သူ၏ ကောင်းမှုကြောင့် နတ်သမီးလေးလိုလှသော စီစီချမ်း၏ ပင်ကိုရုပ်ကို ပြန်တွေ့ရပြီဖြစ်သည်။

သမားတော်စွာလိန်း စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပင်၊

သူမ၏ ပင်ကို အလှက တဏှာယ့် နတ်သမီး ကလေးနှင့်ပင် တူလှပေသည်။



သူမက ရှရှကခေလးလှမ်းလာပြီး ရှဖုန်းရီအနား သာထိုင်သောအခါ ရှဖုန်းရီမှာ ပါးစပ်အဟောင်းသားဖြင့် သူမကို ငေးကြည့်နေမိသည်။

'အစ်ကိုဘာလို့ သူမျးကို ဒီလောက်စိုက်ကြည့်နေတာလဲ'

'ဟာ....အခုနေ ချင်ဂေဟာကိုပြန်သွားရင် စီစီချမ်း ဖြစ်ပါတယ်လို့ သွားပြောရင်တော့ ချင်ချင်က အစ်ကို့ကို စိတ်နောက်လာပြီလို့ ပြောမှာ အမှန်ပဲ'

'ဒီလောက်တောင်ပဲ ပြောင်းလဲသွားလို့လား အစ်ကိုရယ်'

'ညီမ မှန်မကြည့်ခဲ့ဘူးလား'

'ကြည့်ခဲ့တာပေါ့၊ ညီမတောင် အံ့ဩသွားတယ်'

'ကဲ....အစ်ကိုတို့ ဆယ်ရက်အတွင်း ကျုံကွမ်းကိုပြန်ကြမယ်၊ ဟိုရောက်ရင် အကြီးအကျယ် ထက်ထပ်ပွဲ ကျင်းပမယ်'

'အို....အစ်ကိုက လဲ ညာလို့ရမှာ မဟုတ်ဘူးနဲ့တူတယ်'

'ဒီမှာညီမ၊ ညီမကို စီစီချမ်း ဖြစ်ပါတယ်လို့ ကိုယ်ထိလက်ရောက်ကုသခဲ့တဲ့ သမားတော်ချင်ချင်နဲ့ ချင်ယဲ့ားတောင် လုံးဝမှတ်မိမှာ မဟုတ်ဘူးဆိုတာ ရဲရဲကြီး အာမခံရဲတယ်'

'အဲ့ သံကိုတော့ မမှတ်မိဘူးလား'

'အသံကို ကျယ်ကျယ်မပြောတဲ့ တိုးတိုးလေးနဲ့ နည်းနည်းလေးဖျက်ပြီးပြောရင် ဘယ်သူမှ မမှတ်မိဘူး'

'နာမည်ကကော'

ရှုဖုန်းရိကခေါင်းငဲ့ စဉ်းစားရင်း....

'နာမည်က ခုချိန်ကစပြီး....လီလီဖြစ်သွားပြီ'

*　　*　　*

အမှန်တကယ်လည်း လက်ထပ်မင်္ဂလာပွဲက ကြီးကျယ်ခမ်းနားလှသည်။

တပ်မှူးလေးရှုဖုန်းရိသည် ကြူကိုးမြို့က မိန်းကလေးနှင့် လက်ထပ်လိုက်ပြီဟူသော သတင်းတလည်း မြို့ကောင်ပေါ်ကံ အပျိုကလေးများ လောကဝယ် ဂယက်ရိုက်သွားစေတော့သည်။

လက်ထပ်မင်္ဂလာပွဲသို့ မြို့မျက်နှာဖုံး သူဌေးကြီးများ။

မြို့စားနယ်စားကြီးများ။



ဌာနအသီးသီးမှ အရာရှိကြီးများက တက်ရောက် ချီးမြှင့်အားပေးကြသည်။

ချင်ဝေဟာမှ သမားတော်ကြီးများလည်း ကြွရောက်လာသည်။

ထို့ပြင် ဝေ့ယမ်းယမ်းကိုယ်တိုင်ကလည်း အားယူ၍ ပြုံးထားရသော အပြုံးမျိုးဖြင့် ရောက်ရှိလာသည်။

ရှုဖုန်းရိက လီလီနှင့် မိတ်ဆက်ပေးသည်။

ဝေ့ယမ်းယမ်းသည် လီလီကို ထိုအချိန်ကစ၍ အမှန်တကယ်ပင် ခင်မင်သွားသည်။

သို့သော် ရှုဖုန်းရိ ကသိကအောင့် ဖြစ်သွားရသည်မှာ သမားတော်ကြီး ချင်ချဲပင် ဖြစ်လေသည်။

သမားတော်ကြီး ချင်ချင်ကာ ဝမ်းသာကြောင်း နှုတ်ဆက်စကားပြောသည်။

ရှုဖုန်းရိက ရုတ်တရက် စကားကျသွားသည်။

'ဆရာကြီး၊ စီစီချမ်းရဲ့ ရောဂါဟာ ဘက်တော့မှ ပြန်ပြီးဖြစ်လာနိုင်စရာအကြောင်း မရှိတော့ပါဘူးနော်'

သမားတော်ကြီးက ခေါင်းယမ်း၍....

'အို....အဲဒီကလေး လုံးလုံးလျားလျား ပျောက်ကင်းသွားတယ်ဆိုတာ ကျုပ် အာမခံရဲပါတယ်'

ဟု ပြောပြီး အနားမှ ထွက်သွားသည်။

ပြီးနောက် သမားတော်ကြီးသည် ဘာစိတ်ကူးပေါက်သွား သည်မသိ၊ ခြေလှမ်းကို ရပ်တန့်လိုက်ပြီး လီလီကိုကြာကြာလေး ငေးကြည့်လိုက်သည်။ ပြီးသည်နှင့် ရှဖုန်းရိ အနားသို့ ပြန်လာ တာ....

'မင်း အင်မတန်မွန်မြတ်တဲ့ အလုပ်တစ်ခုကို လုပ်လိုက်တယ် ဆိုတာ ငါသိပါတယ်၊ ငါ့အလွဲပြီးလဲ ဘယ်သူမှ မသိပါဘူး စိတ်ချပါ ရှဖုန်းရိ၊ စီစီချမ်း ဘယ်တော့မှ ရောဂါပြန်မဖြစ်ဘူး'

ဟု အခိုင်အမာပါပါ ပြောသွားသဖြင့် ရှဖုန်းရိမှာ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

မိမိ၏လျှို့ဝှက်ချက်ကို အလွန်တော်သော စိတ်ပညာရှင်ကြီး တစ်ဦးသာ သိရှိနေခြင်း ဖြစ်သည်။

ထိုသို့ သိရသည်မှာလည်း အစိုးရိမ် လွန်ပြီး မကြာခဏ မေးနေမိသည့် မိမိအပြစ်ကြောင့်ပင် ဖြစ်ရသည်ကို ရှဖုန်းရိ နားလည် လိုက်တော့သည်။

ထို့ပြင်တော့ တစ်လောကလုံး ဘယ်သူမှမသိ။

## အခန်း (၂၅)

တစ်လောကလုံး ဘယ်သူမှမသိ ဆိုပေမယ့် ခုတော့ အား လုံး သိတော့မယ်နဲ့တူတယ်။

ရှဖုန်းရိသည် အိပ်ရာမှလန့်နိုးသကဲ့သို့ အတိတ်ကို တွေးနေ ရာမှ ရုတ်တရက် သတိပြန်ဝင်လာသည်၊

သူသည် အချိန်ကြာမြင့်စွာ အတွေးရေယဉ်ကြောတွင် နစ်မျောနေခဲ့သည့်အတွက် တိုက်ခတ်နေသော လေကြောင့် တစ်ကိုယ်လုံး အေးစိမ့်နေသည်။

သို့သော် ရင်ထဲတွင်တော့ မီးတောက်နေပေသည်။

လီလီခေါင်းကိုက်သည်ဆိုခြင်းမှာ ရိုးရိုးသားသား ခေါင်း ကိုက်နေခြင်းလော။ ရောဂါလက္ခဏာများ ပြန်ပေါ်နေခြင်း လော။

သူမသည် စိတ်ဖောက်ပြန်ပြီး လူတွေကို လိုက်သတ်နေသည့် တြိဂံခေါ်းသမား ဖြစ်နိုင်ပါမည်လား။

လုံးဝ မဖြစ်နိုင်ပါ။

ချင်ချင်ကိုယ်တိုင်ကလည်း အားမခံထားသည်။

သူမ၏ နေပုံထိုင်ပုံမှာလည်း နူးညံ့သိမ်မွေ့နေသောကြောင့် ဖြစ်နိုင်စရာ အကြောင်းမရှိ။

သူမသည် မိမိကို အလွန်မြတ်နိုးသည်။ ချစ်သည်။

မြတ်နိုးသော၊ ချစ်သောလင်တစ်ယောက်ကို သတ်မည့်သူ စာရင်းထဲ ရေးထည့်ပြီး မိမိထံ ပို့မည်မဟုတ်။

တြိဂံခေါ်းသမားသည် ဆွေမျိုးသမီးဆိုပါက အခြား တစ်ယောက် သက်သက်ရှိနေရမည်။

ဤသို့ဆိုလျှင် လီလီသည် ယခုတလော ဘာကြောင့်အပြင်သို့ ထွက်နေရသနည်း။ အပြင်တွင် ဘာကိစ္စတွေ ရှိနေသနည်း။

သူမ၏ မျက်နှာသည်လည်း ယခင်ကလို ရွှင်ရွှင်ပျပျမရှိဘဲ အမြဲတမ်း တွေဝေငေးမောနေခြင်းမှာ စဉ်းစားစရာဖြစ်သည်။

သူမသည် မိမိနောက်ကွယ်၌ လင်စုံတစ်ယောက်နှင့်များ...

ရှဖုန်းရီ ဆက်လက်၍ မတွေးဝံ့တော့ပါ။



အိပ်ရာထဲသို့ဝင်ကာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပစ် လိုက်တော့သည်။

* * *

မိုးလင်းသည်နှင့် ရှဖုန်းရီမှာ ပြဿနာတစ်ခုနှင့် ကြုံတွေ့ရလေတော့သည်။

လီလီက လာရောက်နှိုးပြီး အလောသုံးဆယ် ပြောသည်။

'အစ်ကို ခဏထဦး၊ အရေးကြီးတယ်'

ရှဖုန်းရီ လူးလဲပြီး ထလိုက်သည်။

'ဘာဖြစ်သလဲ ညီမ'

လီလီက ရှဖုန်းရီ၏ စာကြည့်ခန်းကို လက်ညှိုးထိုးပြလေသည်။

ရှဖုန်းရီရင်ထဲ ထိတ်ခနဲ ဖြစ်သွားတော့သည်။

စာကြည့်ခန်း တံခါးများက ပွင့်နေသည်။

စာအုပ်စင်တစ်ခုလုံး ဖရိုဖရဲဖြစ်ပြီး စာရွက်စာတမ်းများ ပွုံလွင့်နေသည်။

တစ်စုံတစ်ယောက်သည် ညက တိတ်တဆိတ် ဝင်မွှေနှောက်ပြီး မွှေနှောက်သွားခြင်း ဖြစ်သည်။

'ညီမ တခြားပစ္စည်းတွေ ဘာပါသွားသေးသလဲ'

လီလီက ခေါင်းယမ်းလိုက်သည်။

'တခြား ဘာမှမပျောက်ဘူး အစ်ကို'

ရှဖုန်းရိသည် ပြန့်ကျဲနေသော စာရွက်စာတမ်းများကို ကြည့်ကာ အစ်စုံတစ်ခုကို သတိရလိုက်သည်။

သူသည် တစ်နေရာသို့သွား၍ အံဝှက် သေတ္တာတစ်ခုကို ဖွင့်ကြည့်လိုက်ရာ ရှဖုန်းရိမှာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားတော့သည်။

မရှိတော့ပါ။

အနီရောင်ဖိုင်စာကတ် ပျောက်ဆုံးနေတော့သည်။

* * *



အုပ်ချုပ်ရေးမှူး ယွမ်သည်....

အနီရောင် ဖိုင်စာကတ်ကို စူးစူးစိုက်စိုက် ကြည့်ရှုနေပေသည်။

ထိုကတ်ထဲ၌....

ချီလန်း (×)

လွေကြီး (×)

လွေဖိ (×)

ကြဲမုချမ်း

ရှဖုန်းရိ (တပ်မှူး)

ဟူ၍ နာမည်ငါးခု ရေးသားထားသည်ကို တွေ့ရသည်။

အနီရောင်ကတ်၏ အောက်ခြေ၌ တြိဂံ အမှတ်အသားကို တွေ့ရသေးသည်။

အသတ်ခံရပြီးသော လူသုံးယောက်၏ ဘေးတွင် ကြက်ခြေများ ပြထားသေးသည်။

ယွမ်သည် အလွန်အမင်း အံ့သြစွာဖြင့် အနီရောင်ကတ်ကို ဝေးစိုက်ကြည့်နေပေသည်။

ပျော့အန်းကိုးနှင့် ဝမ်ပါးလည်း အနားတွင်ထိုင်၍ ယွမ်၏ အရိပ်အခြည်ကို ကြည့်နေပေသည်။

ယွမ်၏ မျက်လုံးအစုံသည် အနီရောင်ကတ်ပြားမှနေ၍ သူ၏ ရှေ့တွင် ထိုင်နေသော အသက် ၆၀ နီးပါးရှိ ခပ်ဝဝလူကြီးကို ငေးစိုက်ကြည့်နေသည်။

ယွမ်က....

'ခင်ဗျားနာမည် ပြောပါ'

ထိုလူကြီးက....

'ကြဲမုချမ်း'

'ဒါဆိုရင် နာမည် နံပါတ်လေးဟာ ခင်ဗျားရဲ့နာမည် ပေါ့'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော် ကြဲမုချမ်းပါ'

"ဒီအနီရောင်ကတ်က ခင်ဗျားဆီ ဘယ်တုန်းက ရောက် လာတာလဲ'

'တစ်ရက် နှစ်ရက်ပဲ ရှိပါသေးတယ်'

'ဟိုအရင်က တစ်ခါမှ ရောက်မလာဘူးလား'

ကြဲမုချမ်းက ခေါင်းယမ်းသည်။

'တစ်ခါမှ ရောက်မလာပါဘူး'

ယွမသည် အနည်းငယ် စဉ်းစားဟန် ပြုနေသည်။



တြိဂံခေါင်းသမား လူသတ်သမားသည် စတုတ္ထ သတ်ရမည့် ကြဲမုချမ်းထံသို့ ဤဖိတ်စာကို ပို့လိုက်ခြင်း ဖြစ်သည်။

ထိုဖိတ်စာကို ရရှိသည်နှင့် ကြဲမုချမ်းမှာ ကြောက်ရွံ့လာပြီး ဖိတ်စာကိုယူ၍ ယွမ်တို့ထံ လာရောက် အကူအညီတောင်းခြင်း ဖြစ်သည်။

'ခင်ဗျား ဘယ်မှာနေသလဲ'

ယွမ်က မေးခြင်း ဖြစ်သည်။

'ကျွန်တော် ကျုံကွမ်းမြို့က မဟုတ်ပါဘူး၊ ကျုံကွမ်းရဲ့ တစ်ဖက်ကမ်း တံငါရွာကပါ'

'ခင်ဗျားအထက်က လူသုံးယောက်ကို သိသလား'

'လုံးဝ မသိပါဘူး'

'အဲဒီလူသုံးယောက်စလုံး အသတ်ခံရလိုက်ရပြီ ဆိုတာကို ကော သိသလား'

ကြဲမုချမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ အဲဒီကတ်ရောက်ပြီး သေသေချာချာ စဉ်းစား ကြည့်လိုက်မှ အပေါ်က လူသုံးယောက်ရဲ့ နာမည်ဟာ မကြာ ခင်က ဆက်တိုက်ဆက်တိုက် အသတ်ခံရတဲ့ လူသုံးယောက်ရဲ့ နာမည်ဖြစ်နေလို့ အံ့ဩထိတ်လန့်ပြီး ဆရာတို့ဆီကို ပြေးလာ ရတာပါ'

ကြဲမှုချမ်းမှာ အမှန်ပင် ကြောက်ရွံ့နေပေသည်။

မျက်နှာတွင် သွေးမရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေပေသည်။

'အောက်ဆုံးက ရှုဖုန်းရိုးဆိုတာကိုကော သိသလား'

ကြဲမှုချမ်းက....

'တပ်မှူးရှုဖုန်းရိုလို့ ရေးထားတဲ့အတွက် မြို့စားကြီး ကိုယ်ရံတော်တပ်က တပ်မှူးဖြစ်တယ်ဆိုတာပဲ သိရပါတယ်၊ လူချင်းမသိပါဘူး'

'ခင်ဗျား ကျန်တဲ့လူလေးယောက်စလုံးကို လုံးဝမသိတာတော့ အမှန်ပဲနော်'

'အမှန်ပါပဲ'

'ခင်ဗျားမှာ ရန်သူရှိနေလို့ ဖြစ်မှာပေါ့'

ကြဲမှုချမ်းက ခဏစဉ်းစားပြီး ခေါင်းယမ်းသည်။

'မရှိပါဘူး'

ယွမ်က ခေါင်းယမ်း၍....

'ခင်ဗျား သေသေချာချာ ပြန်စဉ်းစားပါ၊ တစ်နေ့တစ်ချိန်က တစ်စုံတစ်ခု အမှားအယွင်း လုပ်ခဲ့ဖူးသလား'

ကြဲမှုချမ်း သက်ပြင်းချလိုက်သည်။



လူတစ်ယောက်သည် မိမိကျူးလွန်ခဲ့သောအပြစ်ကို တစ်ဦးတစ်ယောက်အား ဖွင့်ပြောရမှာ အလွန်ဝန်လေးတတ်ကြသည်။

ကြဲမှုချမ်းသည်လည်း အမှားအယွင်းမရှိဘဲ နေမည်မဟုတ်ပေ။

သူသည် တစ်စုံတစ်ရာကိုတော့ ကွယ်ဝှက်ထောင်း ကွယ်ဝှက်ထားလိမ့်မည်ဟု ယွမ်က တွေးတောမိသည်။

'ခင်ဗျားမှာ ဘာတစ်ခုမှ အမှားအယွင်း မရှိဘူးနော်'

ယွမ်က သေချာအောင် ထပ်မေးသည်။

'ဟုတ်ကဲ့၊ မရှိပါဘူးခင်ဗျာ'

ယွမ်သည် ကြဲမှုချမ်းကို စူးစိုက်ကြည့်ကာ....

'ဓားပြတိုက်ဖူးသလား'

ခေါင်းယမ်းသည်။

'မတိုက်ဖူးပါဘူး'

'လူသတ်ဖူးသလား'

'လုံးဝ မသတ်ခဲ့ပါဘူး'

'လုယက်ခဲ့ဖူးသလား'

ခေါင်းယမ်း၍....

'မလုပ်ခဲ့ပါဘူး'

'ခင်ဗျား ဟိုဘက်ကမ်းတံငါရွာမှာနေတာ ဘယ်လောက်ကြာပြီလဲ'

'အနှစ်လေးဆယ် ကျော်ပါပြီ'

ယွမ်သည် ခေါင်းကုတ်၍ စဉ်းစားနေရင်းမှ....

'ခင်ဗျား မိန်းမတစ်ယောက်ကို အလိုမတူဘဲ အဓမ္မ အိပ်ခဲ့ဖူးသလား'

ထိုမေးခွန်းကြောင့် ကြဲမုချမ်း မျက်နှာပျက်သွားသည်။

သို့သော် သူက ခေါင်းယမ်း၍....

'အဓမ္မ ပြုကျင့်ခဲ့တာမျိုး မရှိခဲ့ပါဘူးဆရာ၊ အမှန်အတိုင်း ဝန်ခံရရင် တန်ရာတန်ကြေး ပေးပြီးတော့ ပြုကျင့်တာတော့ ရှိပါတယ်'

'ကောင်းပြီလေ၊ ခင်ဗျားပြန်တော့'

ကြဲမုချမ်း ထိုင်ရာမှထသည်။

သူသည် ချက်ချင်းမပြန်သေးဘဲ တုံ့ဆိုင်းဆိုင်း လုပ်နေသည်။

ယွမ်က....

'ခင်ဗျား စိတ်ချပြီး ပြန်ပါ၊ ကျုပ်တို့ဝိုင်းပြီးစောင့်ရှောက်ပါမယ်'



ဟု ပြောလိုက်မှ ကြဲမုချမ်း ခပ်သွက်သွက် ပြန်ထွက်သွားတော့သည်။

ကြဲမုချမ်းသည် တံခါးဝရောက်မှ သူ၏နေသည့် နေရာကို တိတိကျကျ လှမ်းပြောနေသေးသည်။

* * *

အုပ်ချုပ်ရေးမှူး ယွမ်သည်....

အနီရောင် ဖိတ်စာကတ်ကို ဟွေ့ဆန်းကိုးတို့၏ရှေ့သို့ ပစ်ချပြလိုက်လေသည်။

'ကဲ.... အဲဒီကိစ္စ အရင်ပြောရအောင်'

ယွမ်က စကားစလိုက်သည်။

ဟွေ့ဆန်းကိုးက ကတ်အလေးကို ကြည့်ကာ နက်နက်နဲနဲ စဉ်းစားနေပေသည်။

'မင်းတို့ ဘယ်လို သဘောရကြသလဲ'

ဟွေ့ဆန်းကိုးက ပခုံးတွန့်ပြလိုက်၏။

ပြီးမှ....

'ဒါဟာ လှည့်ကွက်တစ်ခုများ ဖြစ်မလားလို့'

ဟု ပြောသည်။

ယွမ်က မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

'တို့ တစ်ခုချင်း စိစစ်ကြည့်ရအောင်၊ ဒါဟာ တြိဂံဓ
သမားရဲ့ ကြိုတင်ဖိတ်စာဆိုတာတော့ သိပြီ၊ ဒါပေမယ်
ဒီဖိတ်စာကို တြိဂံဓားသမားက သူ သတ်မယ့်အလှ
ရောက်တဲ့သူဆီကိုပဲ ပို့သလား၊ ဒါမှမဟုတ် အားလုံး
ကြိုတင်ပို့ထားမလား'

ဟောဆန်းကိုးက....

'အားလုံးကို ကြိုတင် ပို့ထားမယ်ဆိုရင် ရှဖုန်းရိဆီကို
ရောက်နေရမှာပေါ့၊ ရှဖုန်းရိက ဘာလို့ ဖုံးကွယ်ထားသလဲ'

ယွမ်က ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ မင်းပြောသလို ရှဖုန်းရိက ဖုံးကွယ်ထားတာ
ဖြစ်နိုင်သလို သူ့ဆီကို လုံးဝ မရောက်သေးတာလဲ ဖြစ်နိုင်
တယ်၊ ဘာပဲဖြစ်ဖြစ် ရှဖုန်းရိကို ခေါ်ပြီး သတိပေးထား
သင့်တယ်'

ဝမ်ပါးက....

'ကြံမှုချမ်းကို မျက်ခြည်မပြတ်ကြည့်ဖို့ မလိုဘူးလား'



ယွမ်က....

'ဟာ....သိပ်လိုတာပေါ့၊ တြိဂံဓားသမားဟာ အပြော
သမားမှ မဟုတ်တာ၊ သူဟာ ကြံမှုချမ်းကို ကျိန်းသေလာသတ်
မှာပဲ၊ အဲဒါကို တို့လက်လွတ်သွားရင် ခြေရာ ပြန်ပျောက်
သွားနိုင်တယ်၊ ကြံမှုချမ်းတင် မကဘူး၊ ရှဖုန်းရိကိုပါ အလွတ်
မပေးနဲ့၊ ကြံမှုချမ်းကို အရင်မသတ်ဘဲ ရှဖုန်းရိကို အရင်သတ်
လိုက်ရင် ဘယ့်နှယ်လုပ်မလဲ'

ဝမ်ပါးသည် ယွမ်ကို တစ်ချက် အရိုအသေပေးပြီး ခေါ်
သဖြင့် ခေါ်ထိုက်သော သူများကို ခေါ်ကာ ကြံမှုချမ်းနှင့်
ရှဖုန်းရိတို့အား စောင့်ကြည့်ဖို့ လုပ်ငန်းကို စတင်လေတော့
သည်။

ဟောဆန်းကိုးမေ ဝမ်ပါးကို လှမ်းကြည့်ကာ....

'ဝမ်ပါး၊ မင်းကို ငါပြောထားတဲ့ကိစ္စ မမေ့နဲ့ကွာ၊
ဝေ့ယမ်းယမ်းနဲ့ ဝေ့ယမ်းထမ်းကို မင်း သွားတွေ့လိုက်ဦး၊
တွေ့ရင် ငါပြောတဲ့အတိုင်း ဖြစ်နိုင် မဖြစ်နိုင် မေးကြည့်ကွာ'

ဝမ်ပါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် မမေ့ပါဘူး'

ဝမ်ပါးတို့ ထွက်သွားသည်။

ယွမ်က မျက်မှောင်ကြုတ်၍....

'ဝေ့ယမ်းယမ်းဆိုတာ ဟိုကျောင်းဆရာမကို ပြောတာမဟုတ်လား၊ ဝမ်ပါးကို သူ့ဆီလွှတ်တဲ့ကိစ္စက ဘာလဲ'

'ကျွန်တော် စုံစမ်းနေတာ တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ရှဖုန်းရိကိုပဲ'

ယွမ်က အနည်းငယ် အံ့သြဟန်ဖြင့်....

'တပ်မှူး ရှဖုန်းရိ ဟုတ်လား၊ အင်း....အင်း....ပြောစမ်းပါဦး'

ဟော့ဆန်းကိုးက ဆက်၍....

'ကျွန်တော် ဆက်စပ်ကြည့်တယ်လေ၊ ရှဖုန်းရိဟာ စီစီချွမ်းဆိုတဲ့ စိတ်ဝေဒနာသည်ကို ခေါ်လာပြီး ချင်ဂေဟာမှာ ကုတယ်၊ စီစီချွမ်း ရောဂါပျောက်လို့ ချင်ဂေဟာက ပြန်သွားတဲ့အချိန်နဲ့ ရှဖုန်းရိ လီလီ ကို လက်ထပ်လိုက်တဲ့အချိန်ဟာ ကွက်တိဖြစ်နေတယ်'

ယွမ်ကပြုံး၍ ခေါင်းညိတ်နေသည်။

'ရှဖုန်းရိဟာ မိန်းမတွေနဲ့ ကင်းကင်းရှင်းရှင်း ရှိတယ်ဆိုတာ လူတိုင်း သိတယ်၊ ဒီကြားထဲ မထင်မှတ်ဘဲ ရုတ်တရက် မိန်းမယူလိုက်တယ်၊ သူတို့ လက်ထပ်ပွဲလုပ်တာကို အုပ်ချုပ်ရေးမှူးလဲ မှတ်မိဦးမှာပါ'

ယွမ်က ခေါင်းညိတ်ပြသည်။ ဘာမှဆက်မပြော။



ဟော့ဆန်းကိုးက....

'ကျွန်တော် အခု စုံစမ်းသိရှိရသလောက် လီလီဟာ မိဘဆွေမျိုး မရှိဘူး၊ ဒုတိယအချက် ချင်ဂေဟာက အခဆောင်မှူးကို ခေါ်ပြီး လီလီရဲ့ ကိုယ်လုံးကိုယ်ပေါက် အနေအထားကို မေးကြည့်တော့ စီစီချွမ်းရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ အသားအရေဟာ လီလီနဲ့ တစ်ပုံစံတည်း ဖြစ်နေတာကို တွေ့ရပြန်တယ်'

ယွမ်က....

'ရုပ်ချင်းကကော တူလို့လား'

ဟော့ဆန်းကိုးက....

'အဲဒီအချက်ကတော့ နည်းနည်း ထူးခြားတာပေါ့လေ၊ ဒါပေမယ့် စိတ်နောက်နေတဲ့ အမျိုးသမီးဟာ သူ့ကိုယ်သူ လုံးဝမပြုပြင်တဲ့အပြင် ညစ်ညစ်ပတ်ပတ် ပေပေရေရေ အမြဲနေထိုင်ခဲ့တော့ ခုလို ဖြီးလိမ်းပြီး သန့်သန့်ပြန့်ပြန့် နေတဲ့အခါ ဘယ်သူက မှတ်မိနိုင်ပါ့မလဲ၊ နောက်တစ်ခုက စိတ်နောက်နေတုန်း ရုပ်ဖျက်ထားတာလဲ ဖြစ်နိုင်တယ်လေ၊ သူမကိုယ်တိုင် မဟုတ်ပေမယ့် စိုးရိမ်တဲ့ လူတစ်ယောက်ယောက်က သူမကို ယောက်ျားတွေ စိတ်မဝင်စားအောင် မျက်နှာကို ဖျက်ဆီးထားတဲ့သဘောလို့ လုပ်ထားနိုင်တာပဲ'

ယွမ်သည် ပြုံးမြဲ ပြုံးနေရာမှ....

'ဝေ ယမ်းယမ်းဆီက ဘာထပ်သိရမှာလဲ'

'ဝေ ယမ်းယမ်းက အဲဒီ ချင်ဂေဟာမှာ လုပ်ခဲ့ဖူးတော့ စီစီချမ်းကို နီးနီးကပ်ကပ်နေခဲ့ဖူးတယ်၊ နောက်ပြီး အဆောင်မှူးဆီက ဝေ ယမ်းယမ်းသတင်းယူရင် ပိုကောင်းမယ် မဟုတ်လား'

ယွမ်က....

'မင်းဆိုလိုတာက တြိဂံခေါင်းသမားဟာ စီစီချမ်း၊ စီစီချမ်းဟာ လီလီဆိုတဲ့ ရှဖုန်းရိရဲ့ဇနီး၊ ဟုတ်ပြီပဲ ထားပါတော့၊ သတ်မယ့်စာရင်းထဲမှာ သူ့ယောကျ်ား နာမည် ထည့်ပါ့မလား'

'ဖြစ်စရာကတော့ ကျွန်တော်ပြောပါပြီကော အာစရိရဲ့၊ ဒါဟာ လှည့်ကွက်တစ်မျိုး ဖြစ်နိုင်တယ်လို့ သူမဟာ သူသတ်မယ့် လူတွေစာရင်းထဲမှာ သူ့ယောကျ်ားနာမည် ပါနေရင် သူ့ကို ဘယ်သူမှ လူသတ်သမားလို့ ထင်တော့မှာ မဟုတ်ဘူးဆိုတာ စဉ်းစားမိပါလိမ့်မယ်'

'အင်း....မင်းရဲ့စိတ်ကူးတော့ တော်တော်ဘိုးဘက်လာတာပဲ၊ ဒါဖြင့် တြိဂံခေါင်းသမား အမျိုးသမီးဟာ လီလီ ဖြစ်နိုင်မယ်လို့ မင်းထင်တယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ကဲ့၊ လီလီဟာ စီစီချမ်းဖြစ်ခဲ့ရင် တြိဂံခေါင်းသမား အမျိုးသမီးဟာ လီလီပဲ ဖြစ်ရမယ်၊ ဒါကို ရှဖုန်းရိက သိတာနဲ့ သဘောက်လဲ သိထားပုံရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စီစီ



ချမ်းရဲ့ မှတ်တမ်းကို ခိုးယူတာ ဘယ်သူမှမဖြစ်နိုင်ဘူး၊ ရှဖုန်းရိပဲ ဖြစ်ရမယ်ဆိုတာ ကျွန်တော် ထင်ပြီး ကျွန်တော် ညက သူ့အိမ်ကို တိတ်တဆိတ် ဝင်မွှေခဲ့တယ်'

ယွမ်က အားတက်သရောဖြင့်....

'မှတ်တမ်း တွေ့သလား'

'ထင်တဲ့အတိုင်း ဘယ်လွဲပါ့မလဲ အာစရိရယ်၊ တွေ့ခဲ့တာပေါ့'

ဟွေ့ဆန်းကိုးက စီစီချမ်း၏ မှတ်တမ်းစာရွက်ကို ယွမ်အား ထုတ်ပေးလိုက်လေသည်။

'ဒီကိစ္စ ရှဖုန်းရိသိရင်တော့ တို့နဲ့ပြဿနာတက် သွားနိုင်တယ်'

ဟွေ့ဆန်းကိုးက....

'တရားခံကို လက်ဆုပ်လက်ကိုင် မိပြီးရင်တော့ ကျွန်တော် ဒီအကြောင်း ထုတ်ပြောရဲပါပြီ'

ယွမ်က စဉ်းစဉ်းစားစားဖြင့်....

'အားနာစရာတော့ ကောင်းနေတယ်ကွ၊ မင်းရဲ့ ထင်မြင်ချက်တွေနဲ့ရင် အကြောင်းမဟုတ်ဘူး၊ ဘယ်သူ့ မျက်နှာမှ ထောက်စရာမလိုဘူး၊ လီလီကိုဖမ်းလိုက်ရုံပဲ၊ လီလီမဟုတ်ခဲ့ရင် ရှဖုန်းရိ အသက်အန္တရာယ်ဟာ စိုးရိမ်ရတယ်၊ တြိဂံ ခေါင်းသမားက ရှဖုန်းရိကို သတ်မယ့်စာရင်းထဲ ထည့်ထားတယ် မဟုတ်လား'

'တစ်ဖက်ကလဲ ရှဖုန်းရိကို ကာကွယ်ဖို့ စောင့်ကြည့်ရမှာပေါ့ အာစရိရယ်၊ နောက်တစ်ချက်ကလဲ လီလီရဲ့ ခြေလှမ်းကို မပြတ်ကြည့်နိုင်မှ ကြမ္မာချမ်း အသက် ချမ်းသာမယ် မဟုတ်လား'

ယွမ်က သက်ပြင်းကို လေးလေးပင်ပင်ချ၍....

'အေးလေ၊ သေချာရင်တော့ ဆက်လုပ်ပေါ့၊ ငါ့အနေနဲ့ကတော့ သိပ်မထင်ဘူး၊ ကဲ....ထားပါဦး၊ ဟိုတပ်မှူးကြီးကို သတ်တဲ့ တြိဂံ ဓားသမားပါလို့ သူ့ကိုယ်သူ ပြောနေတဲ့ ကောင်ကကော ဘယ်လို သဘောရသလဲ၊ လီလီနဲ့ တစ်ဂိုဏ်းတည်းလား'

ဟွေဆန်းကိုးက....

'ဖြစ်နိုင်တယ်လို့ ထင်တာပဲ၊ ဒီနေရာမှာ အရေးကြီးတဲ့ အချက်ပါ ထည့်တွေးရတော့မယ်၊ ဘာလဲဆိုတော့ ဒီလူက တပ်မှူးကြီးကိုသတ်ပြီး သူဟာ တြိဂံ ဓားသမားလို့ ပြောတာ လီလီကို ကာကွယ်တာ ဖြစ်နိုင်တယ်၊ တပ်မှူးကြီး မရှိတော့ရင် လီလီရဲ့ယောကျ်ား ရှဖုန်းရိဟာ တပ်မှူးကြီးဖြစ်လာနိုင်တယ်လေ'

ယွမ်၏ မျက်ခုံးအစုံက နဖူးဆီသို့ မြင့်တက်သွားသည်။

'ဟာ....တယ်ဟုတ်ပါလား၊ မင်းအတွေးတွေ တစ်ဖက်စွန်းရောက် နေပြီနဲ့တူတယ်'



ယွမ်သည် သူ၏ထင်မြင်ချက်များကို သိပ်ပြီး နှစ်သက်ဟန်မတူပေ။ သို့သော် ကန့်ကွက်ခြင်းတော့ မပြုပါ။

ယွမ် စဉ်းစားနေသည်မှာ ယခုအချိန် ရှဖုန်းရိကိုခေါ်၍ အနီရောင် ဖိတ်စာကတ်ကိစ္စ ခေါ်မေးရန် မသင့်သေးပေ။ အဘယ်ကြောင့်ဆိုသော် ဟွေဆန်းကိုးက ညကတက်မှေ့ထားသည့်အတွက် ယခုအခါ မေးလိုက်ပါက ညကကိစ္စသည် မိမိတို့ လက်ချက်ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆသွားပေတော့မည်။

'ဒီမှာ ဟွေဆန်းကိုး၊ ဒီဖိတ်စာကတ်က သူ့ဆီကို ရောက် မရောက် သွားမမေးနဲ့ ဦးနော်'

'ဒါဖြင့် တြိဂံဓားသမား သတ်မယ့်စာရင်းထဲမှာ သူ့နာမည်ပါနေတာကို သတိပေးဖို့ မလိုတော့ဘူးလား'

ယွမ်က....

'သတိတော့ ပေးရမယ်လေ၊ ကြမ္မာချမ်း လာသွားတဲ့အကြောင်း၊ ကြမ္မာချမ်းဆီက သိရတဲ့အကြောင်းတော့ ထည့်ပြောရမှာပေါ့၊ ကဲပါကွာ ရှဖုန်းရိကိုတွေ့ရင် ငါ့ဆီကိုလွှတ်လိုက်ပါ၊ သူနဲ့ငါ ဆွေးနွေးကြည့်မယ်'

'ကောင်းပါပြီ အာစရိ'

## အခန်း (၂၆)

ဝေယမ်းယမ်း ကျောင်းမှ မပြန်သေးသဖြင့် ဝမ်ပါးသည် အချိန်အတော်ကြာအောင် စောင့်ရသေးသည်။

ဝေယမ်းယမ်း ပြန်ရောက်လာသည်နှင့် ဝမ်ပါးက စားသောက်ဆိုင် တစ်ဆိုင်သို့ ခေါ်သွားသည်။

ဝေယမ်းယမ်းစိတ်ထဲတွင် ဝမ်ပါးကိုယ်တိုင်က မိမိကို အစားအသောက်ဖိတ်ကျွေးသဖြင့် စိတ်ထဲတွင် ကြည်နူးမှုများ ဖြစ်သွားလေသည်။

'အစ်ကိုက ကျွန်မကို အခုလိုကျွေးမွေးတာ ကျေးဇူးတင်ပါတယ်'

ဝမ်ပါးက ရယ်မော၍....



'ကျွန်တော် နေတိုင်မကောင်းစဉ်က ဆရာမ အစားအသောက်တွေလာပို့တာကို တစ်နေ့မှ မမေ့ပါဘူးဗျာ'

'အမှန်အတိုင်းပြောရရင် အစ်ကို အဲဒီတုန်းက ပျစ်ခုခုဖြစ်သွားမှာ သိပ် စိုးရိမ်တာပဲ'

ဝမ်ပါးရင်ထဲ၌ အေးမြသွားသလို ခံစားရသည်။

'သေသွားမှာ စိုးလို့လား'

'ဟုတ်တာပေါ့၊ ကိုယ်နဲ့ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ မရှိတော့ဘူးလား'

'ကျေးဇူးတင်ပါတယ်ဗျာ'

ဝေယမ်းယမ်းသည် လက်ဖက်ရည်ကို တစ်ငုံလောက် သောက်လိုက်သည်။

'ဒါနဲ့အစ်ကို ကျွန်မကို လာတွေ့တာ ဒီမှာ စားသောက်ဖို့ သက်သက်ပဲလား၊ ဒါမှမဟုတ် တခြားအကြောင်းများရှိသေးလား'

ဝမ်ပါးသည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

သူ့စိတ်ထဲ၌ အလုပ်ကိစ္စမပါဘဲ ချစ်စကား ကြိုက်စကား ပြောရလျှင် ဘယ်လောက် ကောင်းလေမလဲဟု တွေးနေမိသည်။

ဝေ့ယမ်းယမ်းသည် မိမိအပေါ် တိမ်းညွှတ်နေပြီ ဝမ်ပါးက အကဲခတ်မိလိုက်သည်။ သူသည် ဖွင့်ပြောချင်လှ

ချစ်ပါသည် ကြိုက်ပါသည်ဟုပြောပြီးမှ အခြားအကူအညီ တောင်းရမှာ မသင့်တော်ပေ။

ရင်တွင်းမှ စကားများကို နောက်မှပဲ ဖွင့်ပြောခဲ့ သဘောထားလိုက်၏။

'ဆရာမဆီမှာ ကျွန်တော် အကူအညီတစ်ခု တောင်းချ တယ်'

'အစ်ကိုဟာစကားပြောရင် စိမ်းသလိုပဲ၊ ဆရာမလို့မခေါ် ပါနဲ့၊ ညီမလို့ခေါ်ရင်လဲ ဖြစ်သားနဲ့ အစ်ကိုရယ်'

'ကောင်းပါပြီ၊ အခုလိုခွင့်ပြုရင် ခေါ်ပါ့မယ်ဗျာ'

'ကဲ....ဘာအကူအညီလဲ ပြော'

ဝမ်ပါးက စကားအသွားအလာကို စဉ်းစား၍ ဘယ် စရမှန်းမသိ ဖြစ်နေသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ....

'ဆရာမ၊ အဲ အဲ... ညီမက လီလီနဲ့သိပ်ပြီး ရင်းနှီးနေ အစ်ကိုပြောရမှာ အားနာနေတယ်'

ဝေ့ယမ်းယမ်းသည်မျက်မှောင်ကလေးကြုတ်ကာ ဝမ် ကို ပြန်ကြည့်သည်။



'ပြောပါအစ်ကိုရယ်၊ ဘာလဲ အစ်ကိုတို့အလုပ်ကိစ္စနဲ့ ပတ်သက်နေသလား'

'အစ်ကို ညီမကိုယုံကြည်လို့ ဖွင့်ပြောမယ်၊ ဒါမှလဲ ညီမ ကူညီသင့်ရင် ကူညီနိုင်တာပေါ့'

'စိတ်ချပါ၊ ကျွန်မ အစ်ကို့ဘက်ကပဲ ရပ်တည်ပါ့မယ်'

'တြိဂံဓားသမား အကြောင်းပါ'

'ရှင်....'

ရုတ်တရက် ဝေ့ယမ်းယမ်း ရင်ထဲထိတ်သွားတော့သည်။

'ကျွန်မ အဲဒီ လူသတ်မှုထဲမှာ....'

ဝမ်ပါးက လက်ကို ကပျာကယာ ယမ်းလိုက်သည်။

'အို.... ညီမကလဲ မစိုးရိမ်ပါနဲ့၊ ညီမနဲ့ ပတ်သက်စရာ အကြောင်းမရှိပါဘူး၊ အဲဒီ တြိဂံဓားသမားဟာ လူသုံးယောက်ကို သတ်ပြီးပြီဆိုတာ ညီမသိတယ်နော်'

'ဟင်....တစ်နေ့က ကျွန်မကြားထားတာ လေးယောက် ဟုတ်ဘူးလား'

'ဒီလိုပါ၊ တပ်မှူးကြီးကို သတ်တာက တစ်ယောက်၊ ချိကန်း၊ လေ့ကြီး၊ လေ့ဖိုးကို သတ်တာက တစ်ယောက်လို့ ထင်နေကြတယ်၊ ကဲ....ဒါထားပါဦး၊ အစ်ကို ပြောချင်တာက ခု ကြံမှုချမ်းဆိုတဲ့လူကို လူသတ်သမား တြိဂံဓားသမား

က ဖိတ်စာပို့ထားတယ်၊ အဲဒီဖိတ်စာကိုပြပြီး ကြဲမှုချမ်း... အစ်ကိုတို့ဆီမှာ အကူအညီတောင်းထားတယ်'

'ဟင်...ဒုက္ခပါပဲ၊ အဲဒီ ကြဲမှုချမ်း အသတ်ခံရဦးမှာပဲ'

'ဒါကြောင့် အစ်ကိုတို့က တရားခံကို ခပ်မြန်မြန် ဖေ... ထုတ်ချင်တာပေါ့'

ဝေ့ယမ်းယမ်းသည် လက်ဖက်ရည်ကို ကုန်စင်အော... သောက်ချလိုက်သည်။

'ကဲ...ညီမက ဘာလုပ်ရမလဲပြော'

ဝမ်ပါးကျ ခပ်ဆိုမ်းဆိုင်း လုပ်နေပြီးမှ....

'အစ်ကိုတို့က လီလီကို မသင်္ကာပါဘူးဆိုရင် ညီမ ဘယ်လို... သဘောရသလဲ'

ဝေ့ယမ်းယမ်း မျက်လုံးပြူး၍....

'ဘုရားရေ...လီလီဟာ လူသတ်သမား ဖြစ်နိုင်ပါ့မလား'

'ဒါဖြင့် အစ်ကိုမေးမယ်'

'မေးပါ'

'သမားတော်ကြီး ချင်ယားပြောသလို ဝေဒနာသည်... ဟာ ပြန်ပြီး စိတ်ဖောက်ပြန်နိုင်တယ်ဆိုတာ လက်ခံမလား'

သူမက ခေါင်းညိတ်လိုက်သည်။



'အဲဒါက ဖြစ်နိုင်ပါတယ်၊ သမားတော်ကြီး ချင်ယားအ... သက်သေနဲ့ ပြနိုင်တာပဲ'

'ဒါဖြင့် စီစီချမ်းဆိုတဲ့ အမျိုးသမီးဟာ စိတ်ဖောက်ပြန်ပြီး လူသတ်တာကော မဖြစ်နိုင်ဘူးလား'

'အဲဒါလဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် စီစီချမ်းက ဘယ်မှာ လဲ'

ဝမ်ပါး... အနည်းငယ်ပြုံး၍....

'လီလီဟာ စီစီချမ်းဖြစ်နေရင်ကော'

ရုတ်တရက်....

ဝေ့ယမ်းယမ်း အံ့သြစွာဖြင့် မျက်လုံးဝိုင်းသွားသည်။

'ဟာ....လီလီ'

'ညီမ သေသေချာချာ လေ့လာကြည့်စမ်းပါ၊ စီစီချမ်းရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ အသားအရေကို ညီမမြင်ဖူးသားပဲ၊ လီလီနဲ့ ဘယ်လိုနေမလဲ'

'ဟာ....အစ်ကိုအလဲ၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ တူ တာပေါ့၊ ဒါပေမယ့် စီစီချမ်းဟာ အရုပ်ဆိုးတယ်၊ လီလီ... လှတာပဲ၊ ဘယ်လိုဖြစ်နိုင်ပါ့မလဲ'

'ဒါက လွယ်ပါတယ်၊ ကဲပါ အဲဒါတွေကို မသေချာသေး လို့ ညီမဆီကို လာတာပေါ့၊ ညီမနဲ့ နီးနီးကပ်ကပ်နေရတော့ သူ့အကြောင်းကို လှည့်ပတ်မေးလို့ရတာပဲ'

'ဒါကို ညီမက စုံစမ်းပေးရမယ်ပေါ့၊ ဟုတ်လား'

'ဖြစ်နိုင်ရင်ပေါ့လေ'

'ကျွန်မ ကြိုးစားပေးပါ့မယ် အစ်ကို'

သူတို့ နှစ်ယောက်သည် အခြား အကြောင်းအရာများကို ပြောကာ စားသောက်ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

အပြင်တွင် မှောင်နေပြီဖြစ်သည်။

လူချင်းခွဲခွာနီး၌ ဝမ်ပါးက မျက်စိတစ်ဖက်မှိတ်ပြလိုက်ရာ....

ဝေ့ယမ်းယမ်းမှာ နှလုံးသားများ တုန်ခါသွားတော့သည်။

* * *

နောက်တစ်နေ့ ချန်ကျိုးမြို့သွားသော ပန်စိန်း ပြန်လည် ရောက်ရှိလာသည်။



ယွမ်တို့သည် ပန်စိန်းထံမှ ကြားရမည့် သတင်းစကားကို စောင့်နေကြ၏။

'အခြေအနေကတော့ သိပ်မကောင်းဘူးဆရာ၊ ယုလွမ်းဆို တဲ့ အမျိုးသမီးဟာ ကျွန်တော်တို့ရဲ့ ဆားကောင် ဖြစ်နိုင်တဲ့ အခြေအနေမှာရှိနေတယ်'

ဟွေ့ဆန်းကိုးနှင့် ဝမ်ပါးတာ တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြသည်။

ဟွေ့ဆန်းကိုးအနေနှင့် ယုလွမ်း မဖြစ်နိုင်။

လီသီ သာသျှော် ဖြစ်ရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေမိသည်။

ယွမ်က ပန်စိန်းအား....

'ပြောပါဦးကွ'

'ကျွန်တော် သူ့မိဘတွေနဲ့ တွေ့ခဲ့တယ်၊ ယုလွမ်းဟာ ရောဂါဝေဒနာ ပျောက်ကင်းတဲ့ လက္ခဏာရှိပေမယ့်လို့ သူ့ စိတ်ထဲမှာ တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေတယ်လို့ သိရတဲ့ အပြင် ယုလွမ်း အိမ်ကထွက်သွားတာ အတော်တလေး ကြာ နေပြီလို့ ပြောတယ်'

'အင်း....အင်း ဆက်ပါဦး'

'သူ ဘာကို မကျေမနပ်ဖြစ်တာလဲ၊ မကျေမနပ် ဖြစ်စရာ အာတွေများ ရှိသလဲလို့ ကျွန်တော်က မေးတော့ သူ့မိဘတွေ

က ယုလွမ်းဟာ သိုင်းပညာကို ထက်ထက်မြက်မြက် တတ်တယ်၊ သူမ သိုင်းလောကထဲမှာ ကျက်စားစဉ်အခါက နာကြည်းစရာတွေ တွေ့ခဲ့ပုံရတယ်လို့လဲ ပြောတယ်၊ နောက်ပြီး သံချိန်ကို အမြဲ ကိုင်ဆောင်တဲ့ အလေ့အကျင့် ရှိတယ်ဆိုတာ အမှန်ပဲတဲ့'

ယွမ်သည် ဖော့ဆန်းကိုးတို့ကို လှမ်း၍ ကြည့်လိုက်လေသည်၊

ပြီးမှ ပန်စိန်းအား ပြန်ကြည့်၍....

'သူဘယ်ကိုသွားသလဲ'

'ကျွန်တော် စုံစမ်းတာပေါ့၊ ချန်ကျိုးမြို့ကို တစ်ခါတစ်ခါ ပြန်လာတတ်ပြီး ကျွန်တော်တို့ ကျုံကွဲမ်းနယ်ဘက်မှာပဲ ရှိတယ်လို့ နောက်ဆုံး သိရတယ်ဆရာ'

ယွမ်သည် ခေါင်းကို ကုတ်လိုက်၏။

နောက် သူ့မျက်နှာကို မော့ကာ မျက်နှာကြက်ဆီသို့ စိုက်ကြည့်နေသည်။

အတန်ကြာတော့မှ....

'ဟော့သားကောင်တစ်ကောင် တိုးလာတာတော့ အမှန်ပဲ၊ သူ့ကို မြင်ရင် မှတ်မိမယ့် လူတွေကို နည်းနည်းပါးပါး စုံစမ်းကွာ၊ ချင်ဟောင်က လူတွေဆိုရင် ယုလွမ်းကို မှတ်မိမှာပဲ၊ ကျောင်းဆရာမ ဝေ့ယမ်းယမ်းလဲ မှတ်မိနိုင်တယ်၊ သူ့ကို မြင်မိ မမြင်မိ မေးကြည့်ပေါ့၊ အကယ်၍ သူတို့တွေ့



တယ်၊ ယုလွမ်းလဲ ဖြစ်နိုင်စရာ အကြောင်းရှိတယ်ဆိုရင် လိုက်မြှိုင်ပြီး တစ်ခါတည်း ခေါ်ခဲ့ကွာ'

ယွမ်က အားလုံးကြားအောင် လှမ်းပြောလိုက်လေသည်၊

ထိုစဉ်အခိုက်မှာပင် အစောင့်တစ်ဦး ဝင်လာသည်။

လက်ထဲ၌ စာရွက်တစ်ရွက် ပါလာ၏။

အစောင့်က ဖော့ဆန်းကိုးထံ လှမ်းပေးရင်း....

'တံခါးဝမှာ ဘယ်သူ လာဆွဲချိတ်ထားမှန်း မသိဘူးဆရာ၊ အဲဒီစာရွက်ကို တွေ့တယ်'

ဖော့ဆန်းကိုးက စာရွက်ကို ဖတ်ကြည့်ပြီး ယွမ်ထံသို့ ကမ်းပေးလိုက်သည်။

ယွမ်က ဖတ်ကြည့်ရာ....

ဖော့ဆန်းကိုး

မင်း ငါ့စကားကို နားမထောင်ဘူး။
မနက်ဖြန်မွန်းတည့် မြို့ပြင်ကိုလာခဲ့ပါ၊
ထင်းရှူးတော လွင်ပြင်မှာ ဆုံကြမယ်။

တြိဂံဓားသမား

ဟု ရေးသားထားသည်။

စာဆုံးသည်နှင့် ယွမ်က....

'ကဲ....မင်းကိုတော့ စိန်ခေါ်ပြီ ဟော့ဆန်းကိုး'

ဟော့ဆန်းကိုးက မဲ့ပြုံးပြုံးလိုက်သည်။

'ကျွန်တော်ကလဲ ဘယ်ဘွဲ့ခတ်ပါ့မလဲ အုပ်ချုပ်ရေးမှူးရယ်'

ဝမ်ပါးက....

'ကျွန်တော်တို့ ဘေးက ဝိုင်းမယ်'

ယွမ်က ခေါင်းယမ်း၍....

'သူက လူမိုက်တော့ မဟုတ်ဘူး၊ အများနဲ့ လာတာ တွေ့ရင် ရှောင်သွားမှာပဲ'

ဟော့ဆန်းကိုးက...

'ဘယ်သူနဲ့မှ မဆိုင်ဘူး၊ သူက ကျွန်တော့်ကို တစ်ယောက်ချင်း စိန်ခေါ်တယ်၊ ကျွန်တော် တစ်ယောက်ပဲ သွားမယ်'

ဝမ်ပါးက ခေါင်းယမ်း၍....

'ဆရာဟော့ဆန်းကိုး၊ အဲဒီလို ဇွတ်မလုပ်ပါနဲ့၊ ကျွန်တော်တို့က လူမိုက်နဲ့ တုဖက်ပြီး သစ္စာရှိဖို့ မလိုဘူး၊ လူဆိုးတစ်ဦးကို ဝိုင်းဖမ်းလို့လဲ ဘာမှ သိက္ခာကျစရာ မရှိဘူး'

ဟော့ဆန်းကိုးက....

'မဟုတ်သေးဘူး ဝမ်ပါး၊ ခုန ဆရာယွမ်ပြောတာ ကြားဘူးလား၊ သူက စောင့်ကြည့်နေမှာ၊ နှစ်ယောက်သုံးယောက်



မြင်တာနဲ့ လုံးဝအတွေ့ခံမှာ မဟုတ်ဘူး၊ သူ ဒီလောက် မိုက်ပါ့မလား၊ သူ ငါ့ကိုဒီလောက်မဲနေတာ စိစိချွမ်းကို ဖော်ထုတ်ဖို့ ကြိုးစားနေတာကိုသိလို့ ငါ့ကို ရှင်းချင်တာကွ၊ ငါ့ကိစ္စ ငါပြတ်အောင် ရှင်းမယ်'

ယွမ်က စားပွဲကို လက်ဝါးနှင့်ပုတ်၍....

'ဟော့ဆန်းကိုး တစ်ယောက်ပဲ သွားပါစေ၊ သူ ယှဉ်ပြိုင်နိုင်တဲ့အဆင့် ရှိနေတယ်လို့ ငါထင်တယ်'

ဟူ၍ အမိန့်သံပါပါဖြင့် ပြောလိုက်လေသည်။

သည်တော့မှ အားလုံးငြိမ်သွားကြသည်။

ဝမ်ပါးသည် စိတ်ထဲ၌ အတော်ပင် မကျေမနပ်ဖြစ်နေ၏။

နိုင်သည် ရှုံးသည် အပထား၊ ကြိုဂ်ဂေဘားသမားကို သူက သိပ်ပြီး ယှဉ်ချင်သည်။ မသေရုံတမယ် ခံစားထားရသော ဝေဒနာကို သူမမေ့နိုင်အောင် ဖြစ်နေသည်။

အုပ်ချုပ်ရေးမှူး ယွမ်က ဝမ်ပါး၏စိတ်ကို အကဲခတ်မိသည်။

'ဝမ်ပါး၊ မင်းအနေနဲ့ ယုလွှမ်းဆိုတဲ့ အမျိုးသမီးကို ဂရုစိုက်ပြီးရှာဖို့နဲ့ လီလီကိုလဲ မျက်ခြည်မပြတ် စောင့်ကြည့်ပါ'

ယွမ်က သူ့စကားကို ဖြတ်ထားလိုက်ရသည်။

အကြောင်းမှာ တပ်မှူးလေး ရှဖုန်းရိ ဝင်ရောက်လာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ဟော့ဆန်းကိုးသည် တပ်မှူး ရှဖုန်းရီကို လေးစားခင်မင်သော်လည်း အလုပ်ဝတ္တရားနှင့် ပတ်သက်နေသောကြောင့် ဖော်ဖော်ရွေရွေမရှိလှဘဲ ဘာသိဘာသာ နေလိုက်သည်။

ယွမ်က ပြုံး၍ ကုလားထိုင်ကို ညွှန်လိုက်သည်။

ရှဖုန်းရီသည် တစ်စုံတစ်ရာကို စိတ်ထိခိုက် လာဟန်ဖြင့် မျက်နှာမသာမယာ ဖြစ်လာသည်။

သူသည် ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့ကို မျက်လုံးဝေ့ကြည့်ပြီးမှ ယွမ်ဘက်သို့ လှည့်လိုက်သည်။

'ဒီမှာ အုပ်ချုပ်ရေးမှူး၊ ကျွန်တော့်ကို ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ ကျွန်တော်ဟာလဲ တိုင်းပြည်နဲ့လူမျိုးအတွက် ခင်ဗျားတို့နဲ့သက်တွဲပြီး လုပ်နေတဲ့ လူတစ်ယောက်ပဲ'

ယွမ်သည် ရှဖုန်းရီကိုကြည့်၍ တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်ပြီး ရောက်ရှိလာသည်ဟု ခန့်မှန်းမိလိုက်သည်။

'တပ်မှူးလေး တစ်ခုခုကြောင့် စိတ်တိုလာပြီနဲ့တူတယ်'

ရှဖုန်းရီသည် ဟော့ဆန်းကိုး စီးထားသောဖိနပ်ကို တစ်ချက်ကြည့်ကာ ဟော့ဆန်းကိုး မျက်နှာကိုလည်း မော့ကြည့်လိုက်သည်။

ပြီးမှ ယွမ်ဘက်သို့ မျက်နှာချင်းဆိုင်ကာ....



'ကျွန်တော့်အိမ်က စာရွက် စာတမ်းတွေကို ခိုးကြောင်ခိုးဝှက်နဲ့လာပြီး မွှေနှောက်ဖို့ဘာ့အခွင့်ဘူးဗျ၊ ကျုပ်အနေနဲ့ ဖောက်ထွင်းခိုးယူမှုအရ အရေးယူနိုင်တယ်'

ယွမ်က....

'ရှဖုန်းရီ ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ'

ရှဖုန်းရီ မျက်နှာမှာ ပို၍ နီမြန်းလာသည်။

'ကျုပ်တို့ အချင်းချင်း သွေးမကွဲချင်ဘူးဗျာ၊ ကျုပ်အိမ်မှာ ကျန်ခဲ့တဲ့ ခြေရာတွေဟာ ဘယ်သူဘယ်ဝါဆိုတာ လက်ညှိုးညွှန်ပြနေတယ်၊ ရှင်းရှင်းပြောမယ်ဗျာ၊ ကျုပ် ဟော့ဆန်းကိုးကို မသင်္ကာဘူး'

ဟော့ဆန်းကိုးအနားသို့ ရောက်ရှိလာသည်။

'တပ်မှူးပြောတာ မလွန်ပါဘူး၊ ဒါပေမယ့် ကျွန်တော် လုပ်နေတဲ့ အလုပ်တွေဟာ ကျွန်တော့် အတွက် မဟုတ်ပါဘူး၊ တပ်မှူးပြောသလိုပဲ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ဆိုရင် မမှားပါဘူး၊ ကျွန်တော်ဟာ တာဝန်အရ တစ်စုံတစ်ယောက်ရဲ့ အိမ်ကိုဝင်ရောက်မွှေနှောက်လို့ အပြစ်ရှိရင် တစ်စုံတစ်ယောက်ရဲ့ ဂေဟာထဲက စာရွက်စာတမ်းတွေကို ခိုးယူထားတဲ့ လူဟာလဲ အပြစ်ရှိတာပဲ'

ရှဖုန်းရီမှာ ပါးစပ်ပိတ်သွားသည်။ မြားဦးက သူ့ဘက် ပြန်လှည့်လာသည်။ မိမိ မှတ်တမ်းကို ခိုးယူထားကြောင်း ပြောနေခြင်းပင် ဖြစ်သည်။

အကျယ်အကျယ် စကားများကြမည်ကို ယွမ်ကာ သိလိုက်သည်။

'ဒီမှာ ရှဖုန်းရိ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ် ရှင်းပြပါမယ်'

ရှဖုန်းရိ ယွမ်ကို ငေးကြည့်နေသည်။

'အမှန်တော့ ဟွေဆန်းကိုးဟာ ခင်ဗျားဆီမှာ စီစီချမ်းရဲ့ မှတ်တမ်း ယူထားသလားလို့ မေးသင့်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဘယ်နည်းနဲ့မှ မှန်ကန်တဲ့အဖြေကို ပေးမှာမဟုတ်ဘူး၊ ဒါကြောင့် သူက တက်ရောက်ရှာဖွေပြီးယူခဲ့တာပဲ၊ ဒီမှတ်တမ်းကို ခင်ဗျား ထုတ်ယူသိမ်းဆည်းထားတာကို တွေ့ရှိရင် စီစီချမ်းဆိုတဲ့ စေ့ဒနာသည်ကို ခင်ဗျားအကာအကွယ်ပေးနေတာ ထင်ရှားတဲ့အပြင် အခု နောက်ပိုင်းမှာ လီလီဟာ စီစီချမ်းဆိုတာကိုပါ သိလာရတယ်၊ ဒါကိုတော့ ခင်ဗျားငြင်းမယ်လို့ မထင်ပါဘူး'

ရှဖုန်းရိက....

'ဒါက ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် မှတ်တမ်းစာရွက်ကို သိမ်းထားတာ ဖြစ်တယ်၊ ကျွန်တော်ကလဲ လိမ်နေကွယ်နေတာ မဟုတ်ဘူး၊ စီစီချမ်းဟာ လီလီဖြစ်သလို၊ လီလီဟာ စီစီချမ်းဖြစ်တယ်ဆိုတာ မှန်တယ်၊ သူမရဲ့ သာယာနေတဲ့ လီလီဆိုတဲ့ဘဝကို စီစီချမ်းဆိုတဲ့ အတိတ်က အမည်းစက်ကြီး ပြန်မဝင်စေချင်လို့ အကာအကွယ် ပေးနေတာပဲ ဖြစ်တယ်



ခုတော့ ခင်ဗျားတို့ သိရပြီလေ၊ ဒါပေမယ့် လီလီဟာ လူသတ်သမား တစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်တော် ရဲရဲပြောရဲတယ်'

'ဒါက အချိန်နဲ့အခါ စကားပြောသွားမှာပါ'

ဟွေဆန်းကိုးက ဝင်ပြောသည်။

'အေးလေ၊ ခင်ဗျားတို့ စောင့်ကြည့်ဦးပေါ့၊ ခင်ဗျားတို့ထင်တဲ့ တြိဂံဓားသမားဟာ လီလီဖြစ်ခဲ့ရင် အားလုံးကို ကျွန်တော်အရှုံးပေးပါ့မယ်'

ယွမ်က လက်ကာ၍....

'ကဲ....အဲဒီကိစ္စ ထားပါဦး၊ ခင်ဗျားကို အရေးကြီးတဲ့ ကိစ္စလေး ပြောစရာရှိလို့ပါ'

'ပြောပါ အုပ်ချုပ်ရေးမှူး....'

'ခင်ဗျားဆီကိုတော့ ဖိတ်စာရောက်တယ် မရောက်ဘူးဆိုတာတော့ ကျုပ်တို့ မသိရသေးဘူး၊ ဟောဒီ ကြဲမုချမ်းဆိုတဲ့ လူကတော့ ဟောဒီဖိတ်စာနဲ့အတူ ကျုပ်တို့ဆီရောက်လာတယ်၊ အဲဒီမှာ ခင်ဗျားနာမည်လဲ ပါနေတယ် ရှဖုန်းရိ'

ယွမ်က အနီရောင် ဖိတ်စာကတ်ကို ထုတ်ပြရင်း ကြဲမုချမ်း ရောက်ရှိလာပုံများကို ပြောပြလိုက်သည်။

ရှဖုန်းရိမှာ အနီရောင် ဇာတ်ကလေးကို မြင်ရသည်နှင့် မိမိ အိမ်က ပျောက်နေသောဇာတ် ဖြစ်လိမ့်မည်ဟု ထင်မိသော်လည်း ကြဲမုချမ်းဆီမှရရှိသည်ဟု ယွမ်က ပြောနေသောကြောင့် မိမိ၏ အနီရောင်ကတ်သည် မည်သည့်နေရာသို့ ရောက်ရှိနေသနည်းဟု တွေးမိသည်။

မည်သို့ပင်ဆိုစေ ဆက်လက်ပြီး ဖုံးကွယ်၍မထားလိုသဖြင့်....

'ကျွန်တော့် ဆီလဲ ရောက်ပါတယ်၊ ဒါပေမယ့် ကျုပ် သိမ်းထားတဲ့ နေရာမှာ မရှိတော့ဘူး'

ဟောဆန်းကိုးက ဝင်၍....

'ကျုပ် မှတ်တမ်းကလွဲပြီး တခြား ဘာမှမယူခဲ့ဘူး'

ဟု မလုံသလိုဖြစ်ပြီး ဝင်ပြောလိုက်သည်။

'ကျုပ်နဲ့ပတ်သက်တဲ့ ကိစ္စက အကြောင်းမဟုတ်ပါဘူး၊ ခင်ဗျားတို့ကို လာပြီးမပြတာကလဲ ကျုပ်အန္တရာယ်ကို ကျုပ် ကိုယ်တိုင်ပဲ ရှင်းချင်တယ်၊ အဲ....ခင်ဗျားတို့ ထင်သလို ကျုပ် မိန်းမဟာ ခေါးသမား ဖြစ်နေရင်လဲ သူနဲ့ကျုပ် ရှင်းရမှာပဲ၊ အဲ....စောစောက ခင်ဗျားပြောသလို အချိန်ကိုစောင့်ကြည့်ဦး ပေါ့'

ယွမ်သည် ရှဖုန်းရိ အလွန်အမင်း စိတ်တိုနေသည်ကို သိသည်။



'ကဲ....အားလုံးအတွက် ကျုပ်တောင်းပန်ပါတယ် ရှဖုန်းရိ၊ ခင်ဗျား ဘာပဲပြောပြော ခင်ဗျားဆီဝင်လာမယ့် အန္တရာယ်ကို ကျုပ်တို့ကလဲ စောင့်ကြည့်ပေးရမှာပဲ'

'ကျေးဇူးတင်ပါတယ်၊ အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်'

ရှဖုန်းရိသည် မပြုံးချင်ပါဘဲလျက် ပြုံးပြီးနှုတ်ဆက်၍ ထ ပြန်လာခဲ့သည်။

## အခန်း (၂၇)

ကျုံကွမ်းမြို့ တောင်ဘက်ခြမ်းတွင် ထင်းရှူးတော ရှိသည်။

ထင်းရှူးတောကို ဖြတ်ကျော်လျှင် ကုန်းလွင်ပြင်ကလေး တစ်ခုကို တွေ့ရှိရသည်။

ဟော့ဆန်းကိုးသည် ထင်ရှူးတောတန်း လွန်မြောက်လာသည်နှင့် ကုန်းလွင်ပြင်ကို လှမ်းကြည့်လိုက်သည်။

သစ်ပင်ငယ်ကလေးများ ယိမ်းနွဲ့ လှုပ်ရှား နေသည်မှ အပ ပဏာတိ တိတ်ဆိတ်နေသည်။

ဟော့ဆန်းကိုးသည် အဖြူရောင်ဝတ်စုံကိုဝတ်၍ ခေါင်းစည်းကြိုး အနီရောင်နှင့် ခါးပတ်အနီရောင်ကို ဝတ်ဆင်ထားသည်။

သူသည် ချိန်းဆိုထားသည့်အချိန်ထက် တမင်တကာပင် စော၍ထွက်လာခြင်း ဖြစ်လေသည်။



သူသည် တြိဂံဓားသမားကို သိချင်လှပြီ ဖြစ်သည်။

ထိုတြိဂံဓားသမားသည် စီစီချမ်း(ဝါ) လီလီနှင့် ဆက်နွယ်နေရမည်ဟုသည်း ခိုင်မာစွာ ယုံကြည်ထားသည်။

ရှဖုန်းရိနှင့်လီလီသည် တစ်ဦးကိုတစ်ဦး အလွန်အမင်း ချစ်ကြသည်ကို သူသိသည်။

သို့သော် ယခုအခါတွင် ရှဖုန်းရိခရီးထွက်ပြီဆိုလျှင် လီလီ တစ်ယောက် နေရာအနှံ့ သွားနေသည်။ ဒါကိုရှဖုန်းရိက လုံးဝ သိဟန်မတူပေ။

သူမ ခြေလှမ်းပျက်နေသည်မှာ မှန်သော်လည်း မိမိတို့က လက်ဆုပ်လက်ကိုင် မပြနိုင်သေးသဖြင့် အသာငြိမ်၍ နေရသည်။

ယနေ့ စိန်ခေါ်ပွဲမှ တြိဂံဓားသမားသည် မိမိကို အနိုင်တိုက်နိုင်မည်လော။

အကယ်၍ ထိုသူအနိုင်သွား၍ မိမိသေဆုံးသွားလျှင် ကံတရားအတိုင်းရှိစေတော့၊ ကျန်သည့်လူများ ဆက်လက်၍ ဆောင်ရွက်သွားမည်။

မိမိကအနိုင်ရရှိလျှင် ထိုသူအား မည်သူမည်ဝါဖြစ်သည်ကို မရရအောင် မေးမြန်းစုံစမ်း၍ တြိဂံဓားသမား ဇာတ်လမ်းကို သိမ်းရတော့မည် ဖြစ်သည်။

ထိုသူ မသေဆုံးပါစေနှင့်....

ထွက်မပြေးပါစေနှင့်ဟု ကြိတ်၍ ဆုတောင်းထားသည်။

ဟော့ဆန်းကိုးသည် သူ၏မြင်းကို ကုန်းတာမူ လွင်ပြင်ပေါ်သို့ ခပ်မှန်မှန် မောင်းတက်သွားသည်။

တြိဂံခေါင်းသမား ချိန်းဆိုသော ထင်းရှူးတော လွင်ပြင်သည် ဤနေရာပင် ဖြစ်သည်။

ဤနေရာသို့ ဘာကြောင့် ချိန်းဆိုသည်ကို ဟော့ဆန်းကိုး သဘောပေါက်သည်။

ဤ ကုန်းလွင်ပြင်မှနေ၍ ကြည့်လျှင် အရပ်လေးမျက်နှာကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

မိမိတစ်ယောက်တည်း လာခြင်း ဟုတ်မဟုတ်ကိုလည်း သူသည် စောင့်မကြည့်ပါဟု မပြောနိုင်ပေ။

သို့သော်လည်း ယခု အချိန်ထိတော့ မည်သည့် အရိပ်အယောင်ကိုမှ မတွေ့ရသေးပေ။

ဟော့ဆန်းကိုးသည် မြင်းကို တောစပ်ဆီသို့သွားရန် တင်ပါး ပုတ်လွှတ်လိုက်သည်။

သူသည် နေရောင်ခြည်အောက်ဝယ် မမှိတ်မသုန် ရပ်တန့်၍ ရင်ဆိုင်ရန် အသင့်ပြင်ထားလေသည်။

သူ၏ နောက်ကျောဘက်ဆီမှ မြင်းခွာသံသဲ့သဲ့ ကြားရသည်နှင့် လှည့်ကြည့်မိသည်။

မှန်ပေသည်။



မြင်းတစ်ကောင်သည် သူ့ထံသို့ တန်းတန်းမတ်မတ်ပင် ဒုန်းစိုင်းလာနေသည်ကို တွေ့ရသည်။

* * *

အုန်းခွံရောင်မြင်းကြီးသည် ဟော့ဆန်းကိုးနှင့် ဝါးတစ်ပြန်စာလောက်တွင် ရပ်တန့်လိုက်သည်။

တြိဂံ ခေါင်းသမား....။

အစိမ်းပုပ်ရောင်ဝတ်စုံ မဟုတ်တော့ပေ။

အညိုရောင်ဝတ်စုံနှင့် ဖြစ်သည်။

နှီးခမောက်ကြီးကိုတော့ ပုံစံမပျက် ဆောင်းထားလျက်ပင် ရှိသည်။

တြိဂံခေါင်းသမားသည် မြင်းပေါ်မှ သူ၏ဟန်ပန်အတိုင်း ပေါ့ပါးစွာဖြင့် ခုန်ဆင်းလိုက်သည်။

ထို့နောက် ဟော့ဆန်းကိုးရှိရာသို့ လျှောက်လှမ်းလာပြီး ခြေလှမ်း ငါးလှမ်းလောက်အလိုတွင် ရပ်တန့်လိုက်လေသည်။

သူ၏ ဘယ်ဘက်လက်သည် ဘယ်ဘက်တွင် ချိတ်ဆွဲထားသည့် ဓားရိုးပေါ်သို့ တင်ထား၏။

သူ၏မျက်နှာသည် ခါတိုင်းနှင့် မတူပေ။

အလွန်ပင် တင်းမာခက်ထန်နေကြောင်း ဟော့ဆန်းကိုး သတိပြုမိ လိုက်သည်။

တြိဂံဓားသမားသည် ပတ်ဝန်းကျင်သို့ တစ်ချက် လှည့်ပတ်ပြီး မျက်လုံးကစားလိုက်သည်။

'ကျုပ် တစ်ယောက်တည်းဆိုတာ ကျိန်ခြေပြောရဲပါတယ်'

ထိုသူက မဲ့ပြုံး ပြုံး၍....

'တစ်ဖွဲ့လုံးခေါ်လာလဲ ကျုပ် ဂရုမစိုက်ဘူး'

ဟော့ဆန်းကိုးသည် ထိုလူကို သေသေချာချာ အကဲခတ်သည်။

သူ့စကားအတိုင်း မည်သူ့ကိုမှ ဂရုစိုက်မည့်သူ မဟုတ်ပေ။ သူ၏ အဆင့်မြင့်သိုင်းပညာကို အလွန်ပင် အဆင့်ကြီး ထားဟန်လည်း ရှိနေသည်။

ဤလိုပုဂ္ဂိုလ်မျိုးသည် တိုင်းပြည်အတွက်၊ လူမျိုးအတွက် ဆောင်ရွက်လျှင် မည်မျှအထိ တန်ဖိုးရှိမည်နည်း။

'ခင်ဗျားရဲ့သတ္တိကိုလဲ ကျုပ်လေးစားပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ထက်မြက်တဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်ပေ



မယ့် သိုင်းလောကထဲမှာလဲ မကျော်ကြားဘူး၊ ဘယ်သူ ဘယ်ဝါဆိုတာလဲ မသိရတာတော့ ခက်တယ်ဗျာ'

'ငါဟာ မင်းတို့ အလိုရှိနေတဲ့ တရားခံ တစ်ယောက်ပဲ၊ ဘယ်သူဘယ်ဝါ ဖြစ်ပါတယ်လို့ ငါက ဖွင့်ပြောနေရဦးမှာလား၊ မင်းတို့ရဲ့တာဝန်က ငါ့ကို သေအောင်သတ်ဖို့ပဲ မဟုတ်လား၊ အေး.... ငါမသေရင်တော့ မင်းတို့သေရမယ်၊ ဒီနှစ်လမ်းပဲ ရှိတယ်'

ဟော့ဆန်းကိုးက သူ့ထံမှ စကားနိုက်ချင်သည်။

'ဒါပေမယ့်ဗျာ၊ ကျုပ်တို့က လူတစ်ယောက်ကို အကြောင်းမဲ့ မသတ်ချင်ပါဘူး၊ ခင်ဗျားအနေနဲ့ အမှားတွေကို အမှန်မြင် လာလိမ့်မယ်လို့ ကျုပ် ထင်မိတယ်'

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက ဥပဒေတွင်းကလူ၊ ကျုပ်က ဥပဒေအပြင်ဘက်က လူ ဖြစ်နေတယ်၊ ဒါပေမယ့် ကျုပ်ကလဲ အကြောင်းမဲ့ မသတ်ပါဘူး၊ တပ်မှူးကြီး ကျင်းဖိန့်ကို ကျုပ် မလွှဲသာလို့ သတ်ရတာပါ၊ သူနဲ့ကျုပ်နဲ့ဟာ ရန်သူလဲ မဟုတ်ဘူး၊ ဒါပေမယ့်ဗျာ ကျုပ်ရဲ့ လျှို့ဝှက်ချက်တွေကို သူက သိသွားတော့ သူ့ကို ရှင်းရတော့တာပဲ၊ အဲ.... မောင်ရင့်ကိုလဲ ကျုပ်က အေးအေးဆေးဆေးနေဖို့ သတိပေးတယ်လေ၊ ဒါပေမယ့် မောင်ရင်က ပိုပြီးတော့ ကန်းတက်လာတယ်၊ ဒီတော့ ကျုပ်က တရားမျှတစွာနဲ့ စိန်ခေါ်ရတာပါ'

ဟော့ဆန်းကိုးသည် သူ့စကားများကို ဂရုစိုက်၍ နားထောင်နေသည်။

'ဒီပွဲမှာ ကျုပ်က ရှုံးပါပြီတဲ့၊ ခင်ဗျားအတွက် ရှင်းသွားမယ် ထင်သလား၊ ခင်ဗျားကို တရားဥပဒေက တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ဘူး'

'ဟဲ....ဟဲ ကျုပ်အလဲ အသက်မသေမချင်း ဆက်ပြီးနွှဲ့ ရှိတော့တာပေါ့'

'ကြံမှုချမ်းနဲ့ ရှဖုန်းရိကို ခင်ဗျားက သတ်မှာလား၊ ဟို တစ်ယောက်က သတ်မှာလား'

ဟော့ဆန်းကိုးက အလစ်မေးလိုက်သည်။

'ဟိုတစ်ယောက်ဆိုတာ ငါမသိဘူး၊ ငါ့အလုပ်တွေကတော့ ငါဆက်လုပ်သွားရမှာပဲ၊ ကဲ....ဒီလောက် စကားပြောရရင် ကျေနပ်ရောပေါ့'

တြိဂံဓားသမားကြီးသည် အမှန်ကို လုံးဝ ဖွင့်ပြောတော့မည် မဟုတ်မှန်း သိလိုက်ရသည်။

'စိစိချွမ်း.... အဲ အဲ လီလီဟာ ခင်ဗျားနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း မဟုတ်လား'

ဟော့ဆန်းကိုးက အလစ်မေးလိုက်သည်။

ဓားသမားကြီးက ဟော့ဆန်းကိုးစကားကို အံ့ဩသလို ငေးကြည့်နေပြီးမှ....

'မင်း အဲဒီလို စုံစမ်းတာ ကောင်းလွန်းလို့လဲ ငါ့စိန်ခေါ် ရတဲ့ အဖြစ်မျိုး ကြုံလာရတာပေါ့'

သူ၏စကားက သွယ်ဝိုက်ပြီး ဝန်ခံသလို ရှိနေသည်။

'ခင်ဗျား ဘာပဲပြောပြောလေ၊ အခြေက မကြာခင် ပေါ် လာတော့မှာပဲ'



တြိဂံဓားသမားက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးမှ....

'အေးလေ၊ အခြေက ပေါ်တော့မှာပါ'

ဟု ပြောပြီး ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်လေသည်။

* * *

'ဒီမှာ....ကျုပ် ရှုံးချင်လဲ ရှုံးမှာပါ၊ ခင်ဗျားနာမည်တော့ သိသွားချင်တယ်ဗျာ'

ဟော့ဆန်းကိုးက တောင်းဆိုလိုက်သည်။

'ဩော်.... မင်းက ဒီလောက်တောင် သိချင်နေတာကိုး၊ ငါက နာမည်တစ်ခုကို ပြောလိုက်တော့ကော မင်းက ယုံသွားမှာပဲ၊ ဒါတွေက အပိုတွေပါ၊ မင်းသိထားဖို့က ငါဟာ သတ်သင့်တဲ့လူတွေကို သတ်နေတာ၊ မင်းတို့ကို ရန်ပြုချင်တာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းတို့က ငါ့ကို ဖမ်းဖို့ဆီးဖို့ သတ်ဖို့ ကြိုးစားတော့လဲ....'

သူသည် စကားဆုံးသည်နှင့် ဓားကိုဝင့်၍ ဝင်လိုက်သည်။

'ယား'

'ချွမ်း....ချွမ်း'

ပွဲစလျှင်စချင်း ဓားချင်းထိခိုက်သံများ ပေါ်ထွက်လာတော့သည်။

ဟော့ဆန်းကိုးကား ခံထားရဖူးပြီမို့ သတိ ကြီးစွာဖြင့် လှုပ်ရှားရတော့သည်။

တြိဂံဓားသမား၏ ဓားသည် ဟိုယခင်ကထက် ပြင်းထန် သွက်လက်နေသည်။

သူ၏လျင်မြန်မှုနှင့် အရှိန်အဟုန်များက အံ့မခန်းလောက် အောင် ပြင်းထန်နေသည်။

ဟော့ဆန်းကိုးသည် လေ့ကျင့်မှု ပြည့်ပြည့်ဝဝ ယူထားပြီး ဖြစ်၍ မိမိကိုယ်ကိုမိမိ ယုံကြည်မှု ရှိနေသည်။

တြိဂံ ဓားသမားသည် သိုင်းကွက် ခုနစ်ကွက်တိတိကို ပြောင်းလဲ၍ တိုက်ခိုက်၏။ အကွက်တိုင်း အကွက်တိုင်း တိကျလှသည်။

ဟော့ဆန်းကိုး မျက်တောင်ပင် မခတ်ရဲ။

မျက်စိတစ်မှိတ်လျှပ်တစ်ပြက် အတွင်းမှာ သူ၏ဓားက ထိုး ဖောက် ဝင်ရောက်သွားနိုင်သည်။

'ထန်း....'

အသံနှင့်အတူ ဟော့ဆန်းကိုး၏ဓားဖျား တစ်လက်မခန့် ပြတ်ထွက်သွားသည်။

ဟော့ဆန်းကိုးသည် သိသိသာသာ တုန်လှုပ်သွားလေသည်။

သူသည် အားမာန်အပြည့်သွင်း၍ တိမ်ဖောက်ကြောင် လိမ် တိုက်ကွက်ကို သုံးလိုက်သည်။

ဓားကို ရင်ဝယ်ကပ်ပြီး ခန္ဓာကိုယ်ကို သုံးပတ်မျှလှည့်ကာ ရုတ်တရက် ထိုးသွင်းလိုက်သည်။

'အိုး....'

တြိဂံဓားသမားက ကြောင်သွားပြီး နောက်သို့ခုန်ဆုတ် ၍ ရှောင်သည်။



ဘယ်လက်မှအင်္ကျီစ စုတ်ပြတ်ထွက်သွားသည်မှအပ အခြား ဒဏ်ရာ မရရှိသဖြင့် ဟော့ဆန်းကိုး သူ့ကိုယ်သူ ဒေါသဖြစ် သွားသည်။

ထိုတိုက်ကွက်သည် တစ်ဖက်သားကို ကောင်းကောင်းကြီး သေတွင်းသို့ ပို့နိုင်သော တိုက်ကွက်ဖြစ်သည်။

ပြီးမှ ချက်ချင်းသတိရလိုက်သည်။

သူ၏ဓားဦးသည် တစ်လက်မ ကျော်ကျော်လေး ကျိုးနေ သည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ခါတိုင်း အချိန်အဆထက် နည်းနည်းကလေး ပိုပေးရတော့မည်ကို သိလာသည်။

ထိုတိုက်ကွက်ကြောင့်လည်း အရမ်းကာရော အရှိန်အဟုန် ဖြင့် ဝင်နေသည့် တြိဂံဓားသမား အနည်းငယ် တုံ့ဆိုင်း လာသည်။

သတိကြီးစွာ ထားလာသည်။

နှစ်ယောက်စလုံးလည်း မောပန်းလာပြီဖြစ်သည်။

* * *

အချိန်က နှစ်နာရီကျော်ပြီ ဖြစ်သည်။

နှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီနှင့် ဖြစ်နေကြသည်။

ဟော့ဆန်းကိုး တစ်ကိုယ်လုံး သွေးသံရဲရဲ ဖြစ်နေသကဲ့သို့ တြိဂံဓားသမားကြီးမှာလည်း သွေးအလူးလူး ဖြစ်နေရှာသော အင်္ကျီစများသည် ဖွာရာကျဲ၍ စုတ်ပြတ်ကုန်ပြီဖြစ်သည်။

ဟွေ့ဆန်းကိုး၏ဓားသာ တစ်လက်မသာသာကလေး ကျိုး မသွားပါလျှင် တြိဂံဓားသမားအဖို့ မတွေးဝံ့စရာပင် ဖြစ် တော့သည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကျားချောင်းသလို ချောင်းနေသည်။

'ဖြောင်း....ဖန်း'

ဟွေ့ဆန်းကိုး၏ ကန်ချက်များက တြိဂံဓားသမားကို ဟန်ချက်ပျက်စေသည့်အပြင် ပါးစပ်မှသွေးများ ဒလဟော စီးဆင်းလာသည်။

ဟွေ့ဆန်းကိုးမှာလည်း ဟန်သာရှိတော့သည်။

ယခုအချိန် တြိဂံဓားသမားအသာ ထက်မြက်သော သိုင်းကွက် တစ်ကွက်ကို မိမိရရ ထပ်မံ၍ တိုက်စစ်ဆင်ပါလျှင် ဟွေ့ဆန်းကိုး လည်စင်းခံရုံသာ ရှိတော့သည်။

သို့သော်....

ဟွေ့ဆန်းကိုးမှာ တြိဂံဓားသမားထက် ခံနိုင်ရည် ရှိနေ ပေသေးသည်။ ဟွေ့ဆန်းကိုးသည် အားယူ၍ သူ၏ဓားကို ဝှေ့လိုက်သည်။

တြိဂံဓားသမားကြီးသည် ဟွေ့ဆန်းကိုးအား အထင် သေးမိသည်မှာ မှားကြောင်း နောင်တရသွားပြီ ဖြစ်သည်။

သူသည် မကြာမီ လောကကြီးကို စွန့်ခွာရတော့မည်ဟု လည်း သိလိုက်လေသည်။

ဟွေ့ဆန်းကိုးက နောက်ဆုံး ဓားကိုဝင့်၍ ဝင်လိုက်ချိန်မှာ ပင်....



စာမှတ် ၁၅/၁၃ ... တောင်ငူ မြို့

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံနှင့်အတူ ဝတ်ရုံနက် ဝတ်ဆင်ထားသောလူတစ် ယောက်သည် အပြေးအလွှား ရောက်ရှိလာသော တြိဂံဓား သမားရှေ့မှ ရပ်တန့်၍ ဓားကို ရုတ်တရက်ဆွဲထုတ်လိုက်သည်။

ပထမ ဟွေ့ဆန်းကိုး ကြောင်နေသည်။

တြိဂံဓားသမားသည် သူ၏လက်ချက်ဖြင့် မရှုမလှခံထား ရပြီကိုလည်း သိထားသည်။ အသက်ရှင်စရာလမ်း မမြင်တော့ ပေ။

ယခု....

ထိုသူဘက်မှ ရန်သူတစ်ယောက်က မမျှော်လင့်ဘဲ ရောက်ရှိ လာရာ ဟွေ့ဆန်းကိုးသည် စိုးရွံ့ထိတ်လန့်သွားမိတော့သည်။

ယခုအချိန် ကလေးငယ် တစ်ယောက်ကိုပင် ယှဉ်ဝံ့စရာ အခြေအနေ မရှိတော့ပေ။

ဟွေ့ဆန်းကိုး နည်းလမ်းတစ်ခုသာ ရှိတော့သည်။

သူ၏မြင်းဆီသို့ ပြေးလွှားကာ ခုန်တက်မိလိုက်သည်။

ထို့နောက် လာရာလမ်းဆီသို့ ရှိသမျှအားကို အသုံးပြု ကာ မြင်းကို မောင်းနှင်လိုက်ရတော့သည်။

* * *

ဝတ်ရုံနက်ကို ဝတ်၍ မျက်နှာဖုံးစွပ်ထားသော လူသည် တြိဂံဓားသမားအား မြင်းပေါ်သို့ တင်လိုက်သည်။

မျက်နှာဖုံးနှင့်လူသည် ဟော့ဆန်းကိုး ထွက်ပြေးသည်ကို လှမ်းကြည့်ပြီး တက်တစ်ချက် ခေါက်လိုက်သည်။

ထို့နောက် တြိဂံခေါင်းသမားကို သူ၏မြင်းပေါ်သို့တင်ကာ ပေးပြီး ခေါ်ဆောင်သွားသည်။

မျက်နှာဖုံးရှင်သည် မြင်းကို တောင်ခြေဆီသို့ မောင်းနှင်၍ တစ်နေရာတွင် တွေ့ရသော တဲငယ်တစ်ခုရှေ့တွင် ရပ်တန့်ကာ တြိဂံခေါင်းသမားကြီးအား တဲငယ်အတွင်းသို့ ထမ်းပိုး၍ခေါ် သွားသည်။

မျက်နှာဖုံးနှင့်လူသည် သူ၏ဆေးဝါးများကို ထုတ်ယူကာ တြိဂံခေါင်းသမားကြီးအား ကျွေးသည်။

တြိဂံခေါင်းသမားကြီးသည် အသက်ကို ပြင်းထန်စွာ ရှူရှိုက်မှ မျက်နှာဖုံးရှင်ကို မော့ကြည့်ကာ....

'မိတ်ဆွေရဲ့ ကျေးဇူးက ကြီးမားလှပါတယ်၊ ဒါပေမယ့် ကျုပ်.... ကျုပ်.... မနေရတော့ပါဘူး'

မျက်နှာဖုံးရှင်က ...

'ခင်ဗျား မသေနိုင်ပါဘူး၊ ကျုပ် အစွမ်းကုန် ပြုစုမယ်'

ဟု ပြောသောပြောလိုက်ရသည်။ မျက်နှာဖုံးရှင်သည် ဒဏ်ရာများကို ကြည့်၍ သက်ပြင်းချမိသည်။

'ခင်ဗျား....ခင်ဗျား ဘယ်သူလဲဟင်'

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မေးမနေနဲ့၊ ခင်ဗျားရဲ့ မိတ်ဆွေလို့သာ သဘောထားလိုက်၊ ခင်ဗျားဒဏ်ရာတွေကို ကျုပ် ဆေးထည့်ဦးမယ်'

'ဝေါ့'



တြိဂံခေါင်းသမားသည် သွေးများ အန်ကျသွားသည်။

'ခင်ဗျားနဲ့ ရန်ဖြစ်တာ တိမ်လွှာခေါင်းသမား ဟော့ဆန်းကိုး မဟုတ်လား'

မျက်နှာဖုံးရှင်က မေးသည်။

'ဟုတ်....ဟုတ်ပါတယ်၊ သူ့ကို ကျုပ် တစ်ချက် အထင်သေးသွားမိတယ်'

မျက်နှာဖုံးရှင်က....

'အဲဒါ ခင်ဗျားအမှားပဲ၊ တိမ်လွှာခေါင်းသမားဟာ သူ့ခြေထောက်ကို ခေါင်းထက်ကြောက်ရတယ်၊ ကဲ.... ထားပါတော့လေ၊ ခင်ဗျား ဟောဒီဆေးတစ်ခွက် ထပ်သောက်လိုက်ဦး'

မျက်နှာဖုံးရှင်သည် ပုလင်းထဲမှဆေးရည်အချို့ကို တိုက်ချလိုက်လေသည်။ ထိုလူကြီးသည် အနည်းငယ် အမောပြေသွား၏။

သူသည် မျက်နှာဖုံးရှင်ကို ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် မော့ကြည့်ကာ....

'မိတ်ဆွေကြီး ဘယ်သူလဲဗျာ၊ ကျုပ် မျက်နှာကို ကြည့်ချင်လိုက်တာ'

မျက်နှာဖုံးရှင်သည် တြိဂံခေါင်းသမားကြီးအသက်ရှင်နိုင်တော့မည် မဟုတ်သည်ကို အတပ်သိထားသည်။

'ဟာ ခင်ဗျားသိရမှာပေါ့ဗျာ၊ ကဲပါလေ ခင်ဗျားကကော ဘယ်သူလဲ'

တြိဂံ ဓားသမားက မေးလိုက်သည်။

'မိတ်ဆွေကြီးကိုတော့ ပြောရမှာပေါ့ဗျာ၊ ကျုံကွမ်းတစ်ခြုံလုံးက နာမည်ပေးထားတဲ့ တြိဂံ ဓားသမားဆိုတာလေ'

မျက်နှာဖုံး ရှင်၏ အံ့ဩဟန်ဖြင့်....

'အို....လက်စသတ်တော့ ဆရာကြီးကိုး၊ ကျုပ်ဆရာကြီးကို လေးစားပါတယ်၊ ဆရာကြီးဟာ အင်မတန် သိုင်းပညာ ထက်မြက်တာပဲ၊ နောက်ပြီး ဆရာကြီးရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော် သဘောကျပါတယ်၊ ဆရာကြီးမှာ ဘယ်လို ခံစားချက်တွေ ရှိတယ်ဆိုတာကော ကျွန်တော် မသိရဘူးလား'

တြိဂံ ဓားသမားကြီးသည် အနည်းငယ်အသက်ရှုမှန်လာသည်။

သို့သော် သူ၏ဝေဒနာကို သူသာအသိဆုံးမို့ မျက်နှာ တစ်ချက် ရှုံ့မဲ့လိုက်သည်။

'ကျုပ်....ကျုပ်....ကြာကြာ နေရမှာလဲ မဟုတ်ပါဘူးဗျာ၊ ဒီတော့ မိတ်ဆွေကြီးကို ပြောသင့်ပြောထိုက်တာတွေကို ပြောပြပါ့မယ်၊ ကျုပ်နာမည်က....ချိန်းကျဲ့ဝှားလို့ ခေါ်ပါတယ်'

မျက်နှာဖုံးရှင်သည် ချိန်းကျဲ့ဝှား ပြောသမျှကို ဂရုစိုက်၍ နားထောင်လိုက်လေသည်။

## အခန်း (၂၈)

တစ်ညလွန် မြောက်ပြီး၍....

နောက်တစ်နေ့ ရောက်သည်နှင့် ဟော့ဆန်းကိုး၏ ဒဏ်ရာများက လုံးဝ သက်သာလာသည်။

သူသည် ဓားဒဏ်ရာ သုံးချက်တိတိ ရခဲ့သော်လည်း သုံးချက်စလုံး အပေါ်ယံကို ရှပ်တိုးမိခြင်းမျှသာ ဖြစ်သည်။

သွေးအထွက် များသောကြောင့် အားအင် အနည်းငယ် ဆုတ်ယုတ် သွားသော်လည်း တစ်ညတာ ကုသလိုက်သည်ဆိုလျှင်ပင် သိသိသာသာ ကျန်းမာလာတော့သည်။

ဟော့ဆန်းကိုးသည် တြိဂံ ဓားသမားအား လက်ရဖမ်းဆီးမိမည်ဟု မျှော်မှန်းထားရာ ဖြစ်မလာသဖြင့် အတော်ပင် မကျေမချမ်း ဖြစ်နေပေသည်။

တြိဂံဓားသမားဘက်မှ ဝင်လာသော မျက်နှာဖုံးရှင်ကို တွေ့မိသောအခါ စိတ်ထဲ၌ ခံပြင်းလာပြန်သည်။

မလွဲသာလွန်း၍ အရှုံးပေး ပြေးခဲ့ရသည်ကို စိတ်ထဲ၌ ရှက်မိသလိုလည်း ခံစားနေရသည်။

တြိဂံဓားသမားသည် တမင်ထကာ အဖော်ခေါ်ထား ခြင်းများလား။

သို့မဟုတ် အခြား ဒုစရိုက်သမား တစ်ယောက်က ကယ် တင်သွားခြင်းလား။

သို့မဟုတ် မျက်နှာဖုံးရှင်သည် တြိဂံဓားသမား အမျိုး သမီး ဖြစ်ဖို့လည်း အလားအလာ ရှိနေသည်။

မည်သို့ပင်ဆိုစေ သူသည် ပြတ်ပြတ်သားသား မအောင် မြင်ခဲ့ရသည်ကို ခံပြင်းနေမိခြင်း ဖြစ်သည်။

ဟေ့ဆန်းကိုးသည် အုပ်ချုပ်ရေးမှူး အခန်းထဲသို့ ရောက် သွားသောအခါ လူအတော်စုံနေပြီ ဖြစ်သည်။

အုပ်ချုပ်ရေးမှူးယွမ်ကာ သူ့ကို အပြုံးဖြင့် ဆီးကြိုသော် လည်း သူက မပျော်နိုင်ပါ။

'ကျွန်တော်ညံ့သွားတယ် အာစရိ'

ယွမ်က....

'မင်း ကျန်းမာရေးအခြေအနေ ကောင်းတယ် မဟုတ် လား'

'ဟုတ်ကဲ့၊ ဒဏ်ရာက မဖြစ်စလောက်ပါ၊ ခြေကုန်လက်ပန်း ကျတာလောက်ပဲ ရှိပါတယ်၊ ဒါပေမယ့် သူရသွားတဲ့ဒဏ်ရာ ကတော့ တော်တော်နဲ့ နာလန်ထူမယ်လို့ မထင်မိဘူး'



'မင်း တာဝန်အများကြီး ကျေပါတယ်လေ'

ဟေ့ဆန်းကိုးက ခေါင်းယမ်း၍....

'ကျွန်တော့်ကိုယ်ကျွန်တော် အားမရ ဖြစ်နေမိတာကတော့ နောက်ထပ်ရောက်လာတဲ့ ရန်သူကို ဆက်ပြီးမတိုက်နိုင်တော့လို့ အရှုံးပေးခဲ့ရတာကိုပဲ'

'သူ့ဘက်က ကူညီတာ ဘယ်သူလို့ မင်းထင်သလဲ'

'တြိဂံဓားသမားဟာ မိန်းမတစ်ယောက်၊ ယောကျ်ား တစ်ယောက် ဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆထားတာပဲ မဟုတ်လား၊ ဒီတော့ ဝတ်စုံနက် ဝတ်ဆင်ပြီး မျက်နှာဖုံးစွပ် ထားတာ အဲဒီအမျိုးသမီးပဲ ဖြစ်မှာပေါ့'

'ကိုယ်လုံးကိုယ်ပေါက်က အမျိုးသမီးကိုယ်လုံးကိုယ်ပေါက် မျိုးလား'

ဟေ့ဆန်းကိုး ငိုင်သွားသည်။

သူသည် အလွန်မောဟိုက်ပြီး မျက်ကလူးဆန်ပျာ ဖြစ်နေ သည့်အချိန်မို့ ထိုသူကို သေသေချာချာ အကဲခတ်ခွင့် မရ သည်မှာ အမှန်ပင် ဖြစ်သည်။

ထို့ကြောင့် သူသည် ပုံသေကားကျ အတတ်မပြောနိုင်ပါ။

'အဲဒါတော့ ကျွန်တော် ဇဝေဇဝါဖြစ်ခဲ့တယ်'

ယွမ်က....

'သူ့နာမည်ကော မင်းသိရသလား'

'သူကပြောတယ်၊ နာမည်တစ်ခုကို လိမ်ပြောလိုက်ရင်ကော မဖြစ်နိုင်ဘူးလားလို့ ပြန်မေးတယ်၊ ဒါကြောင့် သူပြောမယ့် နာမည်ကို စိတ်မဝင်စားတော့ဘူး'

ယွမ်က....

'အားလုံး မှတ်ထား၊ တြိဂံခေါးသမားကြီးရဲ့ နာမည်က ချိန်းကဲ့ဝူးတဲ့'

ဟု ပြောလိုက်ရာ အားလုံးမှာ အံ့အားသင့်သွားကြလေသည်။

ဟွေဆန်းကိုးသည် ပါးစပ်ကြီး ဟနေရာမှ ယွမ်ကို မြူးတူးပြီတဲ ကြည့်ကာ....

'ဟင် ပတ်ရှိနက်နဲ့ မျက်နှာဖုံးစွပ်ထားတာ....'

သူသည် စကားကို ဆုံးအောင် မပြောနိုင်ဘဲ ယွမ်ကို ငေးမော ကြည့်နေမိတော့သည်။

ယွမ်က ခပ်ပြုံးပြုံးဖြင့် ခေါင်းကို ညိတ်ပြလိုက်သည်။

* * *

အုပ်ချုပ်ရေးမှူး ယွမ်သည် အမြော်အမြင် ကြီးမားသည်။ ဟွေဆန်းကိုး ရှုံးခဲ့လျှင် ကူညီနိုင်ရန် တစ်နေရာမှ စောင့်ကြည့်နေခဲ့သည်။

ဟွေဆန်းကိုး စာရေးသစသည်နှင့် ယွမ်သည် တြိဂံခေါးသမားအတွက် ကယ်တင်ရှင်လုပ်ကာ တြိဂံခေါးသမားထံမှ အဖြစ်အပျက် အမှန်ကို ရအောင် ထုတ်ယူလာခဲ့သည်။

တြိဂံခေါးသမား အမည်ခံ ချိန်းကဲ့ဝူးသည် ယွမ်ကို စိတ်ချ ယုံကြည်စွာ ပြောရင်းမှ အသက်ထွက်သွားခဲ့သည်။

ယွမ်သည် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။



'ချိန်းကဲ့ဝူးက ငါ့ကိုတောင် သိပ်မယုံကြည်ချင်ဘူး၊ သူဖုံးကွယ်သွားခဲ့တဲ့ အချက်တွေ အများကြီး ကျန်ခဲ့သေးတယ်'

'သူက သေသွားပြီပေါ့ဆရာ၊ ဟုတ်လား'

ယွမ်က ခေါင်းညိတ်လိုက်သည်။

'မင်းရဲ့ တိမ်လှိုင်းလေပွေ သိုင်းကွက် ကန်ချက်မိသွားရင် အသက်ရှင်ဖို့ဆိုတာ သိပ်မလွယ်လှပါဘူး'

ဝမ်ပါးက မအောင့်အည်းနိုင်တော့ဘဲ.....

'တြိဂံခေါးသမားဟာ နှစ်ယောက် မဟုတ်လား ဆရာ၊ တစ်ယောက်က ဘယ်သူလဲ'

ဟု အာလောတကြီး မေးသည်။

ယွမ်က ပခုံးတွန့်၍....

'ချိန်းကဲ့ဝူးက ငါ့ကို အဲဒီလောက်အထိ မယုံခဲ့ဘူးကွ'

ဟူ၍ ပြောလိုက်ပြီး ဟွေဆန်းကိုးကို ကြည့်လိုက်သည်။

'ဟွေဆန်းကိုး၊ ပင်းအနေနဲ့ ရှဖုန်းရိတို့ကိုတော့ တောင်းပန်ဖို့ လိုလိမ့်မယ်နဲ့ တူတယ်'

ဟွေဆန်းကိုးက....

'ဘာလဲဆရာ၊ လီလီလုံးဝ မဖြစ်နိုင်တော့ဘူးလား'

'တြိဂံခေါးသမားကြီးချိန်းကဲ့ဝူးရဲ့ အတိတ်ကို ပြန်ကြည့်မယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ထင်တာပဲ'

သူတို့အားလုံးသည် ချိန်းကဲ့ဝူးက ယွမ်ကို ဘာတွေများ ပြောခဲ့ပါလိမ့်ဟု သိချင်နေကြသည်။

ယွမ်ကလည်း ရိပ်စားမိလာသဖြင့်....

ချိန်းကဲ့ဝှား၏ အတိတ်ကို ပြန်၍ ပြောပြရလေတော့သည်။

* * *

ချိန်းကဲ့ဝှားတို့မှာ မောင်နှမသုံးယောက် ရှိသည်။

ချိန်းကဲ့ဝှား၏ အစ်ကို အကြီးဆုံးမှာ ချိန်းစန်း ဖြစ်ပြီး အငယ်ဆုံး ညီမလေး၏ နာမည်ကို ကွ ဝှား (နှင်းဆီပန်း) ဟု ခေါ်လေသည်။

အစ်ကိုအကြီးဆုံး ချိန်းစန်းက ညီလေး ချိန်းကဲ့ဝှားနှင့် အငယ်ဆုံး အထွေးဆုံး ကွ ဝှားကို လုပ်ကိုင် ကျွေးမွေးခဲ့လေသည်။

သူတို့မောင်နှမသုံးဦး ပျော်ရွှင်စွာ နေခဲ့ကြသည်တွင် တစ်နေ့၌ အစ်ကိုကြီး ချိန်းစန်းသည် ခရီးသွားရာမှ ပြန်အလာတွင် ဝမ်းဗိုက်၌ ဓားဒဏ်ရာဖြင့် ပြန်လည် ရောက်ရှိ လာတော့သည်။

သူသည် အိမ်ရှေ့သို့ ရောက်သည်နှင့် မြင်းပေါ်မှ လိမ့်ကျသွားလေသည်။

ချိန်းကဲ့ဝှားနှင့် ကွ ဝှားတို့က ဆီး၍ ပွေ့ကြသည်။

'အစ်ကိုကြီး.... အစ်ကိုကြီး၊ ဘယ်လိုဖြစ်တာလဲဟင်'

ကွ ဝှားက ငိုယို၍ မေးသည်။

ချိန်းစန်းသည် မျက်လုံးဖွင့်ကြည့်တာ လက်ယမ်းပြလိုက်သည်။

'ညီလေး၊ ညီမလေး.... နင်တို့....နင်တို့ ဒီမှာမနေနဲ့၊ ပြေး... ပြေး'



'ဘာဖြစ်လို့ ပြေးရမှာလဲ အစ်ကိုကြီးရဲ့'

ချိန်းကဲ့ဝှားက အံကြိတ်၍ ပြောသည်။

'ငါပြောတာ နားထောင်စမ်း၊ မင်းတို့ အမြန်ထွက်သွားကြ၊ ချိကန်းဟာ လူယုတ်မာ၊ မင်းတို့ကို ဒုက္ခပေးတော့မယ်'

'ချိကန်း....ဦးလေးချိကန်း၊ ဟုတ်လား'

ကွ ဝှားက မေးသည်။

'သူက....သူက ဦးလေးအရင်းမှ မဟုတ်ဘဲ၊ မင်းတို့ အမြန်ဆုံး ပြေး....ပြေး'

ချိန်းစန်းမှာ စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ ဇက်ကျိုးကျသွားတော့သည်။

* * *

ချိကန်းသည် ချိစန်းတို့နှင့် ဆွေမျိုးနီးစပ် တော်သော်လည်း တခြားစီ နေကြသည်။

သူ၏တူမ ကွ ဝှား ဘယ်အရွယ်ရောက်နေပြီ၊ ဘယ်လိုနေကြသည် ဆိုတာတောင် လှည့်ကြည့်ဖော် မရသည့်သူဖြစ်သည်။

သို့သော် ချိန်းစန်းတို့က ချမ်းသာသည်၊ ချိကန်းမှာ ခိုးဆိုးတိုက်ခိုက်နေသူ ဖြစ်၏။

သူသည် လူမိုက်များနှင့်ပေါင်းပြီး ဓားပြတိုက် လူသတ်သည့် အလုပ်မျိုးကိုလည်း လုပ်လေသည်။

သူသည် ချိန်းစန်း ချမ်းသာနေသည်ကို မလိုလားဘဲ ချိန်းစန်းထံမှ ခဏခဏ ငွေတောင်းသည်။ ပထမတွင် ချိန်းစန်း

က ထောက်နိုင်သမျှ ပေးကမ်းခဲ့သော်လည်း နောက်ပိုင်း၌ မပေးတော့ပေ။

သူသည် ချိန်းစန်းကို ရန်ငြိုးဖွဲ့ထားသည်။

ချိန်းစန်း ကုန်ရောင်းကုန်ဝယ် သွားသည့်အခါ လမ်းတွင် ဆီး၍လုသဖြင့် ချိန်းစန်းက ပြန်၍ တိုက်ခိုက်ခဲ့သည်။

ယခု သူသည် ဆိုးသည်ထက် ဆိုးလာပြီး ချိန်းစန်းကို အသေသတ်လိုက်ခြင်း ဖြစ်သည်။ ချိတန်းသည် ချိန်းစန်း သေလျှင် ကျန်မောင်နှမနှစ်ယောက်ကို အလွယ်တကူ လာသတ်နိုင်သည်။

ထို့ကြောင့် ချိန်းစန်းက မသေမီ အခြားတစ်နေရာသို့ ထွက်ပြေးရန် မှာကြားသွားခြင်း ဖြစ်သည်။

ချိန်းကျဲ့ဝှားတို့ မောင်နှမသည် သိုင်းပညာ လုံးဝမတတ်ရှာပေ။ သူတို့သည် ရှိသမျှရွှေငွေတို့ကို စုစည်း၍ တစ်မြို့ တစ်ရွာသို့ ပြောင်းပြေးရန် စီစဉ်နေသည်။

ချိန်းကျဲ့ဝှားသည် ခေါင်းရင်းတွင် ချိတ်ဆွဲထားသော အထုပ်တစ်ထုပ်ကို ဆွဲယူလိုက်သောအခါ သံချေးတက်နေသော သုံးမြောင့်အချွန် ဓားနှစ်လက်ကို တွေ့ရသည်။

ဓားမြောင်တစ်ချောင်း၏ အရှည်အစားမျှသာ ရှိသော်လည်း လက်ကိုင်အရိုးနှင့် သေချာကျနစွာ ပြုလုပ်ထားသဖြင့် ဓားမြောင်ကလေး တစ်ချောင်းနှင့်လည်း တူလှပေသည်။

ချိန်းကျဲ့ဝှားသည် သူ၏အဘိုး ပိုင်ဆိုင်အသုံးပြုခဲ့သော သံချွန်ဓားမြောင် နှစ်ချောင်းကို ကိုင်၍ ငိုင်နေသည်။



ကျဲ့ဝှားက တစ်ချောင်းကိုဆွဲယူ၍ သူမ၏အထုပ်ထဲသို့ ထိုးထည့်လိုက်သည်။

'အစ်ကိုက တစ်ချောင်းဆောင်ထားပါ၊ ကျွန်မ ဟောဒီ အဘိုးဓားနဲ့ ချိတန်းကို တစ်နေ့ပြန်သတ်ပြမယ်'

ချိန်းကျဲ့ဝှားသည် သူ၏ညီမ ပြောသည့်အတိုင်း ဓား တစ်ချောင်းကို သိမ်းဆည်းထားလိုက်သည်။

ထို့နောက် မောင်နှမ နှစ်ယောက်သည် မြစ်ကြောင်း အတိုင်း သင့်တော်မည့် မြို့တစ်မြို့သို့ စုန်ဆင်းခဲ့ကြတော့သည်။

* * *

ချန်းကျန်းမြစ်ရိုး တစ်လျှောက်တွင် လူသတ်၊ ဓားပြတိုက် သောင်းကျန်းနေသည့် ညီအစ်ကိုနှစ်ယောက် ရှိသည်။

ထိုညီအစ်ကိုနှစ်ယောက်ကို ဘုရင့်တပ်မတော်မှ အပူတပြင်း လိုက်လံတိုက်ခိုက်လျက် ရှိသည်။

သို့သော် ညီအစ်ကိုနှစ်ယောက်သည် ယခုတိုင် စုံစမ်း၍မရဘဲ ခြေရာပျောက်နေပေသည်။

ထိုညီအစ်ကိုနှစ်ယောက်မှာ လွှေကြီးနှင့် လွှဖိုးဆိုသူ ဖြစ်လေသည်။

ဘုရင့်တပ်မတော်မှ စုံစမ်း၍မရသောအခါ နောက်ဆုံး၌ လက်လျှော့ထားလိုက်ပြီး တွေ့ရှိသူများအား ဆုငွေပေးမည်ဟု ကြေညာထားလိုက်လေသည်။

နှစ်နှစ်သုံးနှစ် ကျော်လာသောအခါ ထိုကိစ္စသည် အတော် အေးလေး အေးသွားတော့သည်။

လေ့ကြီးသည် ကျေးရွာတစ်ရွာ၌ အိမ်ထောင်ရက်သား ကျနေပြီဖြစ်သည်။

ကောင်းမှုဖြင့် အသက်မွေးဝမ်း ကျောင်း လာ သူ သည် ကောင်းသောအလုပ်ကိုသာ အစဉ်မပြတ် လုပ်ချင်သည်။

မကောင်းမှုဖြင့် အသက်မွေး ဝမ်းကျောင်းသူ သည်လည်း ထိုမကောင်းမှုအလုပ်ကိုသာ ဆက်လက်၍ လုပ်ကိုင်ချင်သည်မှာ ဓမ္မတာပင်ဖြစ်သည်။

ယခု လေ့ကြီးနှင့် လေ့ဖိ တို့ညီအစ်ကိုသည် ချန်းကျန်းမြစ်ကြီးကို ကြည့်ကာ အကြံထုတ်နေကြသည်။

အချိန်မှာ မိုးချုပ်စပြုနေပြီ ဖြစ်သည်။

သူတို့၏အကြံမှာ လှေတစ်စီးစီးကို လုယက် တိုက်ခိုက်ရန် ဖြစ်သည်။

မကြာမီ လှေကလေးတစ်စင်းကို သူတို့ တွေ့ရှိလိုက်ရသည်။

'အစ်ကိုကြီး ဟိုလှေကိုကြည့်စမ်း၊ တံငါလှေတော့ မဖြစ်နိုင်ဘူး'

လေ့ဖိုးကပြောပြီး လက်ညှိုးထိုးပြသဖြင့် လေ့ကြီးက လှမ်းကြည့်လိုက်သည်။

'အေး....ဟုတ်တယ်ကွ၊ ခရီးသွားတဲ့လှေ ဖြစ်မလား၊ ကုန်သည်တစ်ယောက်ရဲ့ လှေဖြစ်မလားပဲ'

လေ့ကြီးနှင့်လေ့ဖိုးသည် သူတို့၏ လှေငယ်ကလေးပေါ်သို့ တက်ကာ ရွက်ကလေးဖွင့်၍ စုန်ဆင်းလာသော လှေတစ်စင်းဆီသို့ လှော်ခတ်သွားကြလေသည်။

* * *



လူသားတစ်ဦးတစ်ယောက်သည် ကံဇာတာ ညံ့ဖျင်း၍ အကုသိုလ်ဝင်ပြီဆိုလျှင် ဆက်တိုက်ပင် ဝင်လာတတ်လေသည်။

ချိန်းကျဲ့ဝှားတို့ မောင်နှမနှစ်ယောက်၏ လှေအနားသို့ တခြားလှေတစ်စင်းက တိုးကပ်လာပြီး ဓားကိုယ်စီ ကိုင်ထားသော လူနှစ်ယောက်သည် လွှားခနဲ ခုန်တက်လာတော့သည်။

ချိန်းကျဲ့ဝှားသည် လှေကို လှော်ခတ်နေရာမှ ထိုသူ နှစ်ယောက်ကို ဟန့်တားဖို့ အချိန်မရလိုက်ပေ။

ဟန့်တားနိုင်သည့်သတ္တိကလည်း ချိန်းကျဲ့ဝှား၌ မရှိပါပေ။

ဓားကိုယ်စီကိုင်ထားသော လူနှစ်ယောက်သည် ချိန်းကျဲ့ဝှားတို့ မောင်နှမအား ဓားများဖြင့် အသီးသီး ချိန်ရွယ်ထားလိုက်လေသည်။

'ကျွန်မတို့မောင်နှမက လူကောင်းတွေပါရှင်၊ ဒုက္ခရောက်နေလို့ တခြားရွာတစ်ရွာကို ပြေးလာကြတာပါ'

ကွံ့ဝှားက လူဆိုးများကို တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်သည်။

လေ့ကြီးသည် မောင်နှမ နှစ်ယောက်စလုံးကို အကဲခတ်လိုက်၏။

တစ်ယောက်မှ ခုခံနိုင်စွမ်းမရှိသည်ကို တွေ့ရသော်လည်း စိတ်မချသဖြင့် ကွံ့ဝှား၏နောက်ကျောကို ဓားဖြင့် ထောက်ထားပြီး....

'ဟေ့....လေ့ဖိုး လှေထဲမှာ ရှာစမ်း၊ ဟိုကောင် ယီးတီး ယားတားလုပ်နေရင်၊ ကောင်မလေးကို ငါက အသေသတ်ပစ်လိုက်မယ်'

ချိန်းကျဲ့ဝှားမှာ အသာပင် ငြိမ်နေရသည်။

သူက အမှားတစ်စုံတစ်ရာ လုပ်လိုက်သည်နှင့် ကွိဝှားမှာ ဒုက္ခရောက်သွားနိုင်သည်။

ကွိဝှားသည် သူမတို့၏ ရှုံ့မဲ့စုပစ္စည်းများကို လေ့ဖိုးက အားလုံး ယူငင်နေသည်ကို တွေ့ရသောအခါ ဝမ်းနည်းပြီး မျက်ရည်ကျရုံမှတစ်ပါး မည်သို့မှ မတတ်နိုင်ပါ။

'ဟာ.... ပွတာပဲ၊ သူတို့နှစ်ယောက်က သူဌေးတွေနဲ့တူတယ်'

လေ့ဖိုးသည် ရွှေထည် ပစ္စည်းများကို ဝမ်းသာအားရ ဆုပ်ကိုင်ရင်းမှ လေ့ကြီးကို ပြလိုက်သည်။

ချိန်းကျဲ့ဝှားသည် စိတ်ထဲတွင် ခံပြင်းလာသဖြင့် ရှတ်တရက် ကုန်းထလိုက်လေသည်။

'ဖြောင်း....'

လေ့ဖိုးက ခြေနှင့်ပြေးကန်ထည့်လိုက်သည်။

ချိန်းကျဲ့ဝှားမှာ ချာရပတ်လည်ပြီး မှောက်လျက်သား လဲကျသွားတော့၏။

'ရှင်တို့ ကျွန်မအမ်ကိုကို ဘာမှ လုပ်ရောမလိုဘူး၊ ရှင်တို့ ပစ္စည်းလိုချင်လို့ မဟုတ်လား၊ အားလုံးယူပြီး ထွက်သွားကြပေါ့'

'အံမာ....ကောင်မလေးက တော်တော်ရှန်တွေအောင်းပါလား'

လေ့ဖိုးသည် ချိန်းကျဲ့ဝှားအား နှစ်ချက်သုံးချက်မျှ ဆက်လက်၍ ကန်ထည့်လိုက်သည်။



လေ့ကြီးသည် မြစ်ရိုးတစ်လျှောက် အရှေ့နှင့် အနောက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

မှုန်ဝါးဝါးလရောင်အောက်ဝယ် မည်သည့်လှေကိုမှ မတွေ့ရပေ။

'ဟေ့....လေ့ဖိုး၊ အဲဒီအောင်က ရေချိုးချင်တယ်လို့ ပြောနေတာ မင်းမကြားဘူးလား'

လေ့ဖိုးက သဘောပေါက်သွားသည်၊

သူသည် ချိန်းကျဲ့ဝှားအား အရှိန်ပြင်းစွာဖြင့် လှေပေါ်မှ ကန်ချလိုက်တော့သည်။

'ဝုန်း....'

ချိန်းကျဲ့ဝှား ရေထဲသို့ ကျသွားသော အသံသည် ကျယ်လောင်စွာပေါ်ထွက်လာသော်လည်းမည်သူမှ မသိလိုက်ပါပေ။

'ဟင်....ရှင်တို့ ဘယ်သိုလုပ်တာလဲ၊ လူယုတ်မာတွေ'

ကွိဝှားက ထအော်သည်။

လေ့ကြီးက ကွိဝှားအား....

'ဖျန်း' ခနဲ နေအောင် ရိုက်ချလိုက်၏၊

ကွိဝှားမှာ သတိမစ်မတတ် ခံစားလိုက်ရလေသည်။

လေ့ကြီးသည် လေ့ဖိုးကိုကြည့်ကာ....

'မင်း တော်တော် သောက်သုံးမကျတဲ့ကောင်ပဲ၊ ဟိုကောင်ကို သတ်ပြီးမှ ရေထဲပစ်ချပါလား'

ဟု ဒေါသဖြင့် ပြောလိုက်လေသည်။

လေ့ဖိုးက မြစ်ထဲသို့ လှမ်းကြည့်ကာ....

'ဒီကောင် ဘယ်လိုမှ လိုက်ပြီး ဒုက္ခမပေးနိုင်ပါဘူး အစ်ကိုကြီးရ'

ကွီဝှားမှာ သူမ၏ အခြေအနေကို ရိပ်စားမိလာသည်။

သည်လူနှစ်ယောက်က ဒုက္ခမပေးခင် ရေထဲသို့ခုန်ချလိုက်သည်က ကောင်းမည်ဟု စိတ်ကူးရပြီး ဝုန်းခနဲထတာ ရေထဲသို့ ခုန်ချသည်။

သို့သော်....

သူမ နောက်ကျသွားပြီ ဖြစ်သည်။

သန်မာသော လှေကြီး၏လက်က သူမ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

ထို့နောက် လှေဝမ်းထဲမှ မြက်ဖျာပေါ်သို့ အတင်း လှဲချလိုက်လေသည်။

* * *

ကွီဝှားသည် အသက် ငယ်ငယ်ရွယ်ရွယ်နှင့် လောကရဲ့ကို ပင်ပန်းကြီးစွာဖြင့် ခံစားလိုက်ရသည်။

သူမသည် ခွန်အားရှိသရွေ့ တွန်းထိုး ရုန်းကန်ခဲ့ပါသော်လည်း ယောကျ်ားသားနှစ်ယောက်က သူမကိုအလွယ်တကူပင် အနိုင်ယူသွားပြီ ဖြစ်လေသည်။

လူယုတ်မာ နှစ်ယောက်သည် ကွီဝှားအား နှမချင်း မစာနာဘဲ အဓမ္မပြုကျင့်ကြသည်။

သူတို့၏ လိုအင်ဆန္ဒ ပြည့်ဝသောအခါ သူမကို ကြိုးနှင့် တုပ်ထားကြလေသည်။



သူတို့နှစ်ယောက်၏ စကားပြောသံကို လှေဝမ်းထဲက သူမက အတိုင်းသား ကြားနေရသည်။

'ကဲ....ဒီပစ္စည်းတွေကို မင်းတစ်ဝက် ငါတစ်ဝက်ယူမယ်၊ မင်း ကျေနပ်လား'

လှေကြီးကမေးသည်။

လှေဖိုးက ခေါင်းညိတ်လိုက်သည်။

'ကျေနပ်ပါတယ်၊ ဒါနဲ့ အစ်ကိုကြီး ဘယ်သွားမလို့လဲ'

လှေကြီးက....

'တို့နှစ်ယောက်ကို ဘုရင့်တပ်သားတွေက မေ့ဦးမှာမဟုတ်ဘူးကွ၊ ငါလဲ ငါ့မိန်းမကိုခေါ်ပြီး ကျုံကွမ်းမြို့မှာ နာမည်ပါ ပြောင်းပြီး နေတော့မယ်လို့ စိတ်ကူးထားတယ်၊ မင်းလဲ သင့်တော်ရာမှာ သွားနေပေတော့'

လှေဖိုးက....

'ဒါဆို ကျွန်တော်တို့ သွားကြရအောင်၊ ဒီလှေက ဘယ်လို လုပ်မလဲ'

လှေကြီးက....

'အမ်းစပ်နားကို လှော်ကွာ၊ တို့ဆင်းပြီးတာနဲ့ ဒီလှေကို ရေလမ်းကြောင်းအတိုင်း မျှောချလိုက်၊ တစ်ညလုံး ရေစီးနဲ့ သူ့ဟာသူ ရောက်ချင်တဲ့နေရာ ရောက်သွားလိမ့်မယ်'

သူတို့နှစ်ယောက်သည် တိုင်ပင်ထားကြသည့်အတိုင်း လှေကို ကမ်းစပ်သို့ လှော်သွားသည်။

ထို့နောက် နှစ်ယောက်စလုံး ခုန်ဆင်းသွားပြီး လှေကို ပြန်၍ တွန်းလွှတ်လိုက်တော့သည်။

အထိန်းအကွပ်မဲ့နေသော လှေကြီးသည် ရေစီးအတိုင်း တစ်ညလုံး မျောနေပေတော့သည်။

* * *

ကွိဝှားသည် လှေဝမ်းထဲမှနေ၍ ကြိုးကို ကြိုးစားပြီး ဖြေနေပါသော်လည်း နံနက်မိုးလင်းခါနီးမှ ကြိုးများ ပြေသွားသည်။

သူမသည် လှေဝမ်းထဲမှ ပြေးထွက်ပြီး အပြင်သို့ ငေးကြည့်လိုက်ရာ သူမ အံ့အားသင့်သွားသည်။

သူမ၏လှေမှာ ရေထဲ၌ ဆက်သက် မျောပါနေခြင်း မရှိတဲ့ ကမ်းစပ်တစ်နေရာတွင် ထိုးရပ်နေသည်ကို တွေ့ရလေသည်။

ကွိဝှားသည် အချိန် အတန်ကြာအောင် ငိုကြွေးနေမိလေသည်။

နေလုံးကြီးအ ထင်ထင်ရှားရှား ထွက်ပေါ်လာမှ သူမက အငိုကို ရပ်ပစ်လိုက်သည်။

လှေထဲ၌ ဘာဆိုဘာမှ မရှိတော့ပေ။

ဝတ်စရာ အဝတ်အစားလည်း မကျန်၊ စားသောက်စရာလည်းမရှိ၊ ငွေကြေးလည်း တစ်ပြားတစ်ချပ်မှ မရှိတော့ပေ။

လှေထဲ၌....

အရာဝတ္ထု တစ်ခုသာလျှင် ကျန်နေတော့သည်။



သူမ၏အတိုး အသုံးပြုခဲ့သော.... သုံးမြှောင့်ဓား။ ကြိဂံဓား။

* * *

တစ်ချောင်းက သူမ၏အစ်ကို ချိန်းကျဲ့ဝှားထံသို့ ပါသွားသည်။

သူမမှာ တစ်ခုတော့ ဖြေသာပါသည်။

ဓားပြည့်အစ်ကိုသည် ချိန်းကျဲ့ဝှားကို မသတ်ဘဲ ရေထဲသို့ အနိုင်ချလိုက်သည်မှာ အလွန်ကံကောင်းလေသည်။

ချိန်းကျဲ့ဝှားသည် သိုင်းပညာ မတတ်သော်လည်း ရေကူး အလွန် ကျွမ်းကျင်သောကြောင့် သူသည် ရေကူးလွတ်မြောက်သွားမည်ဟု ကွိဝှားက ကျိန်းသေ ယူဆထားသည်။

သူမ၏ ဘဝသည်သာ ရှေ့ကို မည်သို့ ရှန်းကန် လှုပ်ရှားရပါမည်နည်း။

ကွိဝှားသည် သုံးမြှောင့်ဓားလေးကို ခန္ဓာကိုယ်ထဲ၌ သိမ်းဆည်းထားလိုက်သည်။

မသိမ်းထားမီ ဓားကို သေသေချာချာ စူးစိုက်ကြည့်လိုက်လေသည်။

ပြီးသည်နှင့် စိတ်ထဲ၌ နာကြည်းမှုများကို ခပ်တိုးတိုး ရွတ်လိုက်လေသည်။

'ချိကန်း....လွှကြီး....လွှဖိး.... နင်တို့သုံးယောက် မသေမချင်း ငါမကျေဘူး၊ ငါလုံးဝ မကျေဘူး'

* * *

ကွ°ဝ္ဂါးသည် ခြေဦးတည့်ရာ တစ်နေ့လုံး လျှောက်လာခဲ့သည်။

ဝမ်းဗိုက်ထဲတွင် အလွန်အမင်း ဆာလောင် နေသော်လည်း ထခုအချိန်အထိ ရေတစ်ခွက်မှ မသောက်ရသေးပေ။

သူမ၏ခန္ဓာကိုယ်ကို သူမပြန်၍ ဆန်းစစ်မိသည်။

သူမ၏ဆံပင်မှာ လုံးဝဖြီးလိမ်းထားခြင်း မရှိသောကြောင့် ပွယောင်း၍ နေသည်။

လှပသော သူမ၏မျက်နှာသည် ယခုအခါ ကြေးအလိမ်းလိမ်းဖြင့် ကြည့်၍ မကောင်းလှပေ။

အဝတ်အစားတို့က ပေကျံနေသည်။

မည်သူမဆို....

သူမအား အရှူးမတစ်ယောက်....

သို့မဟုတ် သူတောင်းစားမတစ်ယောက်ဟု ထင်ကြမည်မှာ မလွဲပေ။

သူမ၏ ရေတိမ်နစ်ခဲ့ရသော အဖြစ်အပျက်တို့ကို သူမသည် ဖွင့်မပြောရဲအောင် ရှက်ကြောက်နေမိတော့သည်။

သူမသည် နေဝင်ခါနီးမှ စခန်းချ အနားယူနေသော ဘုရင့်တပ်မတော်သား တစ်စုကို တွေ့လိုက်ရတော့သည်။



ဘာပဲဖြစ်ဖြစ် ဘုရင့်တပ်သားတွေထံတွင် အစားအသောက်မစားရသည့်တိုင် ရေတော့ သောက်ရမှာပဲဟု သူမ အားရှိသွားလေသည်။

မြင်းသုံးလေးကောင်နှင့် လူတစ်စု။

သူတို့၏ အဝတ်အစားများက ဘုရင့်တပ်သားတို့၏ ဝတ်စုံများ ဝတ်ဆင်ထားသဖြင့် ကွ°ဝ္ဂါးက ဘုရင့်တပ်သားများဟု အတပ်သိလိုက်သည်။

ဘုရင့်တပ်သားများသည် ခရီးကြာရှည်စွာ လှည့်လည်ရသောအခါ သူတို့၏ အဝတ်အစားများသည် ဟောင်းနွမ်းစုတ်ပြတ်၍ နေကြသည်ကို ကွ°ဝ္ဂါးက မကြာခဏ တွေ့မြင်ထားရသည်။

သူမက စခန်းချနေသောတဲကို လှမ်းကြည့်လိုက်သည်။

တပ်သား သုံးလေးယောက်သည် အရက်များသောက်၍ အစားများ စားနေကြသည်ကို တွေ့ရသည်။

တစ်ယောက်က ပြေးထွက်လာသည်။

ကွ°ဝ္ဂါးကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်၏။

ပထမတွင် အရူးမတစ်ယောက်ဟု ထိုလူက ထင်မိသော်လည်း ကွ°ဝ္ဂါး၏ စကားအသံကြောင့် ထိုသူမှာ အံ့ဩသွားရသည်။

'ကျွန်မ ဒုက္ခရောက်လာလို့ပါရှင်၊ အကူအညီများ ပေးနိုင်မလားလို့ပါ၊ ရှင်တို့က ဘုရင့်တပ်သားတွေ မဟုတ်လား'

ထိုသူသည် ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျ၊ ကျုပ်တို့က ဘာကူညီပေးရမလဲ ပြော'

'ကျွန်မ....ကျွန်မ ဆာလို့ပါ'

'အို....ရပါတယ်၊ လာ....လာ'

ထိုသူက ခေါ်သဖြင့် ကွီဝှား အတွင်းသို့ ဝင်သွားသည်။

အတွင်း၌ မှောင်နေသည်။

သို့သော် လုံးဝမိုးမချုပ်သေးသဖြင့် အလင်းရောင် နည်းနည်းတော့ ရှိသည်။

အခြားတစ်ဖက်တွင် တပ်မှူးများဟု ထင်ရသော လူနှစ်ယောက် သုံးယောက်ရှိနေသည်ကိုလည်း သတိပြုမိသည်။

သူတို့သည် အရက်ခွက်အချို့ကို သိမ်းဆည်းလိုက်ပြီး ကွီဝှားအား စားစရာ အချို့တစ်ဝက်ကို ထုတ်ကျွေးသည်။

ကွီဝှားမှာ မိန်းကလေးပင် ဖြစ်သော်လည်း အလွန် အမင်း ဆာလောင်လာသောအခါ ဣန္ဒြေမဆည်နိုင်တော့ပေ။

မည်သူ့မျက်နှာကိုမှ သေသေချာချာ မကြည့်ဘဲ အစားများကိုသာ ဖိ၍စားနေလိုက်သည်။

ဘုရင့်တပ်သားများကို သူမသည် အတော်ပင် ကျေးဇူးတင်သွားသည်။



သူတို့သည် အရက်များမူးယစ်နေသော်လည်း သူမအပေါ် စိတ်ကောင်း စေတနာကောင်း ရှိသည်ဟု ထင်မိသည်။

'ညီမက ဘယ်လိုဘယ်လို ဒုက္ခရောက်လာတာလဲ'

ကွီဝှား ဘာပြန်ဖြေရမှန်း မသိပေ။

အတန်ကြာအောင် စဉ်းစားနေပြီးမှ....'

'ကျွန်မ လူတစ်ယောက်ကို လိုက်ရှာရင်း လမ်းမှားနေတာပါ၊ ရှင်တို့နဲ့ တွေ့ပေလို့ပေါ့၊ နို့မို့ ဒုက္ခပဲ'

တပ်သားများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'ဟော....ကောင်မလေးက ဒုက္ခရောက်လာရင် မင်းတို့ကလဲ ကူညီစောင့်ရှောက်လိုက်လေကွာ'

တစ်ဖက်ခန်းမှ အသံကြားရသည်။

'ဘယ်သူလဲဟင်၊ ရှင်တို့တပ်မှူးလား'

'ဟုတ်ပါတယ်'

'တပ်မှူးက သဘောကောင်းတယ်နော်၊ သူ့နာမည်က ဘယ်သူတဲ့လဲ'

'တပ်မှူး ရှဖုန်းရီ'

တပ်သားတစ်ဦးက ကပျာကယာ အဖြေပေးသည်။

'ဟုတ်တယ်ညီမရဲ့၊ ကျုံကွဲမ်းမြို့စားကြီးရဲ့ ကိုယ်ရံတော် တပ်မှူးပေါ့'

ကွ ဝ္ဟ ားသည် ထိုနာမည်ကို အောင်းအောင်း ကြားဖူးထားသည်။

တပ်မှူးရှုဖုန်းရှိသည် တောထဲတောင်ထဲတွင် သူပုန်များကို လိုက်လံနှိမ်နင်းနေသောကြောင့် အများက သူ့ကို ချီးကျူးကြသည်။

သူမက စဉ်းသောက်ပြီး၍....

'ကျွန်မ သွားဦးမယ်နော်၊ ဟိုရှေ့ကရွာကိုရောက်ရင်တော့ ကျွန်မ အဲဒီမှာ တောင်းအိပ်ရမှာပဲ'

တပ်သား လေးယောက်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပျာယာခတ်သွားသည်။

'ညီမ မသွားပါနဲ့၊ မိုးချုပ်နေပြီ၊ ဒီမှာပဲအိပ်ပါ'

'အို....'

'မကြောက်ပါနဲ့ ညီမရဲ့၊ အစ်ကိုတို့က ဝိုင်းပြီး စောင့်ရှောက်မှာပေါ့'

ကွ ဝ္ဟ ားမှာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

'ကျွန်မ သွားပါရစေရှင်'

တပ်သားတစ်ဦးက သူမကို ဘာမပြော ညာမပြောနှင့် အခန်းတစ်ခုထဲသို့ အတင်းဆွဲခေါ်သွားသည်။



'ဒီမှာ တပ်မှူးရှင့်'

ကွ ဝ္ဟ ားက အကူအညီတောင်းလေသည်။

သို့သော်....

'ဟော့.... ညီမလေး၊ ငါ့လူတွေက သဘောကောင်းပါတယ်၊ ဒီည ဒီမှာပဲ အိပ်လိုက်ပါ'

ဟူသော အသံကို ကြားလိုက်ရသည်။

ထို့နောက် ကွ ဝ္ဟ ားမှာ ငရဲခန်းအလား ထဲတွင် ရှုန်းရင်းကန်ရင်း လူပ်ရှားရင်းဖြင့်....

* * *

ကွ ဝ္ဟ ားသည် ပင်ပန်းနွမ်းရိစွာဖြင့် နိုးလာသောအခါ မိုးစင်စင်လင်းနေပြီ ဖြစ်သည်။

ရှုဖုန်းရှိတို့တပ်ဖွဲ့ကား မရှိတော့ချေ။

ကွ ဝ္ဟ ားသည် အတန်ကြာအောင် အံကို ကြိတ်ထားလေသည်။

သူမသည် ငိုကြွေးစရာ မျက်ရည်မရှိတော့ပေ။

သူမ၏ ဆိုးဝါးလှသည့် အတိတ်ကံကို အပြစ်ပုံချလိုက်သည်။

ထို့နောက် မဲ့ပြုံးတစ်ချက်ပြုံးကာ....

'ရှဖုန်းရီ....ရှဖုန်းရီ'

ဟု တိုးတိုးကလေး ရေရွတ်လိုက်သည်။

သည်နေရာမှာ ကွီဝှား အမှားကြီး မှားသွားလေသည်။

သူ့အား မတရားပြုကျင့်သော အုပ်စုသည် တပ်မှူးလေး ရှဖုန်းရီက လိုက်လံတိုက်ခိုက်၍ ထွက်ပြေးလာသော ဓားပြ အုပ်စုတစ်စုဖြစ်ပေသည်။

သူတို့သည် အချို့ရွာသားများ အထင်အမြင်တွင် စစ်မျိုး ဖြစ်စေရန် ဘုရင့်တပ်သားများဝတ်သည့် ဝတ်စုံမျိုးကို ဆင်တူ ယိုးမှား ဝတ်ဆင်ထားကြခြင်း ဖြစ်လေသည်။

ကွီဝှားက ဘုရင့်တပ်သားများနှင့် မှား ယွင်း သည် ကို အခွင့်ကောင်းယူ၍ ပိုပြီး နာကြည်းစေရန် ရှဖုန်းရီနာမည်ကို အလွဲသုံးစား ပြုလိုက်သည်ကို ကွီဝှားမျှာ လုံးဝမသိရှာဘဲ ဖြစ်သွားရတော့သည်။

* * *

တဲတစ်တဲရှေ့တွင် ကွီဝှားက ရပ်တန့်လိုက်သည်။

တဲပေါင်း မြောက်မြားစွာ ရှိသော်လည်း ထိုတဲရှေ့တွင် သာ လှေတစ်စီးကို တွေ့ရသောကြောင့် ကွီဝှားက တဲရှေ့ တွင် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။



ဤကျေးရွာကလေးသည် ရေလုပ်သားများသာ နေထိုင်သော တံငါရွာကလေးတစ်ရွာ ဖြစ်လေသည်။

တံငါရွာ၏ အခြားတစ်ဖက်ကမ်းတွင် ကျုံးကွမ်းမြို့တော်ကြီး ရှိနေပေသည်။

ကွီဝှားသည် ကျုံးကွမ်းမြို့တော်သို့ အရောက် သွားချင်သည်။

သူမသည် ကျုံးကွမ်းမြို့တော်တွင် ဝမ်းရေးအတွက် စား သောက်ဆိုင်တစ်ဆိုင်၌ အလုပ် ဝင်လုပ်တော့မည်ဟု ဆုံးဖြတ် ချက် ချပြီးပြီဖြစ်သည်။

သူမသည် တစ်ဖက်ကမ်းသို့ကူးရန် ကူးတို့လှေကြုံကို ရှာ ဖွေပါသော်လည်း မတွေ့ရသဖြင့် လှေတစ်စင်းဆိုက်ကပ်ထား သော တဲရှေ့သို့ ရောက်လာခြင်း ဖြစ်သည်။

သန့်သန့်မာမာနှင့် ခပ်ဝဝ လူတစ်ယောက် တဲအတွင်းမှ ထွက်လာသည်။

ကွီဝှားအား သေသေချာချာကြည့်လိုက်ပြီး....

'ဘာလဲ၊ ကလေးမ'

'ကျွန်မ ကျုံးကွမ်းဘက်ကို သွားချင်လို့ပါ'

ခပ်ဝဝလူက....

'ဘယ်လောက်ပေးမလဲ'

ကွိဝှားမှာ အကျပ်တွေ့သွားသည်။

သူမ၌ ငွေကြေးဆို၍ ခြူးတစ်ပြားမှမရှိ။

'ကျွန်မက ဟိုဘက်ကမ်းကို လှေကြုံစီးချင်လို့ပါ'

လူဝကြီး လုံးဝစကားမပြောတော့ဘဲ တဲအတွင်းသို့ ပြန်ဝင်သွားသည်။

ကွိဝှား သက်ပြင်းချမိသည်။

လူဝကြီးကို သနားအောင် အကျိုးအကြောင်း ချော့မော့ပြောလျှင် ရနိုင်မည်ဟုထင်မိသောကြောင့် ကွိဝှား တဲအတွင်းသို့ လိုက်ဝင်သွားသည်။

တဲအတွင်း၌ တိတ်ဆိတ်နေသည်။

လူဝကြီးသည် အိပ်ရာထဲ၌ တုံးလုံးကြီး အိပ်ပျော်နေသည်ကို တွေ့ရ၏။

'အစ်ကိုကြီးရယ်၊ ကျွန်မ ဒုက္ခရောက်လွန်းလို့ပါ၊ ဟိုဘက်ကမ်းကို ရောက်အောင် ကူညီပါရှင်၊ ကျွန်မ အစ်ကိုကြီး ကျေးဇူးကို ဆပ်ပါ့မယ်'

လူဝကြီး မျက်လုံးဖွင့်၍ ကွိဝှားကို အတန်ကြာအောင် ငေးကြည့်နေသည်။

'သိပ်သွားချင်သလား'

'ဟုတ်ကဲ့ရှင့်'



'ဒါဖြင့်လဲ ပို့ပေးပါ့မယ်၊ ဘာမှမပူနဲ့၊ ဒုက္ခရောက်နေတဲ့ လူကို ကျုပ်က အစစအရာရာ ကူညီပါ့မယ်....ဟဲ....ဟဲ'

လူဝကြီးက ကွိဝှားအနားသို့ ထလာသည်။

ကွိဝှားသည် အံကို တင်းတင်း ကြိတ်ထားမိသော်လည်း လူဝကြီးကို ပြုံးပြလိုက်သည်။

'အေးလေ...ငါက ဟိုဘက်ကမ်းကို သိပ်ပြီး သွားချင်နေတယ် ဆိုတော့....'

ကွိဝှား ထိုမျှသာတွေးပြီး လူဝကြီးက လှမ်းဖက်လိုက်သည်ကို အသာပင် ငြိမ်နေလိုက်သည်။

လူဝကြီးသည် ကွိဝှားအား တင်းကျပ်စွာဖက်၍ အခန်းတွင်းသို့ ဆွဲခေါ်သွားသည်။

ထို့နောက် တံခါးပေါက်ကို ဂျိမ်းခနဲ ပိတ်ပစ်လိုက်လေသည်။

အားမတန်၍ မာန်လျှော့ထားရသည်။

ကွိဝှား မကျေပါ။

လူဝကြီးနာမည်ကို သေသေချာချာ မေးသွားသည်။

'ကြဲမူချမ်း' ဟု သိထားလိုက်ရလေသည်။

* * *

ကွိုဝှားတစ်ယောက်....

ကျုံကွမ်းမြို့တော်သို့ စရောက်သည့်နေ့ကစပြီး ရေတွက်မည်ဆိုလျှင် ဆယ်နှစ်ခန့် ကြာမြင့်ခဲ့လေပြီ။

နေ့စဉ်နှင့်အမျှ ပြောင်းလဲတတ်သော သဘာဝတရားသည် ဆယ်နှစ်အတွင်း အရာရာတို့များစွာ ပြောင်းလဲခဲ့ပြီးဖြစ်သည်။

မြင်းတစ်ကောင်သည် ခရီးဝေးသွား လမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသောအခါ ရပ်တန့်လိုက်လေသည်။

မြင်းပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

အသက်အားဖြင့် လေးဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရသော ကိုယ်ခန္ဓာတုတ်ခိုင်သည့် လူတစ်ယောက်ပင် ဖြစ်သည်။

ထိုလူသည် စားသောက်ဆိုင်တွင် အရက်တစ်အိုးကို မှာ၍ သောက်ရင်းမှ....

'ကျုံကွမ်းမြို့က ဘယ်လောက် ဝေးသေးသလဲဗျ'

ဟု မေးလိုက်လေသည်။

ဆိုင်ရှင်က....

'သိပ်မဝေးတော့ဘူးဗျ၊ ခင်ဗျား ခုနေ မြင်းနဲ့ဆက်သွားရင် ညနေစောက် ရောက်သွားမှာပါ'



ခရီးသည်ကြီးအ ဘာမှနောက်ထပ် စကားမပြောတော့ဘဲ အရက်ကိုသာ ငြိမ်ပြေနပြေ သောက်နေတော့သည်။

သူ၏ ရီဝေနေသောမျက်လုံးဆည် တစ်ခါတစ်ခါ အဝေးဆီသို့ မျှော်ကြည့်နေ၏။

ထိုသူ၏ခါးထဲတွင် အိမ်နှင့်ထည့်ထားသော ဓားမြှောင်တစ်ချောင်းကို ထိုးထားလေသည်။

ထိုလူကြီးသည် အဝေးသို့ မျှော်ကြည့်ရာမှ ဓားမြှောင်ကို အိမ်ထဲမှ တစ်ချက်ဆွဲထုတ်လိုက်သည်။

ပြောင်လက်ချွန်ထက်နေသော သုံးမြှောင့်ဓားမြှောင် တစ်ချောင်း ထွက်လာသည်ကို တွေ့ရသည်။

ထိုလူက ဓားမြှောင်ကို ဓားအိမ်ထဲသို့ ပြန်၍ ထိုးသွင်းလိုက်လေသည်။

'ဩ်....လက်စသတ်တော့ ငါ့ညီမလေးက မသေသေးဘဲကိုး....'

ဟု ပါးစပ်မှ တိုးတိုးကလေး ရေရွတ်လိုက်သည်။

ထို့နောက် သူသည် ကျသင့်ငွေကိုရှင်းကာ....

နှီးခုမောက်ကြီးကို ဆောင်းပြီး ထိုဆိုင်ထဲမှ ခရီးထွက်သွားတော့သည်။

ထိုသူသွား....

လေ့ကြီးနှင့်လေ့ဖီ'က ရေထဲသို့ဆန်ချလိုက်သည့် ချိန်းကဲ့ဝှားပင် ဖြစ်လေသည်။

* * *

ချိန်းကဲ့ဝှားက ရေနစ်၍ မသေပါ။

သူသည် ကမ်းပေါ်သို့ရောက်အောင် ကူးခတ်သွားပြီး ဘဝကို စိတ်နာနာဖြင့် ခြေဦးတည့်ရာ လျှောက်သွားခဲ့သည်။

မမျှော်လင့်ဘဲ သူ့အစ်ကိုကြီး၏ ဆရာဖြစ်ခဲ့ဖူးသူ တစ်ဦးနှင့် တွေ့ဆုံရပြီး သူ့ကိုခေါ်၍ ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

ထိုဆရာကြီးက ချိန်းကဲ့ဝှား၏ ဘဝရှေ့ရေးကို စိတ်မချ၍ သိုင်းပညာများကို ငါးနှစ်တိတိ သင်ကြားပေးခဲ့ပြီးနောက် ချိန်းကဲ့ဝှား သွားချင်သည့်နေရာသို့ သွားခွင့်ပြုလိုက်သည်

ချိန်းကဲ့ဝှားသည် အာမခံပို့ဆောင်ရေး လုပ်ငန်းတစ်ခု၌ အလုပ်ဝင်ရောက် လုပ်ကိုင်နေရာမှ သတင်းတစ်ခုကို ကြားရ လေသည်။

ထိုသတင်းကား....

ကျုံကွမ်းမြို့တွင် တြိဂံဓားသမားတစ်ဦး ပေါ်နေခြင်း

တြိဂံဓားသမားသည် အမျိုးသမီးတစ်ယောက် ဖြစ်နေ ခြင်း။



ထိုအမျိုးသမီးက သတ်လိုက်သူမှာ....

ချိကာန်းဖြစ်ခြင်း။

နောက်တစ်ယောက်မှာလည်း....

မြင်းလှည်းသမား ခုံလျှောင်းခေါ် လေ့ကြီးဟု သိလိုက်ရသည်နှင့် ချိန်းကဲ့ဝှား၏ စိတ်ထဲတွင် သူ၏ ညီမလက်ချက်ဖြစ်မှန်းကို သိလိုက်ရသည်။ ထို့ကြောင့် ချိန်းကဲ့ဝှားသည် ကျုံကွမ်းမြို့သို့ ရောက်ရှိလာပြီး ညီမဖြစ်သူကို ရှာဖွေ၍ စားသောက်ဆိုင်တစ်ဆိုင်တွင် တိတိတဆိတ် တွေ့ဆုံလေသည်။

* * *

မောင်နှမနှစ်ယောက်...

စားသောက်ဆိုင်တစ်ဆိုင်၏ သီးသန့်ခန်း၌ တွေ့ဆုံကြလေသည်။

ကွိဝှားသည် အစ်ကိုအား တွေ့ရ၍ သည်းထန်စွာ ငိုကြွေးလေသည်။

နောက် အတော်ကြာတော့....

ချိန်းကဲ့ဝှားက သူ၏ အဖြစ်အပျက်များကို ပြောပြသလို ကွိဝှားကလည်း သူမ ကျုံကွမ်း ရောက်လာရပုံများကို ပြောပြသည်။

'နှင်သိပ်မိုက်တယ် ညီမလေး၊ နှင့်အလုပ်တွေ ရပ်တန်းက ရပ်လိုက်တော့'

ချိန်းကျဲ့ဝှားက ဟန့်တားသည်ကိုကွိဝှားက လုံးဝ လက်မခံပေ။

'ကျွန်မ ဒီလို အခြေအနေတွေဖြစ်အောင် ဘယ်လောက်အထိ စောင့်စားခဲ့ရသလဲဆိုတာ အစ်ကို စဉ်းစားကြည့်ပါ၊ ကျွန်မ သိုင်းပညာမတတ်ပေမယ့် ယောကျ်ားတစ်ယောက်ကို ဘယ်လိုသတ်ရမယ်ဆိုတာ တတ်ကျွမ်းပါတယ်'

ကွိဝှားက ထိုသို့ပြောပြီး အစ်ကိုဖြစ်သူအား သူသတ်မည့်လူများစာရင်းနှင့် ဘယ်သူ ဘယ်မှာရှိနေသည်ကိုပါ ပြောပြလိုက်သည်။

'ညီမ ရပ်တန်းကရပ်လိုက်တော့၊ အဲဒီလူတွေကို ငါပဲဆက်ပြီး တာဝန်ယူလိုက်မယ်'

ချိန်းကျဲ့ဝှားက ပြောလိုက်သည်။

'အစ်ကို ဒီအလုပ်ကို လုံးဝ ဝင်မရှုပ်ပါနဲ့၊ ကျွန်မကိစ္စတွေ ကျွန်မဘာသာ ကြည့်ရှင်းသွားမယ်'

ချိန်းကျဲ့ဝှားက....

'ညီမအ သိုင်းပညာမတတ်ပါဘူး၊ ငါ့စကားကို နားထောင်စမ်းပါ၊ ညီမ ဖြစ်စေချင်တဲ့လူတွေကို အစ်ကို အားလုံး တာဝန်ယူလိုက်မယ်'

'မဖြစ်ဘူး၊ အစ်ကို လုံးဝဝင်မရှုပ်နဲ့'

သူတို့က ယင်းသို့ပြောနေစဉ် တစ်ဖက်ခန်းမှ ခြေသံကြားလိုက်လေသည်။



ကွိဝှားသည် လျှင်မြန်စွာဖြင့် တစ်ဖက်ခန်းကို ပြေး၍ လှမ်းကြည့်လိုက်ရာ မီးမီးတိုနှင့် ကပ်လျက်အခန်းမှ လူတစ်ယောက် ခပ်သွက်သွက် ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ထိုသူကို မြင်တွေ့လိုက်ရသောအခါ ကွိဝှားရင်ထဲ၌ ဒိန်းခနဲဖြစ်သွားလေသည်။

ချိန်းကျဲ့ဝှားက....

'ဘယ်သူလဲ'

ကွိဝှားက မျက်စိပျက် မျက်နှာပျက်ဖြစ်၍—

'အဲဒါ တပ်မှူးကြီးကျင်းဖိန်ပဲ၊ သူ ကျွန်မတို့ကို ချောင်းကြည့်ပြီး နားထောင်သွားတာ အမှန်ပဲဖြစ်ရမယ်'

ချိန်းကျဲ့ဝှားသည် ညီမဖြစ်သူကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

'ဒီည သူ့ကိုရှင်းမှဖြစ်မယ်'

ဟုလည်း ချိန်းကျဲ့ဝှားက ခပ်တိုးတိုး ပြောလိုက်လေတော့သည်။

* * *

ချိန်းကျဲ့ဝှားသည် ညီမဖြစ်သူအတွက် စိတ်ပူနေသည်။

သူ၏ညီမကို ဟော့ဆန်းကိုးတို့ကလည်း သဲသဲမဲမဲ ဖော်ထုတ်နေသည်ကို သိရှိရသောအခါ သူ၏ညီမအတွက် စိုးရိမ်လာမိတော့သည်။

သူသည် အကြံတစ်ခုရသွား၏။

ထိုအကြံမှာ အခြားမဟုတ်ပေ။

ဗြိုဂ်ဓားသမားသည် ယောကျ်ားဖြစ်သည်ဟု အားလုံးက ထင်သွားအောင် လုပ်မှုဖြစ်မည်ဟု စိတ်ကူးလိုက်သည်။

ထိုအကြံ ပေါ်ပေါက်လာခြင်းမှာ သူသည် ခပ်စောစောပိုင်းက ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့ကို ဗြိုဂ်ဓားသမား အသွင်မျိုးဖြင့် စားသောက်ဆိုင်တစ်ဆိုင် အတွင်း၌ သူကတွေ့ဆုံးချောင်းကို ဗြိုဂ်ပုံသဏ္ဌာန် ထောင်ခဲ့သည်ကို အမှတ်ရသွားသောကြောင့် ဖြစ်သည်။

ချိန်းကျဲ့ဝှားသည် တစ်ညနေလုံး တပ်မှူးကြီးကျင်းဖိန့်၏ အပြန်ကို စောင့်နေသည်။

အတော်ညဉ့်နက်မှ ကျင်းဖိန့် ရောက်လာသည်။

ရောက်လာပြီး၍ ကျင်းဖိန့် အိပ်သောအခါမှ သူသည် ရှေးဦးစွာ ကျင်းဖိန့်၏လည်မျိုသို့ သံချွန်ကို ထိုးစိုက်လိုက်သည်။

ကျင်းဖိန့်က သူ့ကို သွေးရူးသွေးတန်းဖြင့် ပြန်၍တိုက်ခိုက်သေးသည်။

သို့သော် ကျင်းဖိန့်မှာ တံခါးဝအရောက်၌ လဲကျသေဆုံးသွားတော့သည်။

ချိန်းကျဲ့ဝှားသည် တပ်မှူးကြီးကျင်းဖိန့်၏ ရင်ဘတ်ကို ဗြိုဂ်ပုံသဏ္ဌာန် ရေးခြစ်လိုက်လေသည်။

ထို့နောက် သူသည် ဣန္ဒြေရရပင် ထိုအိမ်ထဲမှ ထွက်သွားတော့သည်။

●

## အခန်း (၂၉)

အုပ်ချုပ်ရေးမှူးယွမ်ဏ သူ၏စာအားများကို ရပ်တန့်ကာ အားလုံးကို စိုက်ကြည့်လိုက်သည်။

ပြီးမှ....

'ချိန်းကျဲ့ဝှားဟာ အဲဒီအထိပဲ ပြောနိုင်တယ်၊ အသက်ထွက်သွားတယ်'

ဟော့ဆန်းကိုးက....

'ဒါဆိုရင် ကျွန်ုပ်တော်တို့က ကွဲဝှားကို လိုက်ဖမ်းရဦးမှာပေါ့ ဟုတ်လား၊ သူ့ညီမ ဘယ်မှာနေတယ်ဆိုတာကိုရော မပြောသွားဘူးလား'

ယွမ်က....

'မင်းတို့ကို စောစောက ငါပြောသွားပဲ၊ ချိန်းကျဲ့ဝှားဟာ ငါ့ကိုလဲ မယုံဘာတစ်ကြောင်း၊ နောက်ပြီး သူ့ညီမ ဒုက္ခရောက်စေချင်လို့ တမင် ဖုံးကွယ်ထားတာပေါ့ကွာ'

ဟွေ့ဆန်းကိုးက ဝမ်ပါး၏မျက်နှာကိုကြည့်လိုက်လေသည်။

'ဝမ်ပါး၊ မင်းဘယ်လို သဘောရသလဲ'

ဝမ်ပါးက ပခုံးတွန့်လိုက်သည်။

ပြီးမှ....

'သူ့အစ်ကိုပြောတဲ့စကားထဲမှာ ကွဲ့ဝှားဟာ စားသောက်ဆိုင် တစ်ဆိုင်မှာ လုပ်မယ်လို့ စိတ်ကူးခဲ့တယ်ဆိုတော့ ကြယ်နီ စားသောက်ဆိုင်က ဖူကောင်းကြည် ဆိုတာများ ဖြစ်နိုင် မလားလို့ ပြန်စဉ်းစားရမယ်'

ဟွေ့ဆန်းကိုးက ခေါင်းကုတ်လိုက်သည်။

'အင်း....ဒီအတိုင်းဆိုရင် လီလီကို လက်လွှတ်လိုက်ရတော့ မလို ဖြစ်နေပြီ၊ ယုလွမ်းလဲ မဖြစ်နိုင်တော့ဘူး၊ စွမ်းမစကလဲ လူမမာဖြစ်နေတယ်၊ ဒါဖြင့် ကွဲ့ဝှားဘယ်မှာလဲ....ဘယ်သူလဲ'

ဝမ်ပါးက....

'မပူပါနဲ့လေ၊ မနက်ဖြန် လဆန်း ၁၄ ရက်နေ့ပဲ၊ ကြံမှုချမ်းကို သတ်ရင် သူဟာ အမြဲဘမ်း လဆန်း ၁၄ ရက်ကို ရွေးချယ်တာပဲ မဟုတ်လား၊ ကျွန်တော်တို့ မီတော့မှာပါ'

ယွမ်က ခေါင်းညိတ်လိုက်သည်။

'အေး....အဲဒီတစ်ချက်တော့ မျှော်လင့်ချက် ရှိသေးတယ်'

* * *



ဟွေ့ဆန်းကိုးက ယွမ်ကိုမော့ကြည့်သည်။

'အာစရိ၊ ကျွန်တော်ထင်တာကတော့ ချိကန်းနဲ့ လွှကြီး အသတ်ခံရတာ လဆန်း ၁၄ ရက်တွေ ဖြစ်ပေမယ့် မတော် တဆ တိုက်ဆိုင်တာပဲလို့ ထင်တယ်'

ယွမ်က....

'မတော်တဆ တိုက်ဆိုင်တာလဲဖြစ်နိုင်ပါတယ်၊ နောက်ပြီး လဆန်း ၁၄ ရက်ဆိုတာက လက တစ်ညလုံးသာနေတယ် မဟုတ်လား၊ သွားလာ လှုပ်ရှားရတာ လွယ်ကူတဲ့ရက်ကို ရွေးထားတာလဲ ဖြစ်နိုင်တယ်၊ အေးလေ အကောင်းဆုံးက တော့ ကြံမှုချမ်းနဲ့ ရှုဖုန်းရိကို အချိန်ပြည့် စောင့်ကြည့်ဖို့တော့ လိုတယ်'

အုပ်ချုပ်ရေးမှူး ယွမ်သည် ထိုသို့ပြောပြီး သူ့စကားကို ခဏရပ်ထားသည်။

မျက်နှာကြက်ကို မော့ကြည့်၍ စဉ်းစားနေသည်။

ပြီးမှ....

'အရေးကြီးတာက ချိန်းကျဲ့ဝှားသေဆုံးသွားတဲ့သတင်းကို မပျံ့လွင့်စေချင်ဘူး၊ ကွဲ့ဝှားအနေနဲ့ သူ့အစ်ကို သေဆုံး သွားတာသိရင် ဒေါသဖြစ်ပြီး ကြမ်းချင်လဲ ကြမ်းလာနိုင် တယ်၊ ဒါမှမဟုတ် သူ့အစ်ကိုက သူ့အကြောင်းကို ပြော ခဲ့မှာပဲဆိုပြီး ခြေရာလုံးဝ ပျောက်သွားနိုင်တယ်၊ ဒါကြောင့် ဒီအကြောင်းကိုတော့ လျှို့ဝှက်ထားကြဦး'

အားလုံးက ခေါင်းညိတ်လိုက်သည်။

ယွမ်က ဆက်၍ ညွှန်ကြားသည်။

'လောလောဆယ် အရေးကြီးတာ မနက်ဖြန် ဆယ့်လေးရက် ဖြစ်တော့ ခါတိုင်းထက် ပိုပြီး သတိထားကြရမယ်၊ ရှဖုန်းရိဆီမှာ တချို့၊ ကြဲမုချမ်းဆီမှာတချို့ လုံးဝ မလစ်လပ်စေနဲ့၊ ကြဲမုချမ်းကို အရောင်ပြပြီး ရှဖုန်းရိကိုလဲ သတ်နိုင်တာပဲ၊ ဒုတိယ အချက်ကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က စားသောက်ဆိုင်တွေမှာ အလုပ် ဝင်လုပ်တဲ့ အမျိုးသမီးတွေရဲ့ နာမည်နဲ့ သူတို့ရဲ့ ရာဇဝင်တွေကို အသေးစိတ် စုံစမ်းဖို့ပဲ'

ယွမ်သည် ထိုစကားကို နောက်ဆုံး ပြောပြီး အခန်းထဲမှ ထွက်သွားတော့သည်။

* * *

တံငါရွာသည် ကျုံ့ကွမ်းမြို့၏ တစ်ဖက်ကမ်း၌ ရှိသည်။

ထိုရွာ၌ ကြဲမုချမ်းက နေထိုင်သည်။

သူသည် ယခင်က အများသူငါကဲ့သို့ ငါးဖမ်းအလုပ်ကို လုပ်သော်လည်း ယခုအခါ သူကိုယ်တိုင် ငါးဖမ်းသည့် အလုပ်ကို မလုပ်တော့ဘဲ တံငါသည်များထံမှ ရသမျှ ငါးများကိုကောက်ယူ၍ တစ်ဆင့် ရောင်းချရသော အလုပ်ကို လုပ်ကိုင်နေပေသည်။



ကြဲမုချမ်းမှာ ယခုတလော အလုပ်လုပ်နေရသော်လည်း သူ၏စိတ်များက တုန်လှုပ်ချောက်ချား နေသည်။

အကြောင်းမှာ....

တြိဂံဓားသမားက ဖိတ်စာပို့ထားခြင်း ခံထားရသောကြောင့် ဖြစ်သည်။

လဆန်း ဆယ့်လေးရက်....။

ထိုနေ့သည် ယနေ့ဖြစ်သည်။

သူ၏စိတ်သည် ခါတိုင်းနေ့ထက် ပို၍ တုန်လှုပ် ချောက်ချား နေမိသည်။

သေသေချာချာ ပြန်စဉ်းစားသောအခါ သူသည် အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

အဘယ်ကြောင့်ဆိုသော်....

မြို့ပြအုပ်ချုပ်ရေးမှ ပုဂ္ဂိုလ်များသည် နေ့စဉ်လိုလို သူ့အနား၌ အမြဲရှိနေသည်ကို သူက သတိပြုထားမိသည်။

ယနေ့မနက်ကဆိုလျှင် လူဆိုးထိန်း ဟွေ့ဆန်းကိုး ကိုယ်တိုင် ရောက်ရှိလာပြီး သူ့ကို အားပေးစကားပြောကြားထားသည် မဟုတ်ပါလား။

တံငါရွာကလေးထဲသို့ လူစိမ်းတစ်ယောက် ဝင်လာလျှင် ချက်ချင်း သိရှိနိုင်အောင် သူတို့ စီစဉ်ထားသည်။

ဆိပ်ကမ်းများ၌ အစောင့်များ ထူထပ်စွာ ချထား၏။ လူစိမ်းများ အဝင်အထွက်ကို စစ်ဆေး မေးမြန်းသည်။ ထို့ကြောင့်လည်း ကြံမုချမ်းမှာ စိုးရိမ်စိတ်များ အနည်းငယ် ပြေပျောက်နေပေသည်။

ကြံမုချမ်းသည် အရက် အနည်းငယ်ကို မော့ချလိုက်ပြီး ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

ညနေမိုးချုပ်စပြု လူသွားလူလာများ အနည်းငယ်ရှုပ်ယှက်ခတ်နေသော်လည်း မြို့အုပ်ချုပ်ရေး အရာရှိ အချို့က စစ်ဆေးနေသည်ကို တွေ့ရသည်။

ကြံမုချမ်း၏ အိမ်နှင့် ဆင်လျက်ရှိနေသော ဈေးဆိုင်တွင်လည်း ဟော့ဆန်းကိုးတို့၏ လူများက မသိမသာ စောင့်ကြည့်နေကြသည်။

ကြံမုချမ်းသည် ထိုလူများကို ကျေးဇူးတင်လှသော မျက်လုံးဖြင့် ကြည့်ကာ အခန်းထဲသို့ ပြန်ဝင်သွားသည်။

သူသည် မကြာခင် တံငါသည်များကို ငွေရှင်းပေးရဦးမည် ဖြစ်သည်။

တစ်နေ့လုံး ငါးရှာနေကြသော တံငါသည်များသည် မိုးချုပ်စပြုသည်နှင့် အလုပ်သိမ်းကာ ရသမျှ ငါးများကို ကြံမုချမ်းအိမ်သို့ ပို့ပေးရသည်။



ကြံမုချမ်း၏ အလုပ်သမားများက ချိန်တွယ်ပြီးသောအခါ ကျသင့်သလောက်ကို စာရွက်မှာ ရေးပြီး ကြံမုချမ်းထံသို့ လွှတ်လိုက်သောအခါ ကြံမုချမ်းက ငွေရှင်းပေးသည်။

ထိုအလုပ်သည် နေ့တခုဝ ကြံမုချမ်း လုပ်နေကျအလုပ် ဖြစ်သည်။

ထိုကိစ္စပြီးသည်နှင့် ကြံမုချမ်းမှာ မည်သည့်အလုပ်မှ မရှိတော့ပေ။

* * *

ရှုဖုန်းရိသည် သူ၏စိတ်ကို အတော်ပင် ထိန်းချုပ်၍ ထားလေသည်။

သူသည် နေ့လယ်ပိုင်းကတည်းက လီလီ ပြန်မရောက်လာသဖြင့် ဒေါသဖြစ်နေမိလေသည်။

သူသည် သားဖြစ်သူ ရှအန်းလု ဆော့ကစားနေသည်ကို ငေးစိုက်ကြည့်နေရာမှ စားဖိုမှူး အဘွားစုံကို လှမ်းမေးလိုက်သည်။

'သူ ဘယ်အချိန် ပြန်လာမယ်လို့ ပြောသွားသလဲ'

အဘွားစုံက တပ်မှူး ရှုဖုန်းရိ ဒေါသဖြစ်နေသဖြင့် မျက်စိမျက်နှာ ပျက်နေသည်။

'ကျွန်မကို ဘာမှ မပြောမသွားပါဘူး သခင်ကြီး'

'ခင်ဗျားလဲ ဘာမှ အသုံးမကျဘူး'

ရှဖုန်းရိစိတ်ထဲတွင် လီလီအတွက် အတော်ပင် သောက ရောက်နေသည်။

ပထမတွင် သူမသည် စိတ်ဖောက်ပြန်ပြီး လူတွေ လိုက်သတ်နေသည့် ဘြိဂ် ဓားသမားများ ဖြစ်လေမလားဟု သံသယ ရှိခဲ့သည်။

သို့သော် လီလီသည် စိတ်ဖောက်ပြန်ခြင်း လုံးဝမရှိတဲ့ ဓားသမားလည်း မဖြစ်နိုင်သည်ကို သိရသောအခါ စိတ် အေးသွားခဲ့လေသည်။

ယခုခက်နေသည်က လီလီသည် အိမ်သိပ်မကပ်တဲ့ အပြင်သို့ ထွက်နေသည့် ကိစ္စပင် ဖြစ်သည်။

ရှဖုန်းရိသည် ညနေစောင်းသည်အထိ စောင့်ကြည့်သော် လည်း လီလီအ ပြန်လည် မရောက်ရှိလာသဖြင့် သူမအခင်မင် ဆုံး ကျောင်းဆရာမ ဝေ့ယမ်းယမ်းထံသို့ ထွက်လာခဲ့သည်။

ဝေ့ယမ်းယမ်းက စိတ်မကောင်းစွာဖြင့် ခေါင်းယမ်းပြသည်။

'ခါတိုင်းတော့ ကျွန်မဆီမှာ အမြဲလိုလိုပဲ လာနေတတ်ပါတယ်၊ ဒါပေမယ့် ခုတလော ကျွန်မဆီ မရောက်တာ ကြာပါပြီ'

ရှဖုန်းရိသည် သက်ပြင်းကို ရှည်လျားစွာ ချ၍---



'သူ တခြား ဘယ်နေရာကို သွားတတ်သလဲဆိုတာ ဆရာမ မသိဘူးလား'

ဝေ့ယမ်းယမ်းက အနည်းငယ် စဉ်းစား၍....

'တစ်ခါတလေတော့ စားသောက်ဆိုင်တွေမှာ ရှိတတ်ပါတယ်၊ ဒီလိုလုပ်ပါလေ၊ ရှင်နဲ့ကျွန်မ လိုက်စုံစမ်းတာပေါ့၊ သူသွားတတ်တဲ့ နေရာတချို့ကိုလဲ ကျွန်မ လိုက်ပို့ပေးပါ့မယ်'

'ကျေးဇူးပါပဲ ဆရာမရယ်'

* * *

ကျုံကွမ်းမြို့ဘက်မှလာသော ကူးတို့လှေပေါ်တွင်လူပေါင်းစုံ ပါလာသည်။

ထိုသူများသည် လှေပေါ်မှ ဆင်းပြီးသည်နှင့် အချို့က တံငါရွာဆီသို့ သွားကြသလို အချို့ကလည်း အခြားကျေးရွာများဆီသို့ သွားကြလေသည်။

ကူးတို့လှေတစ်စင်းပေါ်တွင် ပါလာသော အမျိုးသမီး တစ်ဦးကို တွေ့လိုက်ရသည်တွင် ဟော့ဆန်းကိုးမှာ မျက်လုံး အနည်းငယ် ပြူးသွားတော့သည်။

သူက ဝမ်ပါးအနားသို့ တိုးကပ်သွား၍ တစ်စုံတစ်ခု ပြောလိုက်သဖြင့် ဝမ်ပါးသည် ထိုအမျိုးသမီးထံ လျှောက်

သွားပြီး တင်စုံအောင်ခုံ ပြောဆိုသော ဟွေဆန်းကိုးထံသို့ ခေါ်လာခဲ့လေသည်။

ထိုအမျိုးသမီး၏ နောက်မှ ဝမ်ပါးက လိုက်ပါလာသည်။

'ခင်ဗျား ကျုပ်ကို မှတ်မိရဲ့လား ဖူကောင်းကြည်'

အမျိုးသမီးမှာ ကြယ်နီစားသောက်ဆိုင်မှ အထက်တန်းကြေးစား အမျိုးသမီး ဖူကောင်းကြည်ပင် ဖြစ်သည်။

သူမသည် ကြော့ကြော့ကလေး ဝတ်စားထားသည်။

ဟွေဆန်းကိုးအား တွေ့လိုက်ရသောအခါ သူမသည် မျက်စိမျက်နှာ အနည်းငယ် ပျက်သွားလေသည်။

'အို ရှင်က ကျွန်မအခန်းမှာ လာပြီး ဒုက္ခပေးခဲ့ဖူးတာပဲ၊ အခုကော ဘာ ဒုက္ခပေးဦးမလို့လဲ'

ဟွေဆန်းကိုးက လက်ယမ်းလိုက်သည်။

'နင် စကားတွေအပိုမပြောနဲ့၊ အခုဘယ်သွားမှာလဲ...ပြော'

သူမက စပ်ဖြဖြနှင့် ပြန်ကြည့်သည်။

'ကျွန်မ လူတစ်ယောက်နဲ့ ချိန်းထားလို့'

'ဘယ်မှာလဲ'

'ဟိုရွာမှာပါ'

ဖူကောင်းကြည် လက်ညှိုးထိုးပြသည့်မှာ တင်ဝါရွာကို မဟုတ်ပေ။ အခြားရွာ တစ်ရွာဆီသို့ ဖြစ်သည်။



'ဘာကိစ္စ သွားမှာလဲ'

ဖူကောင်းကြည်က မဲ့ပြုံးပြုံး၍...

'ရှင်သိပါတယ်၊ ဘာမသိချင်ယောင် ဆောင်နေတာလဲ'

ဟွေဆန်းကိုးက အနည်းငယ် ပြုံးလိုက်မိသည်။

သူမသည် ငွေများများပေးလျှင် မည်သည့် နေရာမဆို သွားသည်။ သို့သော် ဤလိုကျေးရွာအထိ လာသည်ကို အံ့ဩမိသည်။

ဟွေဆန်းကိုးက...

'ခင်ဗျားကိုယ်မှာ တစ်ခုခုတော့ ရှာခွင့်ရှိမယ်'

သူမမျက်နှာ နီမြန်းသွားသည်။

'မပူပါနဲ့ အမျိုးသမီးက ရှာမှာပါ'

ဟွေဆန်းကိုးက ထိုသို့ပြောပြီး အမျိုးသမီးတစ်ယောက်ကို လှမ်းခေါ်လိုက်လေသည်၊

ဖူကောင်းကြည်သည်မကျေမနပ်ဖြင့် ထိုအမျိုးသမီးနောက်သို့ လိုက်သွားရလေသည်။

ဝမ်ပါးက...

'သူ့ထံက သုံးမြောင့်စား တွေ့မယ်ထင်သလား'

ဟု ဟွေဆန်းကိုးအား မေးသည်။

ဟွေဆန်းကိုးက ပခုံးတွန့်လိုက်၏၊

'အဲဒါသာတွေ့လိုက်ရင် တို့ကိစ္စ ဒီမှာတင် ပြီးသွားပြီပေါ့ ကွာ'

ဟွေ့ဆန်းကိုးက ပြောပြီး ဖူကောင်းကြည် ပြန်ထွက်အလာကို စောင့်ကြည့်နေမိသည်။

သို့သော် သူတို့ထင်ထားသကဲ့သို့ လုံးဝဖြစ်မလာပါ။

ရှာဖွေခိုင်းသော အမျိုးသမီးက ဘာတစ်ခုမှ မတွေ့ရကြောင်း ပြောလိုက်လေသည်။

ဟွေ့ဆန်းကိုးသည် ဖူကောင်းကြည်အား သွားခွင့်ပေးလိုက်၏။

သို့သော် လူတစ်ယောက်ကို ဖူကောင်းကြည်နောက်မှ ထည့်ပေးလိုက်လေသည်။

* * *

မိုးချုပ်စပြုလာပြီ ဖြစ်သည်။

ကူးတို့လှေ တစ်စင်းသည် ဆိပ်ကမ်းစပ်သို့ ဆိုက်ကပ်လာလေသည်။

ဝမ်ပါးသည် အံ့အားသင့်သော မျက်လုံးအစုံဖြင့် ကြည့်နေရင်းမှ ဟွေ့ဆန်းကိုးအား လက်တို့လိုက်လေသည်။

ဟွေ့ဆန်းကိုးက ကြည့်လိုက်သောအခါ သူလည်း အံ့ဩသလို ဖြစ်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော်....



လီလီသည် ကူးတို့လှေပေါ်မှ ဆင်းလာပြီး တံငါရွာထဲသို့ လျှောက်သွားလေသည်။

သူမ တစ်ယောက်တည်း မဟုတ်ပါ။

သူမဘေးတွင် အရပ်ရှည်ရှည် ထောင်ထောင် မောင်းမောင်း လူတစ်ယောက် ပါလာသည်။

ထိုလူနှင့် လီလီက ပူးပူးကပ်ကပ် စကားပြောသွားသည်ကို တွေ့ရလေသည်။

ဝမ်ပါးက ဟွေ့ဆန်းကိုးအနား ကပ်လာပြီး....

'ဘယ်လိုသဘောလဲ'

'တစ်ခုခုတော့ တစ်ခုခုပဲကွ၊ ဟေ့....ဝမ်ပါး၊ သူတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့လိုတယ်၊ စိတ်ချရတဲ့လူ တစ်ယောက်ကို ပြောလိုက်စမ်း'

ဝမ်ပါးက ခေါင်းညိတ်ပြလိုက်လေသည်။

* * *

တစ်စတစ်စဖြင့် မိုးချုပ်၍ မှောင်စပြုလာသည်။

ရှဖုန်းရိန္ဒြီ ဝေ့ယမ်းယမ်းသည် လီလီကိုစုံစမ်းရာမှ ဆိပ်ကမ်းသို့ ရောက်ရှိခဲ့လေသည်။

ဆိပ်ကမ်းတွင် မြို့ပြအုပ်ချုပ်ရေးဌာနမှ အာဏာသား တစ်ယောက်နှင့် တွေ့သဖြင့် အာဏာသားက ရှဖုန်းရိအား လီလီ တစ်ယောက် ဟိုဘက်ကမ်းသို့ ကူးတို့လှေနှင့် ကူးသွားသည်ကို

တွေ့မြင်လိုက်ကြောင်းနှင့် ပြောပြရာ ရှဖုန်းရိမှာ အတွေးရကျပ်သွားလေသည်။

သူသည် ဝေ့ယမ်းယမ်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဝေ့ယမ်းယမ်းက ရှဖုန်းရိ ဒေါ်သ ပြေပျောက်စေရန် နှစ်သိမ့်စကား ပြောလိုက်လေသည်။

'သူ ကိစ္စတစ်ခု အရေးကြီးနေတာ အမှန်ပဲဖြစ်လိမ့်မယ် ထင်တယ်၊ ရှင် စိတ်မပူပါနဲ့လေ၊ ကျွန်မ သူ့နောက်ကိုလိုက်သွားပေးပါ့မယ်'

ရှဖုန်းရိအား ခေါင်းညိတ်လိုက်သည်။

'ဆရာမကိုတော့ အားနာတယ်ဗျာ၊ ဒါပေမယ့် သူ ဘာကိစ္စတွေ အရေးကြီးနေတယ်ဆိုတာ ဆရာမ လိုက်သွားစေချင်တယ်'

ဝေ့ယမ်းယမ်းက ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ၊ လီလီဟာ ကျွန်မစကားကို ဘယ်တော့မှ မပယ်ရှားပါဘူး'

ရှဖုန်းရိသည် တစ်ဖက်ကမ်းသို့ လိုက်သွားလိုသော်လည်း ဟော့ဆန်းကိုးတို့လည်း ရှိနေသဖြင့် မိမိကို အဖြစ်သည်းလွန်းသည်ဟု ဝိုင်း၍ကဲ့ရဲ့မှာ စိုးသောကြောင့် ဝေ့ယမ်းယမ်းကိုသာ လွှတ်လိုက်ပြီး သူသည် စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားလေသည်။

* * *



ဝမ်ပါးနှင့် ဟော့ဆန်းကိုးသည် ဝေ့ယမ်းယမ်းတစ်ယောက် မိမိတို့ရှိရာသို့ ခပ်သွက်သွက် လျှောက်လာသည်ကို တွေ့ရသော အခါ အံ့အားသင့်ပြီး ငေးနေမိကြသည်။

ဟော့ဆန်းကိုးက....

'ဝမ်ပါး၊ မင်းအမျိုးသမီးတော့ မင်းကို မမြင်ရရင်မနေနိုင်တော့ဘူးနဲ့ တူတယ်'

ဟု ပြောပြီး ပြုံးလိုက်သည်။

ဝေ့ယမ်းယမ်းက အနားသို့ ရောက်လာသည်။

'ရှင်တို့ လီလီတစ်ယောက် မတွေ့မိကြဘူးလား'

ဝမ်ပါးက....

'မတွေ့ဘဲ နေပါ့မလား၊ သူ့အဖော်တစ်ယောက်နဲ့ ရွာထဲဝင်သွားတယ်၊ အခု ညီမ ဘာဖြစ်လာတာလဲ'

'ဟိုမှာ ရှဖုန်းရိက လီလီပျောက်လို့ ဒေါ်သူပုန်ထနေတယ်၊ သူ့မှာ အဖော်ပါတယ်ဆိုတာ ရှင်တို့ ဘယ်လိုလုပ် သိသလဲ'

ဝမ်ပါးက....

'အစ်ကိုတို့ ဒီက ထိုင်ကြည့်နေတာပဲ ညီမရဲ့'

ဝေ့ယမ်းယမ်း ခေါင်းကုတ်လိုက်သည်။

'လီလီကြောင့်လဲ ခက်တာပဲ၊ သူ ရှဖုန်းရိနောက်ကွယ်မှာ တစ်ယောက်ယောက်နဲ့များ....'

ဝေ့ယမ်းယမ်းက ပြော၍မထွက်တော့ပေ။

ဝမ်ပါးကလည်း ပခုံးတွန့်ပြလိုက်၏။

သူမသည် ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့ကို ကြည့်၍—

'အစ်ကိုတို့က နေရာအနှံ့ တာဝန်ကျနေတာပဲနော်'

ဟော့ဆန်းကိုးက ပြုံး၍....

'တို့ကိုကြည့်ပြီး စိတ်မပျက်ပါနဲ့၊ ဝမ်ပါးက လက်ထပ်ပြီး ထာနဲ့ အလုပ်က ထွက်မယ်လို့ ပြောတယ်'

ဟု ကျီစယ်လိုက်လေသည်။

ပေ့ ယမ်းယမ်းက ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'ဒါနဲ့အစ်ကို၊ လီလီတို့ ဘယ်ဘက်ကိုသွားလဲ'

ဝမ်ပါးက လီလီတို့ သွားသည့်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

'ကျွန်မ အခြေအနေ လိုက်ကြည့်လိုက်ဦးမယ်'

ဟု ပြောပြီး လီလီတို့ သွားသည့်ဘက်သို့ လျှောက်သွားလေသည်။

* * *

ထိုအချိန်တွင်....

ကြဲမုချမ်း၏ အိမ်ရှေ့၌ ငါးများ ချိန်တွယ်နေသည်ကို တွေ့ရလေသည်။

တံငါသည်များသည် သူတို့ ရရှိလာသော ငါးများကို ကြဲမုချမ်း၏ အိမ်ဆီသို့ ခပ်သုတ်သုတ်ကလေး ယူလာခဲ့ကြသည်။

အလုပ်သမားအချို့က ချိန်တွယ်ပြီးသည်နှင့် ကျသင့်ငွေကို စာရွက်မှာ ရေးပြီး ကြဲမုချမ်းထံသို့ လွှတ်လိုက်သည်။

ကြဲမုချမ်းက ငွေရှင်းပေးလိုက်၏။



ကြဲမုချမ်းသည် ငွေများကို ရေတွက်ရင်း အခန်းထဲသို့ ဝင်လာမည့်သူကို စောင့်နေသည်။

တစ်ယောက်ဝင်လာသည်၊ ကြဲမုချမ်းက ရှင်းပေးပြီးသည်နှင့် ပြန်ထွက်သွားသည်။

သူ၏အလုပ်က မကြာမီ ပြီးစီးတော့မည် ဖြစ်သည်။

သူသည် အလုပ်ပြီးသည်နှင့် ဟော့ဆန်းကိုးတို့ အာကာသားများကို မိမိအိမ်တွင်အရက်ခေါ်တိုက်ရင်းစကားစမြည်ပြောရန် စီစဉ်ထားသည်။

ထိုစဉ် အခန်းထဲသို့ တံငါသည်တစ်ယောက် ဝင်လာသည်။

လက်ထဲမှ စာရွက်ကလေးကို ကြဲမုချမ်းထံ လှမ်းပေးလိုက်သည်။

ကြဲမုချမ်းက စာရွက်ထဲမှ ငွေအရေအတွက်ကို ကြည့်၍ ကျသင့်သောငွေကို ရေတွက်နေသည်။

ထိုစဉ်မှာပင် တံငါသည်၏ လက်တစ်ဖက်က လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

ကြဲမုချမ်း လည်ချောင်းထဲ သံချွန် ထိုးသွင်းပြီးသည်နှင့် မအော်နိုင်အောင် ပါးစပ်ပိတ်ထားလိုက်သည်။

ကြဲမုချမ်း ငြိမ်သက်သွား၏။

တံငါသည်က ဓားချွန်ကို ပြန်ဆွဲထုတ်၍ ရင်ဘတ်တွင် တြိဂံပုံသဏ္ဍာန် ရေးခြစ်လိုက်လေသည်။

ထို့နောက်....

ကြဲမှုချမ်းပေးထားသော ငွေများကိုယူကာ အခန်းထဲမှ ထုန္ဒြေမပျက် ပြန်ထွက်သွားလေသည်။

* * *

လီလီသည် တစ်နေရာတွင် ရပ်တန့်နေရာမှ ဝေ့ယမ်းယမ်းအား အကျိုးအကြောင်း လာပြောပြီး ခေါ်သဖြင့် သူမနှင့်အတူ ပြန်လိုက်လာခဲ့သည်။

ဝေ့ယမ်းယမ်းသည် သူမအနားတွင် လူစိမ်းတစ်ယောက်များ တွေ့မလားဟု လိုက်ကြည့်သော်လည်း လုံးဝ မတွေ့ရသဖြင့် ဝမ်ပါးတို့ အထင်အမြင်မှားနေခြင်း ဖြစ်မည်ဟု ထင်လိုက်သည်။

လီလီနှင့်ဝေ့ယမ်းယမ်း ပြန်လာသည်ကို ဝမ်ပါးတို့အားအပြုံးဖြင့် ကြိုလိုက်သည်။

လီလီသည် သူမ လာစဉ်က ဟော့ဆန်းကိုးတို့ကိုသတိမထားမိသဖြင့်....

'ဟင်...! ရှင်တို့ ဒီမှာ ဘာလာလုပ်နေကြတာလဲ'

ဟု မေးလိုက်သည်။

'ကျုပ်တို့ ဝတ္တရားအရပေါ့ဗျာ'

ဟု ဟော့ဆန်းကိုးက ပြန်ပြောလိုက်သည်။



လီလီက သဘောပေါက်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

'ဩော်....ကျွန်မသိပါပြီ'

သူမ စကားမဆုံးမီ ဟော့ဆန်းကိုးတို့ စောင့်ကြည့်နေသော ကြဲမှုချမ်း၏ အိမ်ထဲမှ ဆူဆူညံညံအသံများ ကြားလိုက်ရလေသည်။

'လာကြပါဦးဗျို၊ ကြဲမှုချမ်း အသတ်ခံရလို့'

ဟူသော အော်ဟစ်သံကြောင့် ဟော့ဆန်းကိုး လျင်မြန်စွာ ပြေးသွားလေသည်။

လီလီနှင့်ဝေ့ယမ်းယမ်းမှာ မျက်လုံးများပြူး၍ တုန်လှုပ်ချောက်ချားနေတော့သည်။

ဝမ်ပါးအာ....

'ကဲ....ညီမ၊ လီလီကိုခေါ်ပြီး ဟိုဘက်ကမ်း ခပ်မြန်မြန်ကူးသွားကြတော့'

ဟု စိုးရိမ်စွာ ပြောလိုက်လေတော့သည်။

## အခန်း (၃၀)

အခင်းဖြစ်ပွားသည့် တံငါရွာတွင် အုပ်ချုပ်ရေးမှူး ယွမ်ကိုယ်တိုင် ရှိနေပေသည်။

သူသည် အခင်းဖြစ်ပွားသည်ဟု အသံကြားသည်နှင့် ချက်ချင်းပင် ကြဲမုချမ်း၏ အိမ်အတွင်းသို့ ရောက်ရှိလာသည်။

ကြဲမုချမ်း အခန်းထဲသို့ ဝင်လိုက်သောအခါ ကြဲမုချမ်းမှာ မလာလေလတ်လတ် အသတ်ခံထားရသည်ကို တွေ့ရသဖြင့် လူသတ်သမားသည် မိနစ်ပိုင်းအတွင်း သတ်သွားနိုင်သည်ကို အံ့သြနေပေသည်။

ကြဲမုချမ်း၏ အိမ်ဘေးပတ်လည်တွင် အစောင့်များချထားသဖြင့် မည်သည့်မိန်းမတစ်ဦးမှ ဝင်သည်ကိုမတွေ့ရ။ ထို့ပြင် တစိမ်းယောကျ်ားလည်း ဝင်သည်ကိုမတွေ့ရ။



ယွမ်သည် အံကိုတင်းတင်းကြိတ်၍ စဉ်းစားသည်။

သူ စဉ်းစားမိသည်မှာ ကြဲမုချမ်းကိုသတ်သော လူသတ်သမားသည် ငါးလာရောင်းသော တံငါသည်များထဲမှ တစ်ဦးဦးသာလျှင် ဖြစ်ရမည်ဟု ကျိန်းသေ ယူဆ လိုက်သည်။

ယွမ်သည် ငါးများချိန်တွယ်သော အလုပ်သမား ခေါင်းဆောင်ကို ခေါ်လိုက်သည်။

'မင်းတို့ ဘယ်လိုရောင်းချပြီး ဘယ်လိုငွေချေလဲ ငါ့ကိုပြောစမ်း'

'ကျွန်တော်တို့က လာရောင်းတဲ့ငါးကို ချိန်တွယ်ပြီးတာနဲ့ ကျသင့်ငွေရေးထားတဲ့ စာရွက်ကို ပေးလိုက်ပါတယ်၊ အဲဒီလူက သူဌေးကြီးဆီမှာ ငွေသွားယူရပါတယ်'

'လာရောင်းတဲ့ လူတွေအားလုံးကို မင်းတို့မှတ်မိသလား'

'အားလုံးကိုတော့ ဘယ်မှတ်မိမလဲ ဆရာ၊ တစ်နေ့ကို လူငါးဆယ်လောက် လာတာပဲ၊ အဲဒီအထဲမှာ မှန်မှန်လာတဲ့ လူသုံးလေးယောက်တော့ မှတ်မိတာပေါ့'

ယွမ်သည် အလုပ်သမားခေါင်းဆောင်ကို စိတ်ထဲမှကျိန်ဆဲလိုက်လေသည်။

'အခု ဘယ်သူက စတွေ့တာလဲ'

တံငါသည်တစ်ဦး ရှေ့နားသို့ တိုးလာသည်။

'ကျွန်တော်ပါ'

'အင်း....ပြောပါ၊ ခင်ဗျားက ဘယ်လိုစတွေ့တာလဲ'

'ကျွန်တော် ဒီစဥ်ရှက်ကိုင်ပြီး ငွေသွားရှင်းဖို့ အခန်းထဲ ဝင်သွားတော့ စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး သေနေတာ တွေ့တာနဲ့ ချက်ချင်းပြန်ထွက်လာပြီး အော်ဟစ်လိုက်တာပါ'

ဤသို့ဆိုလျှင် ထိုသူ၏ရှေ့မှလူသည် လူသတ်သမား ဖြစ်ရမည်။

'မင်း ရှေ့ကလူကို သိသလား'

ထိုလူက....

'ကျွန်တော့်ရှေ့က ဘယ်သူဆိုတာ ကျွန်တော် သတိမထားမိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လဲ ဒီနေ့မှ ဒီမှာ ငါးသာဆောင်းတာပါ'

'ကောင်းတယ်၊ အားလုံးကောင်းတယ်'

ယွမ် စိတ်ထဲမှ ရေရွတ်မိလိုက်တော့သည်။

* * *

ယွမ်တို့သည် သန်းခေါင်ကျော်၌ ဌာနသို့ ပြန်ရောက်သည်တိုင်အောင် တိကျသော သဲလွန်စကို မရရှိခဲ့သောကြောင့် အုပ်ချုပ်ရေးမှူး ယွမ်းသည် အကြီးအကျယ်ပင် ဒေါသဖြစ်နေမိတော့သည်။



သူတို့သည် ကြမ္မာချမ်း လုံခြုံရေးအတွက် အတက်တက်မှ စောင့်စေ့အောင် ဆောင်ရွက်ထားခဲ့သည်။

သည်ကြားထဲက သတ်ဖြစ်အောင် သတ်သွားနိုင်သော လူသတ်သမားကို ယွမ်သည် အထင်မသေးရဲတော့ပေ။

'ကျွိဝှား'ဆိုသော မိန်းကလေးသည် ဉာဏ်အလွန်ထက်မြက်သော မိန်းကလေးတစ်ယောက် ဖြစ်ရမည်ဟု စိတ်ထဲ ထင်ထားလိုက်တော့သည်။

'ကဲ.... တို့လုပ်ခဲ့တဲ့ အလုပ်တွေကို ပြန် ဆန်း စစ် ကြည့် ရအောင်'

ယွမ်က ဟော့ဆန်းကိုးတို့အား ပြောလိုက်လေသည်။

အရုပ်ပုပုနှင့် အာကာသသားက....

'ကျွန်တော် ဖူကောင်းကြည့်ကို စောင့် ကြည့် ပါတယ်၊ သူဟာ တံငါရွာရဲ့ အနောက်ဘက်က ရွာတစ်ရွာကို သွားတယ်၊ နေ့ဇက် အိမ်ကြီးတစ်အိမ်ပေါ်ကို တက်သွားတယ်၊ တံငါရွာမှာ လူသတ်မှုဖြစ်တဲ့အချိန်မှာ သူဟာ အဲဒီအိမ်ပေါ်မှာပဲ ရှိနေပါတယ်'

ယွမ်က စိတ်ပျက်စွာဖြင့် လက်ယမ်းလိုက်သည်။

'ဟုတ်ပြီ၊ အဲဒီမိန်းမ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ငါ စိတ်ဝင်စားတာက ဟော့ဆန်းကိုးပြောတဲ့ လီလီကိုပဲ၊ ဒီလူသတ်မှု

ကြားထဲမှာ အဲဒီလီလီဟာ ကန့်လန့်ကန့်လန့်ကို ဖြစ်နေတယ်၊ သူ့ကို ဘယ်သူစောင့်ကြည့်သလဲ'

ဟော့ဆန်းကိုးက....

'ရီလေး စောင့်ကြည့်တယ်'

ဟု ဝင်၍ပြောသည်။

ရီလေးဆိုသူက....

'လီလီဟာ ယောကျ်ားအဖော် တစ်ယောက်နဲ့ အတူလာ တယ်လို့ ထင်ရပေမယ့် မကြာခင်မှာ သူတို့လမ်းခွဲသွားတယ်၊ စကားတစ်ခွန်းမှလဲပြောတာ မတွေ့ရလို့ သူတို့နှစ်ယောက် သိကျွမ်းတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်၊ အဲဒီ အရပ်ရှည်ရှည်နဲ့လူဟာ အခြား အိမ်တစ်အိမ်ဆီကို ဝင်သွား တယ်၊ လီလီက လမ်းထောင့်မှာ ရပ်တန့်နေတာကို တွေ့ရ တယ်၊ မကြာခင်မှာ လီလီကို ဝေ့ယမ်းယမ်းက လာခေါ် သွားတာ တွေ့လိုက်ရတယ်'

ဟော့ဆန်းကိုးက လီလီနောက်ကို ဝေ့ယမ်းယမ်း လိုက်ခဲ့ရ သည့်အကြောင်းကို ပြောပြသည်။ ရှဖုန်းရိနှင့် ဝေ့ယမ်းယမ်း တစ်ညနေလုံး လီလီကို လိုက်ရှာနေကြောင်း၊ နောက်ဆုံး တံငါရွာသို့ လီလီလာသည်ဟု ကြားရသဖြင့် ဝေ့ယမ်းယမ်း လိုက်လာပုံ၊ သူမတို့နှစ်ယောက်နှင့် စကားပြောနေစဉ် ကြံမို ချမ်း အသတ်ခံရကြောင်း အော်ဟစ်သံ ကြားရပုံများကို



ပြောသောအခါ သူမတို့နှင့် လုံးဝမသက်ဆိုင်သည်ကို ယွမ်က စဉ်းစားမိပြန်သည်။

'လီလီနဲ့ အတူပါလာတဲ့ အရပ်ရှည်ရှည်လူကို ငါသိပါ တယ်'

ယွမ်က ပြောလိုက်ခြင်း ဖြစ်သည်။

'သူက ဘယ်သူလဲ ဆရာ'

ဝမ်ပါးက ဝင်၍မေးလေသည်။

ယွမ်က လက်ကာပြလိုက်သည်။

'နောက်တော့ မင်းတို့ သိရမှာပါ၊ သူ့ကို ငါတွေ့စရာရှိ သေးတယ်၊ အဲဒီ လီလီခေါ်လာတဲ့လူပဲ ဖြစ်ဖြစ်၊ တိုက်ဆိုင်လို့ တစ်ခရီးတည်း အတူလာခဲ့တာပဲဖြစ်ဖြစ် အဲဒီအရပ်ရှည်ရှည်နဲ့ လူဟာ လူသတ်သမားစာရင်းထဲ လုံးဝထည့်စဉ်းစားစရာ မလို ဘူး'

ဟော့ဆန်းကိုးက မသိမသာ ပခုံးတွန့်လိုက်လေသည်။

ယွမ်သည် လက်သီးကိုဆုပ်၍ စားပွဲပေါ်သို့ အသာအယာ ထုနေပေသည်။

စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေပုံရ၏။

လီလီ ဤတံငါရွာသို့ ရောက်လာခြင်းမှာ ဘာကိစ္စလဲ။

ထိုအဖြေကို ယွမ်က ရှာနေသည်။

ထို့နောက်....

တစ်စုံတစ်ခုကို တွေးမိသဖြင့် ယွန်းက အနည်းငယ် ပြုံးလိုက်သည်ကို မည်သူမှ သတိမထားမိလိုက်ပေ။

* * *

တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် အသတ်ခံနေရသဖြင့် ကျုံ့ကွမ်းမြို့တစ်မြို့လုံး ချောက်ချားနေသည်မှာ အထူးပြောစရာ မလိုတော့ပေ။

မြို့စားကြီးသည် အုပ်ချုပ်ရေးမှူး ယွန်းအား မည်ကဲ့သို့ ပြောဆိုလိုက်သည်မသိ၊ ယွန်းမှာ မျက်စိမျက်နှာပင် ပျက်နေပေသည်။

သူသည် မြို့စားကြီးနှင့် တွေ့ပြီးသည်နှင့် တပ်မှူးလေး ရှဖုန်းရိကို သွားရောက်တွေ့ဆုံ ဆွေးနွေးလေတော့သည်။

တပ်မှူးလေးရှဖုန်းရိမှာလည်း သူ့အတွေးနှင့်သူ ဖြစ်နေသည်။

လီလီတစ်ယောက် ခရီးထွက်နေသည်ကို သူ့အား စိတ်ထဲ၌ သံသယဝင်နေသော်လည်း ပါးစပ်မှဖွင့်ပြီး ဆုပ်ပူကြိမ်းမောင်းခြင်းများ မပြုလုပ်ရက်ပေ။

သူ့နည်းနှင့်သူ အဖြေရှာကြည့်နေမိသည်။



အုပ်ချုပ်ရေးမှူးယွန်းနှင့် တွေ့ဆုံချိန်တွင် သူ၏မျက်နှာမှာ သိပ်ပြီး ရွှင်ရွှင်ပျပျ မရှိပေ။

'တပ်မှူးလေး နေမကောင်းဘူးလား'

'ကောင်းပါတယ်'

ယွန်းသည် ရှည်လျားသော သာ်ပြင်းရှည် ကို ချ ရင်းမှ ရှဖုန်းရိကို စိုက်၍ကြည့်နေမိသည်။

'ခင်ဗျား ကျွန်တော့်ကို တစ်ခုခုပြောချင်လို့မဟုတ်လား၊ အိုဗျာ....ဟိုနေ့က တံငါရွာမှာ လီလီကိုကိုတွေ့ခဲ့လို့ မသက်သာ မဟုတ်လား'

ယွန်းက ပြုံး၍ ခေါင်းယမ်းလိုက်သည်။

'ဒါက အကြောင်းမဟုတ်ပါဘူး၊ နောက်ပြီး လီလီဟာ ခင်ဗျားအတွက် အစိုးရိမ်လွန်နေဘာလို့ ကျုပ်ယူဆတယ်'

ရှဖုန်းရိ ယွန်းကို ပြန်ကြည့်နေမိသည်။

မိမိအတွက် လီလီက ဘာကိုစိုးရိမ်သနည်း။

သူမသည် အသတ်ခံရမည့် ဖိတ်စာထဲ၌ မိမိနာမည်ပါနေသည်ကို သိသွားပြီလော။

မိမိထံရောက်လာသည့် အနီရောင်ကက် ပျောက်နေခြင်းမှာ သူမ တွေ့၍ ယူသွားသလော။

တွေးနေမိသည်။

'ခင်ဗျား ဘာတွေ တွေးနေတာလဲ ရှဖုန်းရိ၊ ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ခင်ဗျားအတွက် အသက်အန္တရာယ်ဟာ တော်တော်နီးကပ်နေပြီလို့ ပြောရမယ်၊ ကျုပ်တို့ကတော့ ခင်ဗျားကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး'

ရှဖုန်းရိ သက်ပြင်းချမိသည်။

'အေးဗျာ....ကျွန်တော့်ကို သတ်လောက်အောင်အထိ ရန်ငြိုးဖွဲ့ထားတဲ့ရန်သူကို နည်းနည်းမှ စဉ်းစားလို့မရဘူး'

ယွမ်ကာ ကျောကိုပုတ်၍....

'ခင်ဗျား ဘယ်စဉ်းစားလို့ ရမှာလဲ၊ ရန်သူမှမရှိတဲ'

ရှဖုန်းရိက မျက်မှောင်ကြုတ်၍....

'ရန်သူမရှိတဲ့နဲ့ ဘယ့်နှယ်....'

'ခင်ဗျားရဲ့ ဝမ်းထဲမှာပဲ ထားပါ၊ ကျုပ်ပြောပြမယ်'

ယွမ်က ရှဖုန်းရိအား ကွ°ဝှားတို့ မောင်နှမအကြောင်းများကို ပြောပြသည်။

ကွ°ဝှားသည် ရှဖုန်းရိအား အထင်မှားနေသည့်အတွက် သူမ၏စာရင်းထဲ၌ ထည့်ထားပုံများကို ပြောပြလိုက်လေသည်။

ရှဖုန်းရိ စဉ်းစား၍မရသောအဖြေတစ်ခုပေါ်သွားသည်။



'ဪ....လက်စသတ်တော့ ဒီကောင်တွေက ကျွန်တော့်နာမည်ကို အလွဲသုံးစားလုပ်ပြီး ကွ°ဝှားကိုဒုက္ခပေးသွားတာကိုး'

ယွမ်က ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်၊ အဲဒါအမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားဘယ်လိုလုပ်ပြီးရှင်းပြမလဲ၊ ကွ°ဝှားကိုခင်ဗျားကသိထားမှ ရှင်းပြလို့ရမှာပေါ့၊ အဲဒီတော့ ခင်ဗျားအခုရက်တွေမှာ သတိဝီရိယနဲ့နေဖို့ ကောင်းတယ်ဗျာ'

ရှဖုန်းရိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ အုပ်ချုပ်ရေးမှူး၊ အခုလိုပြောတာ ကျွန်တော်အများကြီး ကျေးဇူးတင်ပါတယ်'

ရှဖုန်းရိသည် သေသေချာချာတွေးကြည့်မှ မိမိအဖြစ်က အန္တရာယ်နှင့် အလွန်နီးကပ်နေပြီကို သိရသည်။

ကွ°ဝှားသည် အမျိုးသမီးပင်ဖြစ်သော်လည်း သူမ သတ်မှတ်ထားသည့်လူများကို အကွက်စေ့အောင် တစ်ယောက်ပြီး တစ်ယောက် သတ်နိုင်ခဲ့သည်။

သူမသည် ကိုယ်တိုင်ပင် သတ်သလော။

လူငှား၍များ သတ်နေသလော။

သူကတွေးနေစဉ် ယွမ်၏လက်တစ်ဖက်က သူ့ပခုံးပေါ်သို့ အသာအယာ တင်လိုက်သည်။

'ခင်ဗျားကို ကျုပ် အကောင်းဆုံး အကြံတစ်ခုတော့ ပေးချင်တယ်ဗျာ'

ရှဖုန်းရိက ယွမ်ကိုစိုက်၍ကြည့်သည်။

'ပေးပါဗျာ'

'ခင်ဗျား ဒီနယ်က အမြန်ဆုံး ပြောင်းရွှေ့သွားပေတော့'

ယွမ်က ပြောလိုက်ရာ ရှဖုန်းရိသည် အံ့အားသင့်သွားလေသည်။

'မဟုတ်တာပဲဗျာ၊ ကျွန်တော်က သူ့ကို ဘာလို့ကြောက်နေရမှာလဲ'

ယွမ်အ ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား မငြင်းပါနဲ့၊ ခင်ဗျားရဲ့ အသက်တစ်ချောင်းကို ကျုပ်တို့ အလဟဿ အဆုံးအရှုံးမခံနိုင်ဘူး'

'အုပ်ချုပ်ရေးမှူးရဲ့ စေတနာကို လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော် သတ္တိကြောင်တဲ့ အလုပ်မျိုးကို မလုပ်ချင်ဘူး'

'ဒါဟာ သတ္တိကြောင်တာမဟုတ်ပါဘူး၊ သတ္တိကို ဘယ်လို အသုံးပြုရတယ်ဆိုတာ ခင်ဗျား သဘော မပေါက်သေးလို့ ဖြစ်ပါလိမ့်မယ်'



ယွမ်သည် ရှဖုန်းရိ သဘောပေါက်စေရန် အချိန်အတော်ကြာသည်အထိ ရှင်းပြလေသည်။

ရှဖုန်းရိ တဖြည်းဖြည်း သဘောပေါက်လာသည်။

သူသည် ယွမ်၏စကားကို လက်ခံသင့် မခံသင့် စဉ်းစားမည်ဟု မတင်မကျ အ ဖြေပေးလိုက်လေသည်။

## အခန်း (၃၁)

ရှုဖွန်းရှိသည့် အပြင်မှ ရောက်လာလျှင် ရောက်လာချင်း လီလီကို ရုတ်တရက် ပွေ့ဖက်နမ်းရှုတ်လိုက်လေသည်။

'ငါ့မိန်းမကို ငါ ကြာလေကြာလေ ပိုပြီး ချစ်လာလေပဲ'

လီလီမှာ မျက်လုံးများ ပြူးကျယ်၍ အံ့အားသင့်သွားလေသည်။

'ဟင်....အစ်ကိုက ဘယ်လိုဖြစ်လာတာလဲ'

'မင်း ငါ့အပေါ်မှာ ဘာဖြစ်လို့ ဒီလောက် တောင် သံယောဇဉ်တွေကြီးပြီး စိုးရိမ်နေရတာလဲ ညီမရယ်'

လီလီသည် ကြောင်အမ်းအမ်း ဖြစ်နေပေသည်။



'အစ်ကို ဘာဖြစ်လာတာလဲ၊ ညီမကိုပြောစမ်း'

ရှအန်းလုနှင့် စားဖိုမှူးအဘွားစုံတို့သည် လင်မယား နှစ်ယောက်ကို ချောင်းကြည့်၍ ပြုံးစေ့စေ့ လုပ်နေကြသည်။

'ညီမ အခုတလော ဘယ်ကိုသွားနေတာလဲဆိုတာ အစ်ကို့ကို မှန်မှန်ပြောစမ်း'

လီလီ၏မျက်နှာသည် တစ်ချက် ညှိုးသွားပြန်သည်။

'ညီမ ပြောမလေ'

လီလီက အနည်းငယ် စဉ်းစား၍....

'အင်း....ဟိုကောင်မ ဇွဲယမ်းယမ်း အစ်ကို့ကို ဘာတွေ ပြောလိုက်လို့လဲ'

'အစ်ကိုမေးတာကိုသာ ညီမ ဖြေပါလေ'

လီလီ သက်ပြင်းချလိုက်သည်။

'ကျွန်မ ဘာပြောရမှာလဲ အစ်ကိုရယ်'

'ညီမဟာလေ အခုထိ လိမ်ချင်နေတုန်းပဲ၊ ညီမ အလိမ်ပေါ်သွားလို့လဲ အစ်ကိုက ညီမကို စိတ်ဆိုးပါမလား၊ ညီမကို ပိုပြီးတောင် လေးစားပြီး ချစ်လာသေးတယ်'

လီလီက....

'ညီမ အပြင်ကို ထွက်ထွက်နေတာ အစ်ကို့ အတွက်ပါ'

'အင်း....ပြောပါဦး'

'အို....အစ်ကို သိလာပြီမဟုတ်လား၊ ညီမ ဘာပြောစရာ လိုတော့လို့လဲ'

ရှဖုန်းရိက သူမ၏လက်ကိုဆွဲပြီး ကုလားထိုင်များ၌ ဝင်၍ ထိုင်လိုက်သည်။

'အစ်ကိုသိပါပြီ ညီမရယ်၊ အစ်ကို့အခန်းထဲက လူသတ်သမား ပို့လိုက်တဲ့ ဖိတ်စာကတ်ကို ညီမ တွေ့ပြီး တြိဂံခေါင်းသမား ဘယ်သူဖြစ်တယ်ဆိုတာ ညီမ လိုက် စုံ စမ်း နေ တယ် မဟုတ်လား'

လီသီ ဘာမှမပြောဘဲ ခေါင်းငုံ့ထားသည်။

'ကျောင်းဆရာမ ဝေ့ယမ်းယမ်းနဲ့လဲ မကြာခဏ လိုက်စုံစမ်းတာပဲ မဟုတ်လား'

'ကြည့်စမ်း ဒီကောင်မ မပြောပါနဲ့ဆိုတာကို၊ အခုအစ်ကို့ကို ဖွင့်ပြောတာပေါ့ ဟုတ်လား'

လီလီက ဒေါပွသွားသလို မေးလိုက်သည်။

ရှဖုန်းရိက....

'သူ့မှာ အပြစ်မရှိပါဘူး၊ အစ်ကိုက အတင်းအဓမ္မ မေးလွန်းလို့ သူက မလွဲသာဘဲ ပြောပြရတာပါ၊ ဒါပေမယ့် အုပ်ချုပ်ရေးမှူးယွမ်အဝေ့ ယမ်းယမ်းထက်ပိုပြီးသိနေတယ်



'ဟင်....ယွမ်ကသိတယ် ဟုတ်လား'

ရှဖုန်းရိက ခေါင်းညိတ်လိုက်သည်။

'သိတာမှ အများကြီးပဲ၊ ဒီမှာ ညီမ သူဟာ ဒီအလုပ်တွေမှာ အင်မတန် ကျွမ်းကျင်တဲ့လူပါ၊ ညီမဟာ အစ်ကို့အတွက် စိုးရိမ်လွန်းလို့ တြိဂံခေါင်းသမားကို စုံစမ်းတယ်၊ စုံစမ်းလို့ မရတော့ ဟိုအရပ်ရှည်ရှည်နဲ့ ကြေးစားလူသတ်သမားကုတ်ဝိုး ကို ငှားတယ် မဟုတ်လား'

လီလီသည် ပါးစပ်ဟသွားပြီး ရှဖုန်းရိကို မော့ကြည့်နေမိသည်။

ရှဖုန်းရိက ပြုံး၍ စကားဆက်သည်။

'ကုတ်ဝိုးကို ညီမက ဘာပြောထားသလဲ၊ တြိဂံခေါင်းသမားကို ရှာပြီး သုတ်သင်ပေးပါ၊ တြိဂံခေါင်းသမားဟာ ကြဲမုချမ်းကို တစ်နေ့နေ့ သတ်မယ်ဆိုတာ သိထားတော့ ကုတ်ဝိုးကိုခေါ်ပြီး တံငါရွာကို သွားတယ်မဟုတ်လား'

လီလီမှာ လုံးဝ ဖုံးကွယ်၍မရတော့ပေ။

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်မအရူးထတာပဲလားတော့ မသိဘူး၊ အကယ်၍ ကြဲမုချမ်းကို တြိဂံခေါင်းသမားကသတ်ရင် တြိဂံခေါင်းသမားကို ကုတ်ဝိုးက သတ်နိုင်အောင် ကျွန်မ စီစဉ်တာပါ၊ စိတ်မချလို့ ကျွန်မကိုယ်တိုင် လိုက်သွားတာ၊ ဒါပေမယ့် တြိဂံခေါင်းသမားဟာ တော်တော်ကိုလျင်တာပဲ့ နော်'

ရှုဖုန်းရိက....

'ညီမရဲ့ ကြေးစားကုတ်ဝီးမပြောနဲ့ အုပ်ချုပ်ရေးမှူးယွမ်တို့တောင် ဘယ်သူဘယ်ဝါမှန်း အခုထိ မသိသေးဘူး'

လီလီသည် မျက်နှာညှိုးကျသွားပြီး မျက်ရည်များ ရစ်ဝဲ၍ လာခလေသည်။

'အစ်ကို...အစ်ကို့ကိုသတ်ဖို့ပဲ ကျန်တော့တယ်၊ အဲဒါ အဲဒါ....ဘယ်လိုလုပ်မလဲဟင်'

'ပူမနေပါနဲ့ ညီမရယ်'

'ဘာ....မပူရဘူး ဟုတ်လား'

'ညီမပူနေလို့ကော ဘာထူးမှာလဲ၊ တြိဂံဓားသမား အစ်ကို့ကို မသတ်နိုင်ပါဘူး'

လီလီက ခေါင်းယမ်းသည်။

'အစ်ကို အဲဒီလိုမပြောပါနဲ့၊ ညီမ တစ်စက်ကလေးမှ စိတ်မချဘူး'

ရှုဖုန်းရိက....

'ဒီမှာညီမ၊ အစ်ကို အလုပ်ကအနားယူပြီး တခြား တစ်နယ်ကို ပြောင်းတော့မယ်'

ရုတ်တရက် ကြားလိုက်ရသော စကားကြောင့် လီလီ စမ်းသာသွားလေသည်။



'ကောင်းတယ် အစ်ကို၊ အစ်ကို အလုပ်ကထွက်တာ ညီမလဲ သဘောတူတယ်'

'ဒါဖြင့် အစ်ကို အမြန်ဆုံးစီစဉ်လိုက်တော့မယ်'

လီလီ က ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်လေသည်။

* * *

ဟွေ့ဆန်းကိုးနှင့် ဝမ်ပါးတို့ ရွှေနားဆိုင်သို့ ရောက်လာသည်။

ဟွေ့ဆန်းကိုးမှာ အလုပ်များနေ၍ ရွှေနားနှင့်မတွေ့ရသည်မှာ အတော်ကြာပြီ ဖြစ်သည်။

ယခုနေ့တော့ သူတို့နှစ်ယောက် စိတ်တွေတွေနှင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် စိတ်ထွေသွားသည်မှာ အခြားကြောင့် မဟုတ်ပေ။

အုပ်ချုပ်ရေးမှူးယွမ်ကို မြို့စားကြီးက ဆုပ္ပကြိမ်းမောင်းသည့်အတွက် ယွမ်သည် အတော်ပင် စိတ်ထိခိုက်နေသည်။

သို့သော် ယွမ်သည် ဦးနှောက်ကို ခပ်အေးအေးလေးထားတတ်သူ ပီပီ မည်သူ့ကိုမှ စကားမပြောဘဲ အကြံထုတ်နေခြင်း ဖြစ်၏။

ဟောဆန်းကိုးတို့ကိုလည်း....

'မင်းတို့ တတ်နိုင်သလောက် စုံစမ်းပေါ့ကွာ၊ မရတော့လဲ ဘာတတ်နိုင်မှာလဲ'

ဟု ခပ်ပေါ့ပေါ့ပင် ပြောထားလိုက်သည်။

အမှန်တော့လည်း တြိဂံခေါ်းသမားကိစ္စသည် ကျုံကွမ်း တစ်မြို့လုံး ပွက်လောရိုက်နေသည်မှာ အမှန်ပင်ဖြစ်သည်။

မြို့ပြအုပ်ချုပ်ရေးဌာနမှ မဖော်ထုတ်နိုင်သည်ကိုလည်း ဝိုင်းဝန်း၍ အပြစ်ပြောဆိုနေကြလေသည်။

ဟောဆန်းကိုးတို့မှာ အပြစ်ရှိနေသူမို့ အသာပင် ငြိမ်နေရလေသည်။

စိတ်ထဲတွင်တော့ မခံချိမခံသာ ဖြစ်နေ၏။

တစ်ပတ်လောက်ကြာတော့လည်း နည်းနည်းရိုးသလို ဖြစ်လာသည်။

သို့သော် မိမိတို့၏ ညံ့ဖျင်းနေပုံကိုတော့ မိမိတို့ဘာသာ သိရှိထားပြီး မတိုးမကျယ် ဝေဖန်ပြောဆိုနေကြသည်များကို မသိဟန် မကြားဟန် ပြုနေရလေသည်။



ကြာတော့ ဟောဆန်းကိုးတို့ စိတ်များ နောက်ကျိလာသည်။

ရွှေနားဆိုင်သို့ စိတ်အပန်းဖြေရင်း အရက်သောက်ရန် နှစ်ယောက်သား ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ရွှေနားသည် ခါတိုင်းနှင့်မတူဘဲ မျက်နှာချိုသာနေသဖြင့် ဟောဆန်းကိုးက ဝမ်ပါး၏ မျက်နှာကို ကြည့်ကာ ပြုံးလိုက်မိသည်။

'ဒီနေ့ ထင်ကျော့စွမ်းဆိမှာ လက်ထပ်ခွင့် ရအောင်တောင်းမယ်၊ ဘယ်နှယ်လဲ မင်းက အိမ်လက်ဖွဲ့မယ်ဆိုတာ သေချာရဲ့လား'

ဝမ်ပါးက ခေါင်းကို ဆတ်ခနဲ ယမ်းလိုက်သည်။

'စိန်လိုက်စမ်းပါ၊ ဆရာဆန်းကိုးအတွက် အိမ်တစ်လုံး အဆင်သင့်ရှိနေပါတယ်'

ဟောဆန်းကိုးက....

'ဟုတ်မှလဲလုပ်နော်၊ သူ့မျက်နှာကိုကြည့်ဦး၊ သေချာဖို့ များနေတယ်'

ဝမ်ပါးက ရယ်သည်။

'စမ်းကြည့်ပါဦးလေ၊ ကျွန်တော်တော့ ဒီလို မထင်ဘူး'

ဟောဆန်းကိုးသည် အရက်နှင့် စားစရာအချို့ကို ကျယ်လောင်စွာဖြင့် လှမ်းပြောလိုက်ပြီး စားရွက်တစ်ရွက်တွင် စာလေးငါးလုံး ကုန်း၍ရေးနေသည်။

သူ၏စာကို ဝမ်ပါးက အတိုင်းသား မြင်နေရသည်။

လင်ကျော့စွမ်း....

> အစ်ကို မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ်။
>
> အစ်ကို့ရဲ့အချစ်ကို တုံ့ပြန်ပြီး လက်ထပ်ခွင့်ပေး မယ်လို့ ထင်ပါတယ်၊ အကြောင်းပြန်ပါ။
>
> ဟော့ဆန်းကိုး

ဟု ရေးသားထားသည်။

မကြာမီ ရှေနား အရက်နှင့် စားစရာများ လာရောက်ချပေးလေသည်။

ဟော့ဆန်းကိုးသည် သူမ၏လက်ထဲသို့ ခေါ်တော်က ရေးသားထားသော စာရွက်ကို ထိုးထည့်ပေးလိုက်သည်။

ရှေနားသည် မျက်နှာနီမြန်းသွားသော်လည်း စာရွက်ကို ယူသွားလေသည်။

ဝမ်ပါး၏စိတ်ထဲတွင် 'တယ်ဟုတ်ပါလား' ဟုပင် ထင်လိုက်မိလေသည်။

သူတို့ အရက်တစ်အိုး ကုန်ပြီးသောအခါ ရှေနား သူတို့အနီးသို့ ရောက်လာသည်။

သူမသည် စာရွက်တစ်ရွက်ကို ဆတ်ခနဲ ပစ်ချသွား၏။



ဟော့ဆန်းကိုးက ကပျာကယာယူ၍ ဖတ်လိုက်သည်။ ဝမ်ပါးကလည်း ထိုစာရွက်ကို မရမက လိုက်ကြည့်၏။ စာနှစ်တန်း ရေးထားလေသည်။

> အစွမ်းအစမရှိတဲ့လူကို လက်မထပ်ဘူး။
>
> လူသတ်သမားကို မိအောင်ဖမ်းရင် အချိန်မရွေး လက်ထပ်မယ်...

ဟူ၍ ပြတ်ပြတ်သားသားပင် ရေးထားသည်ကို တွေ့ရသောအခါ ဟော့ဆန်းကိုးသည် သူ့နဖူးကို သူပြန်ပြီး လက်ဝါးဖြင့် ရိုက်လိုက်တော့သည်။

ဝမ်ပါးက....

'ဟာ....ကျွန်တော်တို့ညီ့ဖျင်းတဲ့သတင်းတွေ ဘယ်လောက်များ ပြန့်ပွားနေသလဲ မသိဘူး၊ ကဲ.... ဆရာ ဆန်းကိုးရေ ကြိုဂံမားသမားကို မိအောင်သာ ဖမ်းပေတော့ဗျို့'

ဟု ပြောလိုက်သည်။

ဟော့ဆန်းကိုးက 'စိတ်ချ....စိတ်ချ'ဟု ရှေနားကို လှမ်း၍ အော်လိုက်သည်။

ရှေနားက ပြုံးနေသည်။

သူတို့နှစ်ယောက် နောက်ထပ် အရက်တစ်အိုးကို စတင်၍ ငှဲကြပြန်သည်။

ဟွေဆန်းကိုးက....

'ငါတွေ့ဖူးသမျှ စုံစမ်းထောက်လှမ်းတဲ့နေရာမှာ ဆရာယုန်မှာ ဦးနှောက်အကောင်းဆုံးပဲကွ၊ ခု သူတောင် လက်လျှော့ရတော့မလို ဖြစ်နေတော့ ငါလဲ ရွှေနားနဲ့ နီးစပ်ဖို့တော့ မမြင်ဘူးကွ'

ဟု အရက်သံပါပါနှင့် ပြောလိုက်လေသည်။

ဝမ်ပါးက....

'ကျွန်တော့်စိတ်ထင်တော့ သူ တစ်ခုခုကို စဉ်းစားနေတာများလား'

'သူကတော့ အမြဲစဉ်းစား တွေးတောနေတာပဲ၊ ဒါပေမယ့် ခါတိုင်းလို တက်တက်ကြွကြွမရှိလှဘူး၊ ကဲ ဒီကိစ္စ ခဏထားဦး၊ ငါက မင်းကိစ္စပြောချင်တယ်'

ဝမ်ပါးက မျက်မှောင်ကြုတ်၍ ပြန်ကြည့်သည်။

'ဘာကိစ္စလဲ'

'အခု ရွှေနားကိစ္စကတော့ ငါရှုံးပြီကွာ၊ မင်း ဝေ့ယမ်းယမ်းကို လက်ထပ်ခွင့်ရအောင် တောင်းနိုင်ရင် ငါကျေးဇူးစိမ်းလက်စွပ် ပေးမယ်'

ဟွေဆန်းကိုးက နောက်သလို၊ ကျီစယ်သလို ပြောနေသော်လည်း ဝမ်ပါးသည် ဝေ့ယမ်းယမ်းအား အမှန်ပင်စွဲလမ်းနေမိပြီဖြစ်သည်။



တစ်နေ့နေ့ ဖွင့်ပြောမည်ဟုကြံထားသော်လည်း ဝေ့ယမ်းယမ်းနှင့်တွေ့သောအခါ ဖွင့်မပြောရဲဘဲ တပ်ခေါက်ပြန်ခဲ့ရသည်။

'ဒီနေ့တော့သူ့ဆီသွားပြီး ပြောဖြစ်အောင်ပြောမယ်ဗျာ'

ဝမ်ပါးသည် အရက်သောက်ထားသော အရှိန်ကြောင့် အတော်ပင်ရဲတင်းနေသည်ဟု ဟွေဆန်းကိုးက ထင်သည်။

သူကထပ်၍ မြှောက်ပေး၏။

'မင်းရဲ့အချစ်ကိုသာ လက်ခံရင်တော့ မင်းဇနီးကောင်းတစ်ယောက် ရဘာပဲမောင်ရေ၊ ကောင်မလေးက အစစအရာရာ အားလုံးတော်တယ်ကွ'

'လှကော လှတယ်မဟုတ်လား'

ဟွေဆန်းကိုးက ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'အေး....ဟုတ်တယ်၊ အဲဒါထည့်ပြောဖို့ ငါမေ့သွားတယ်'

* * *

ဝမ်ပါးသည် အရက်ကို တော်တော်များများ သောက်ခဲ့သော်လည်း ဣန္ဒြေသိပ်ပြီးမပျက်လှဘဲ ဝေ့ယမ်းယမ်း

ကိုပင် စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ထုတ်သွားနိုင်ပေသည်။

'အစ်ကို့ ကြည့်ရတာ ဒီနေ့တစ်မျိုးပဲ'

ဝေ့ယမ်းယမ်းက ဝမ်ပါးကို အကဲခတ်ရင်း ပြောလိုက်သည်။

ဝမ်ပါးက ရယ်၍....

'ဟာ...အစ်ကိုဘာမှမဖြစ်ပါဘူး ညီမရဲ့'

'ဒါဖြင့် မူးနေတာပဲဖြစ်ရမယ်'

ဝမ်ပါးက ရယ်သည်။

'အဲ...အဲ ဒါတော့ ဟုတ်တယ်'

ဝေ့ယမ်းယမ်းသည် စားသောက်ဆိုင်၏ ပြတင်းပေါက်မှနေ၍ အဝေးသို့ မျှော်ငေးကြည့်နေသည်။

ဝမ်ပါးက သူမအတွက် အကောင်းဆုံး အစားအသောက်များကို မှာကြားပေးလေသည်။

'ညီမ ဘာတွေ တွေးနေတာလဲဟင်'

ဝေ့ယမ်းယမ်းက သက်ပြင်းချသည်။

'ဘာရယ်လို့ မဟုတ်ပါဘူး၊ လီလီ့ကိုရုတ်တရက် တွေးမိလိုက်လို့ပါ'

ဝမ်ပါးက မျက်မှောင်ကြုတ်လိုက်သည်။



'လီလီဘာဖြစ်လို့လဲ'

'လီလီအာ သူ့ယောကျ်ားရှုဖုန်းရိကို တော်တော်သံယောဇဉ်ကြီးတာအစ်ကိုရဲ့၊ ရှုဖုန်းရိကလဲ လီလီ့ကို မျက်စိအောက်ကအပျောက်မထားဘူး၊ သူတို့ဇနီးမောင်နှံရဲ့ မေတ္တာမျိုးကတော့ တော်တော်ကို ရှားတာပါပဲ'

ဝေ့ယမ်းယမ်း ပြောနေသော စကားများသည် သူမဘာကိုစိတ်ကူးမိ၍ ပြောနေပါသနည်း။ ဝမ်ပါးသည် ဝေ့ယမ်းယမ်း ပြောနေသော စကားနှင့်ဆက်စပ်၍ သူပြောချင်သည့်စကားများကို အစပျိုးလိုက်လျှင် ကောင်းလေမည်လားဟု စဉ်းစားလိုက်သည်။

'ဟဲ...ဟဲ ရှုဖုန်းရိက ဇနီးကိုချစ်တတ်သလို အစ်ကိုကလဲ ချစ်တတ်ပါတယ် ညီမရဲ့'

ဝမ်ပါးသည် သူပြောချင်သောစကားကို ပြောချလိုက်တော့သည်။

သူမက ဝမ်ပါးကို ပြုံးပြုံးလေးပြန်ကြည့်ကာ....

'ဟော...အစ်ကိုဖောက်လာပြီ'

'ညီမ စိတ်ဆိုးသွားသလားဟင်၊ အဲဒီစကားဟာ အစ်ကို့ရင်ထဲ အသည်းထဲက ပြောလိုက်တဲ့စကားပါ'

ဝမ်ပါး အလေးအနက်ပြောနေမှန်း သူမကသိလိုက်သည်။

'ဒါ စိတ်ဆိုးစရာမှ မဟုတ်ဘဲ'

ဝေ့ယမ်းယမ်းက မျက်ခေါင်းထိုး၍ ပြောသည်။

'ညီမ စိတ်မဆိုးဘူးဆိုရင် အစ်ကို့စကားကို လက်ခံတယ်ပေါ့ ဟုတ်လား'

ဝမ်ပါးက အားရဝမ်းသာမေးသည်။

'အချိန် စောပါသေးတယ် အစ်ကိုရယ်၊ ချက်ချင်းကြီး အဖြေမပေးပါရစေနဲ့'

'ညီမ အချိန်ယူဦးမယ် ဟုတ်လား၊ ရပါတယ်၊ အစ်ကို့အပေါ် မေတ္တာမပျက်ဘူးဆိုရင် ဝမ်းသာပါပြီ'

'ညီမ မေတ္တာမပျက်ပါဘူး၊ တစ်နေ့ အစ်ကိုသာ ညီမကို မုန်းမှာစိုးတယ်'

'အစ်ကိုက တစ်သက်လုံး ညီမကို မမုန်းဘူးဗျ'

ဝမ်ပါးသည် သူမ၏လက်ကလေးကို ဖျစ်ညှစ်၍ ပြောလိုက်လေသည်။

* * *

ရှဖုန်းရိတစ်ယောက်....

တပ်မှူးအဖြစ်မှ နုတ်ထွက်လိုက်ပြီ။



အခြားတစ်မြို့ တစ်နယ်သို့ ပြောင်းရွှေ့တော့မည် ဟူသော သတင်းသည် လူတန်းစားအလွှာအသီးသီးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။

တချို့က တပ်မှူးရှဖုန်းရိကို နှမြောတသကြသည်။

'သူခိုးဓားပြတွေကို တိုက်ခိုက်နှိမ်နင်းနေတဲ့ ရှဖုန်းရိလို လူတစ်ယောက်သာမရှိရင် ကျုံးကွမ်းမြို့တော့ ဒုက္ခတွေ့ဦးမယ်'

'ရှဖုန်းရိဟာ လူတော်လူကောင်း တစ်ယောက်ပါ၊ အလုပ်က အနားမယူသင့်ဘူး'

အချို့ကလည်း....

'ရှဖုန်းရိသာမကဘူး၊ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ တစ်ဖွဲ့လုံးကို မြို့စားကြီးက မလိုလားတော့ဘူးလို့ ပြောနေတယ်၊ ဒီလောက် လူသတ်မှုတွေ သောင်းကျန်းနေတာကို သူတို့က ဘာမှ မလုပ်နိုင်ဘူး မဟုတ်လား'

စသည် စသည်ဖြင့် သတင်းများ ထွက်ပေါ်နေသည်။

စားသောက်ဆိုင် အသီးသီးတွင်လည်း ထိုသတင်းများသာ တီးတိုးဝေဖန် ပြောဆိုနေကြသည်။

ထိုသတင်းများနှင့်အတူ....

ရှဖုန်းရိသည် မကြာမီ ကျက်ပိုင်းအတွင်း ဧည့်ခံပွဲကြီးတစ်ခု ပြုလုပ်တော့သည်။

မြို့သူမြို့သားများကို- နှုတ်ဆက်ညှော်ခံပွဲ ပြုလုပ်ပြီးသည်နှင့် နောက်တစ်နေ့ အပြီးအပိုင် ထွက်ခွာသွားတော့မည် ဆိုသော သတင်းပေါ် ဆက်တိုက် ထွက်ပေါ်လာလေသည်။

ထိုသတင်းသည်....

တိကျမှန်ကန်သော သတင်းတစ်ခုပင် ဖြစ်တော့သည်။

## အခန်း (၃၂)

ရှဖုန်းရိသည် တစ်မြို့တစ်နယ်သို့ ပြောင်းရွှေ့ရန်အတွက် အားလုံး အသင့်ပြုလုပ်ထားပြီး ဖြစ်သည်။

ယနေ့ည နှုတ်ဆက်ညှော်ခံပွဲသည် ရှဖုန်းရိတစ်ယောက် ကျုံ ကွမ်းမြို့တွင် နေထိုင်သော နောက်ဆုံးနေ့ တစ်နေ့သာလျှင် ဖြစ်ပေသည်။

သူ၏ နှုတ်ဆက် ညစာစားပွဲသို့ မြို့တော်၏ ဂုဏ်သရေရှိ မြို့မျက်နှာဖုံးများမှ ခေါ်မင်ခဲ့သော မိတ်ဆွေများ အားလုံးသို့ မည်သူမဆို တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ရှဖုန်းရိသည် သူ၏အိမ်ကို အစွမ်းကုန် လှပအောင် ခြယ်မှုန်းထားလေသည်။

မိုးစဲ၍ချုပ်သည်နှင့် ရောင်စုံမီးပုံးကြီးငယ်များသည် ခြံဝင်းကြီး တစ်ခုလုံး တင့်တယ်လှပစွာဖြင့် ထိန်လင်း၍ နေတော့သည်။

လီလီသည် ရှဖုန်းရိတစ်ယောက် အလုပ်မှ အနားယူလိုက်သဖြင့် အလွန်အမင်း ပျော်ရွှင်နေသော်လည်း ရှဖုန်းရိမှာ ပျော်ရွှင်မှုမရှိလှပေ။

သူသည် လူသတ်သမားကို ကြောက်၍ ရှောင်တိမ်းသွားရသည့် အဖြစ်မျိုးဖြစ်နေသဖြင့် စိတ်ထဲ၌ ရှက်မိသလို ခံစားနေရသည်။

ညွှန့်ခံပွဲကား တစ်စတစ်စဖြင့် လူစည်ကားလာသည်။

မြို့ပေါ်မှ ဂုဏ်သရေရှိ လူကြီးများနှင့် မြို့စားကြီးသည် သီးသန့်စီစဉ်ထားသော စားပွဲ၌ ရောက်ရှိနေပေသည်။

သူဌေးကြီးတစ်ဦးက မြို့စားကြီးကို တီးတိုး ဆွေးနွေးသည်။

'တပ်မှူးလေးကို မြို့စားကြီးက မလိုအပ်တော့လို့ အနားပေးလိုက်တာလား'

မြို့စားကြီးက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ သူဟာ တစ်စုံတစ်ခုကိစ္စကြောင့် စိတ်ထိခိုက်နေတယ်လို့ ထင်မိတယ်၊ ဒါကြောင့် အလုပ်က အနားယူပြီး တစ်မြို့တစ်နယ်ကို ပြောင်းတာပါ'



'သူဘယ်ကိုသွားမယ်ဆိုတာတော့ မြို့စားကြီး သိသလား'

သူဌေးတစ်ဦးက ထပ်မေးခြင်းဖြစ်သည်။

'အဲဒါခက်တာပေါ့၊ သူဟာ ပြောင်းရွှေ့မယ့်နေရာကို လျှို့ဝှက်ထားတယ်၊ တစ်နေရာရာမှာ ဇာတ်မြှုပ်ပြီးနေမယ့်သဘောမျိုးပဲ'

မြို့စားကြီးတို့ဝိုင်းမှ ထိုစကားမျိုးကို ဝေဖန်ပြောဆိုနေကြစဉ်သို့ အခြားအခြားသော သူများလည်း ထိုကဲ့သို့ပင် ပြောဆိုဝေဖန်၍ စားသောက်နေကြသည်။

ညှို့ပရိသတ် အတော်ကလေးစုံလာသောအခါ ရှဖုန်းရိနှင့် လီလီတို့က လိုက်လံ၍ နှုတ်ဆက်စကားပြောသည်။

လူအတော်ခပ်များများမှာ စိတ်မကောင်းဖြစ်ကြသည်။

အချို့က မျက်ရည်များပင်ကျသည်။

လီလီ တစ်နေရာသို့ ရောက်သွားသောအခါ မိန်းကလေးတစ်ဦး ခေါင်းငုံ့၍ငိုနေသည်ကို တွေ့ရသည်။

လီလီက သေသေချာချာကြည့်လိုက်သောအခါ ထို မိန်းကလေးမှာ ဝေ့ယမ်းယမ်းဖြစ်နေပေသည်။

'အို.... နင်ကပါငိုတယ်၊ ငါ ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်မှာလဲ ဝေ့ယမ်းယမ်းရယ်'

'အေးပါ....နင်စိတ်ကောင်းအောင် ငါ မငိုတော့ပါဘူး'

ရှုအန်းလုက ငိုနေသော သူ့ဆရာမထံသို့ ပြေးလာသည်။

'ဆရာမ မငိုနဲ့လေ၊ သားသားတို့နဲ့လိုက်ခဲ့ပါလား'

ဝေ့ယမ်းယမ်းက ရှုအန်းလုကို ပွေ့ဖြူလိုက်သည်။

'သားသားက ဆရာမကိုခေါ်တယ် ဟုတ်လား၊ ဒါပေမယ့် သားအဒေမတို့က ဆရာမကိုမှမခေါ်ဘဲ'

'ဟော့....နင် ကလေးစိတ်မကောင်းအောင် အဲဒီလိုမပြောနဲ့ ဝေ့ယမ်းယမ်း၊ နင် ငါတို့နဲ့ အချိန်မရွေး လိုက်ခဲ့လို့ရတယ်'

ရှုအန်းလုက....

'ဟုတ်ပါတယ် ဆရာမရယ် သားသားတို့နဲ့ လိုက်ခဲ့ပါ၊ ဆရာမ လိုက်မယ်မဟုတ်လားဟင်'

ဝေ့ယမ်းယမ်းက မျက်ရည်စများကို သုတ်ပစ်လိုက်သည်။

'သားတို့ဆီကို ဆရာမ လိုက်လာခဲ့ပါမယ်'

ကလေးစိတ်ကောင်းသွားစေရန် ဝေ့ယမ်းယမ်းက ပြောလိုက်သည်။

တစ်နေရာမှ ဝမ်ပါးက ဝေ့ယမ်းယမ်းကို မြင်သွားသည်။

သူသည် ယနေ့ည ဝေ့ယမ်းယမ်းထံမှ တိကျသောအဖြေကို တောင်းမည်ဟု အားခဲထားသော်လည်း စိတ်မကောင်းစရာများနှင့် ကြုံနေ၍ အသာပင် မျိုသိပ်ထားလိုက်လေသည်။



အမှန်တော့လည်း ဝမ်ပါးကိုယ်တိုင် စိတ်မကောင်းပေ။

ရှုဖုန်းရိသည် ယနေ့ည အရက်ကို အတော် မူးအောင် သောက်ထားပုံရသည်။

ပရိသတ်များကို ဒယီးဒယိုင်နှင့် လိုက်လံနှုတ်ဆက်နေသည်။

သူသည် အုပ်ချုပ်ရေးမှူးယွှမ်တို့ကို အားရပါးရ စကားပြောနေသည်ကို တွေ့ရသည်။

ဟွေ့ဆန်းကိုးနှင့် ဝမ်ပါးက ရှုဖုန်းရိကို လှမ်းကြည့်နေသည်။

'အုပ်ချုပ်ရေးမှူး....ဒီည ပျော်ပျော်ပါးပါး သုံးဆောင်ပါဗျာ၊ ခင်ဗျားနဲ့ကျွန်တော်တို့ရဲ့ နောက်ဆုံးညပဲမဟုတ်လား'

ယွှမ်က ခေါင်းညိတ်သည်။

'ကျုပ်တို့ပျော်ပါတယ် ရှုဖုန်းရိ၊ ဒါပေမယ့် ခင်ဗျား အရက်တွေကို ဒီလောက်အထိ သိပ်မသောက်စေချင်ဘူး'

'ကျွန်တော် ပျော်လွန်းလို့ သောက်တာပါဗျာ၊ ခွင့်လွှတ်ကြပါ'

ရှုဖုန်းရိသည် ပြောရင်းမှ လက်ထဲတွင် ကိုင်ထားသော အရက်ခွက်ထဲမှအရက်များကို မော့ချလိုက်လေသည်။

လူကြီးများသည် ရှုဖုန်းရိကိုကြည့်၍ စိတ်မကောင်းကြပေ။

ထို့ကြောင့် နှုတ်ဆက်စကားများပြောဆိုကာ ၀ဲပြည်းဖြည်း ပြန်သွားကြသည်။

မြို့စားကြီးလည်း သူ၏မြင်းရထားပေါ် သို့မတက်မီ ရှဖုန်းရှိနှင့် လီလီတို့ကို ဆုမွန်ကောင်းများတောင်း၍ နှုတ်ဆက် ပြန်သွားတော့သည်။

လူငယ်အပေါင်းအသင်း မိတ်ဆွေများသာ ကျန်တော့သည်။

အမျိုးသား အမျိုးသမီး၊ လူငယ်လူလတ်ပိုင်းတို့သည် မီးကုန် ယမ်းကုန် ပျော်ရွှင်နေကြသည်။

ထိုအချိန်တွင် ရှဖုန်းရှိမှာ ခြေမခိုင်အောင်ပင် မူးနေပြီဖြစ်၏။

ရှဖုန်းရှိသခမက လီလီသည်လည်း အရက်အတော်အလေး မူးနေသည်ကို တွေ့ရသည်။

သူမသည် အမှန်ပင် ပျော်ရွှင်နေ၏။

အတော်ကလေး ညဉ့်နက်လာသောအခါ လူများ တစ်စတစ်စ လျော့ပါးသွားတော့သည်။

ရှဖုန်းရှိကား သူ၏သီးသန့်အခန်းထဲ၌ , အရက်မူးလွန်ကာ ကိုးရို့ ကားယားနှင့် အိပ်ပျော်နေတော့သည်။

ရှဖုန်းရှိကိုကြည့်ပြီး အုပ်ချုပ်ရေးမှူးယွမ်တို့သည် လီလီကို နှုတ်ဆက်၍ ပြန်ခါနီး....



'လီလီ၊ ရှဖုန်းရှိ ထပ်မသောက်စေနဲ့နော်၊ သူသိပ်မူးနေပြီ'

'ဟုတ်ကဲ့....ဆရာတို့အားလုံးကို ကျွန်မ ကျေးဇူးတင်ပါတယ်'

သူမက အရက်အနည်းငယ်မူးနေသဖြင့် အသံကလေးလေး ပင်ပင်ဖြစ်နေသည်။

သို့သော်....

အုပ်ချုပ်ရေးမှူးယွမ်သည် နောက်ပိုင်းသို့ လုံး၀ လှည့်မကြည့်ဘဲ ဧည့်ခန်းထဲမှ ထွက်ခဲ့ကြတော့သည်။

## အခန်း (၃၃)

သန်းခေါင်အချိန်ကျမှ အားလုံး တိတ်ဆိတ်သွားတော့သည်။

ရောင်စုံမီးပုံးများလည်း ငြိမ်းသွားပြီဖြစ်လေသည်။

ရှဖုန်းရိတို့အိမ်တွင်လည်း ညှိသည် တစ်ဦးတစ်ယောက်မျှ မကျန်တော့ပေ။

ရှဖုန်းရိသည်....

အရက်အလွန်သောက်ထားသဖြင့် သူ၏စာကြည့်ခန်းထဲ၌ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ ဖြစ်လေသည်။

ထို့အတူ လီလီတို့သားအမိမှာ သူမတို့၏ အခန်းထဲ၌ အိပ်မောကျသွားတော့သည်။



အသွားစုံသည် နောက်ဆုံးမီးအိမ်ကို ငြိမ်းပြီးသည်နှင့် အိပ်ရာထဲသို့ ဝင်သွားလေသည်။

သည်တော့....

ဝန်းကျင်တစ်ခုလုံး ပကတိ တိတ်ဆိတ် သွားတော့သည်။

သို့သော်လည်း....

ရှဖုန်းရိ၏အိမ်နှင့် မလှမ်းမကမ်းတွင် တီးတိုးစကားသံများ ကြားနေရသည်။

ခပ်တိုးတိုး ထွက်ပေါ်လာသောအသံက ဝမ်ပါး၏အသံ ဖြစ်သည်။

'အုပ်ချုပ်ရေးမှူးက ဘာစိတ်ကူးရလို့ ကျွန်တော်တို့ကို အခုလိုစီစဉ်ရတာလဲ'

ဟော့ဆန်းကိုးက ပခုံးတွန့်လိုက်လေသည်။

အုပ်ချုပ်ရေးမှူးယွမ်သည် ဟော့ဆန်းကိုးတို့ကို ယခုအချိန်ကစ၍ မနက်မိုးလင်းသည်အထိ ရှဖုန်းရိ၏အိမ်ကို တိတ်တဆိတ် ချောင်းမြောင်းကြည့်နေရန် အမိန့်ပေးထားလေသည်။

'သူဟာ အစီအစဉ်မရှိဘဲနဲ့တော့ ဘာမှလုပ်မယ်မထင်ဘူး'

ဟော့ဆန်းကိုးကပြောပြီး တခြား ချောင်းမြောင်းနေကြသော သူများဆီသို့ လှမ်းကြည့်သည်။

သူ၏တပည့်များသည် အခန်းမှောင်ထဲ၌ ငြိမ်သက်နေကြသည်ကို တွေ့ရသည်။

'တုံ… တုံ'

ဟူသော အုန်းမောင်းခေါက်သံနှစ်ချက်ကိုပင် ကြားနေရပြီဖြစ်၏။

ဟော့ဆန်းကိုးတို့မှာ စိတ်ပျက်စပြုလာသည်။

ထိုအချိန်မှာပင်….

အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံးစွပ်ထားသော အရိပ်တစ်ခုသည် ရှဖုန်းရီ၏အိမ်ခြံဝင်းထဲသို့ လျှပ်တပြက် ခုန်ဝင်သွားသည်ကို တွေ့လိုက်ရပေရာ ဟော့ဆန်းကိုးသည် မျက်လုံးများကျယ်သွားပြီး ဝမ်းပါးကိုလက်တို့၍ သူ့တပည့်များကို အဆင့်ဆင့် အကြောင်းကြားလိုက်လေတော့သည်။

* * *

လရောင်က မပီမပြင်မို့ ရှဖုန်းရီ၏စာကြည့်ခန်းထဲ၌ မှောင်နေသည်။



သို့သော်….

တစ်စုံတစ်ယောက်သည် ပြတင်းတံခါးကို အသာအယာ ဖွင့်လိုက်သောကြောင့် အခန်းထဲသို့ အလင်းရောင်အနည်းငယ် ဝင်ရောက်သွားလေသည်။

အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံးစွပ်ထားသောလူသည် ပြတင်းပေါက်မှနေ၍ လှစ်ခနဲ ခုန်ဝင်လိုက်သည်။

ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ဖြစ်ကတတ်ဆန်း အိပ်ပျော်နေသော ရှဖုန်းရီကို တွေ့လိုက်သည်နှင့် ထိုလူသည် ခါးကြားထဲမှ ချွန်ထက်နေသော သုံးမြှောင့် ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

ထို့နောက် လုံးဝ တုံ့ဆိုင်းခြင်း မရှိဘဲ ရှဖုန်းရီ၏လည်မျိုထဲသို့ ထိုးစိုက်လိုက်သည်။

သို့သော်…

ထိုလူ၏ ဓားကိုင်ထားသော လက်သည် လမ်းတစ်ဝက်၌ ရပ်တန့်သွားသည်။

'ခွပ်….'

'အား….'

တစ်စုံတစ်ယောက်သည် အနက်ရောင်ဝတ်စုံနှင့်လူ၏ လက်ကို ဖမ်းဆုပ်လိုက်သည့်အပြင် ပြင်းထန်လွန်းသော လက်သီး

တစ်လုံးကလည်း မျက်နှာဖုံး စွပ်ထားသည့် လူကို လွင့်စဉ် လဲကျသွားစေတော့သည်။

* * *

တစ်ချိန်တည်း....

ပြိုင်တူဖြစ်ပွားသွားသော အဖြစ်အပျက်မှာ....

မျက်နှာဖုံးစွပ်ထားသည့်လူ၏ ဓားနှင့်ထိုးအသွင်း....

တံခါးဝတွင် ပုန်းကွယ်နေသော လူတစ်ယောက်က ထိုလူ၏ လက်ကို ဖမ်းဆုပ်ပြီး လက်သီးနှင့် ပစ်ထိုးသည်။

ရှဖုန်းရီကလည်း သူ၏ခန္ဓာကိုယ်ကို ဓားမရောက်မီကလေး တစ်ဖက်သို့ လှိမ့်ချလိုက်သည်။

ထိုအချိန် တံခါးများ ဝုန်းခနဲပွင့်ပြီး ဟော့ဆန်းကိုးတို့ ခုန်ဝင်လာကြသည်။

ထိုအရာအားလုံးမှာ တစ်ပြိုင်တည်း ဖြစ်သွားသည်။

အုပ်ချုပ်ရေးမှူးယွမ်၏ နောက်ဆုံးကြိုးပမ်းချက် တစ်ခုပင် ဖြစ်လေသည်။



တြိဂံဓားသမားသည် နောက်ဆုံးတစ်ယောက် ဖြစ်သော ရှဖုန်းရီကို ကျိန်းသေသတ်မည်ဟု ယုံကြည်ထားသည်။

သို့သော် ဘယ်နေ့ ဘယ်အချိန် မသိရပေ။

ထိုအခါ လူသတ်သမားကို အုပ်ချုပ်ရေးမှူး ခေါ်ထုတ် လိုက်သည့်နည်းမှာ အခြားမဟုတ်။

ရှဖုန်းရီတစ်နေရာသို့ ထွက်သွားတော့မည်ကို လူသတ် သမားသည် လုံးဝလိုလားမည် မဟုတ်ပေ။

သူသည် ရှဖုန်းရီမပြောင်းရွှေ့မီ သူ၏ကိစ္စကို ရှင်းဖို့ ကြံစည်ပေမည်။

ထိုအခါ လွယ်လွယ်ကူကူရှင်းနိုင်စေရန် ရှဖုန်းရီကို နှုတ်ဆက်ညဉ့်ခံပွဲပြုလုပ်ပြီး အရက်များမူးနေဟန် ဖန်တီးထားရသည်။

လူသတ်သမားသည် ရှဖုန်းရီအား အမှန်တကယ် သတ်ချင်ပါက ထိုညဉ့်ခံပွဲသို့လာပြီး ရှဖုန်းရီကို [illegible]လာမည်။

ဖုရှိရှန်းရီအရက်တွေ အလွန်အကျွံသောက်ပြီး စာကြည့် ခန်းထဲ၌ အိပ်ပျော်နေသည်ကိုသိရလျှင် လူသတ်သမားအဖို့ အခြားနည်းလမ်း ရွေးချယ်စရာ မလိုတော့ပေ။

ဤသို့ကြိုတင်တွက်ဆပြီး ယွမ်သည် သူကိုယ်တိုင် စာကြည့် ခန်းထဲသို့ တိတ်တဆိတ်ဝင်ကာ ချောင်းမြောင်းနေသလို ဟော့ဆန်းကိုးတို့ကိုလည်း အပြင်မှ ဝိုင်းရံထားစေသည်။

သူထင်ထားသည့်အတိုင်း အားလုံးကွက်တိဝင်လာသည်။

အားလုံးတစ်ပြိုင်တည်း လှုပ်ရှားလိုက်သည်။

လူသတ်သမားကို ဝမ်ပါးကချုပ်ကိုင်ထား၏။

ယွမ်က တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'ဟွေဆန်းကိုး သူ့မျက်နှာဖုံးကိုဆွဲချွတ်လိုက်ပါ၊ ဝမ်ပါး မင်းတော့ စိတ်မကောင်းဖြစ်မှာပဲ'

ယွမ်အ ထိုသို့ပြောသည်ကို ဝမ်ပါးနားမလည်ပေ။

ထိုအချိန်....

ဟွေဆန်းကိုးက လူသတ်သမား၏မျက်နှာဖုံးကို ခေါင်းမှနေ၍ ဆွဲချွတ်လိုက်သည်။

'ဟင်....'

'ဟာ....'

မြင်ရသူအားလုံး အာမေဋိတ်သံများ ထွက်ပေါ်လာသည်။

လီလီဆိုလျှင် အံ့ဩလွန်း၍ မျက်လုံးများဝိုင်းစက် ပြူးကျယ်နေတော့သည်။

လူသတ်သမားမှာ....

ဝေ့ယမ်းယမ်း ဖြစ်နေသောကြောင့်ပင်....



သူမသည် ရှိုက်ကြီးတငင် ငိုကျွေးနေတော့၏။

*　　*　　*

တစ်အိမ်လုံး မီးများထိန်လင်းလာသည်။

'နင်....တယ်ရက်စက်ပါလား ဝေ့ယမ်းယမ်းရယ်'

ဟု ပြောပြီး လီလီက မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ငိုကျွေးလိုက်လေသည်။

ဝမ်ပါးအား 'မင်းတော့စိတ်မကောင်းဖြစ်မှာပဲ'ဟု ပြောသော ယွမ်၏စကားကို ဝမ်ပါး ယခုမှသဘောပေါက်သွားသည်။ ယွမ်သည် ဝေ့ယမ်းယမ်းဖြစ်မည်ဟု ကြိုတင်သိထားပုံရသည်။

'မင်းဟာ ကွိဝှားဖြစ်လိမ့်မယ်ဆိုတာ ငါနည်းနည်းလေး ရိပ်စားမိတဲ့ အချိန်ကတော့ တံငါရွာကို မင်းရောက်လာအတည်းကပဲ၊ လျှပ်တစ်ပြက်အတွင်း မင်းဒီလို ဆောင်ရွက်နိုင်လိမ့်မှာမဟုတ်ဘူးလို့ထင်မိတာ ငါ့အမှားဖြစ်သွားတယ်'

ယွမ်က တစ်လုံးချင်း ပြောပြနေသည်။

ကွိဂွားသော် ဝေ့ယမ်းယမ်းသည် ရှိုက်၍ရှိုက်၍ငိုကျွေး နေ၏။

ယွမ်က သူ့စကားကို အားလုံးသဘောပေါက်အောင် ရှင်းပြသည်။

'အဲဒီနေ့က သူဟာကြဲမုချမ်းကိုသတ်ဖို့ သိပ်ပြီးအခွင့်မသာ ဘူးဖြစ်နေတယ်၊ ဒါပေမယ့် ရှဖုန်းရိက လီလီပျောက်နေလို့ လိုက်ရှာတဲ့အခါမှာ သူ့အဖို့တံငါရွာကိုသွားဖို့ အခွင့်အရေး ရသွားတယ်၊ ဟိုရောက်လို့ ဟွေဆန်းကိုးတို့နဲ့ တွေ့ပြီးတာနဲ့ သူဟာ လီလီ့ဆီမသွားသေးဘဲ တံငါသည်တစ်ယောက်ဆီက ငှါးယူပြီး တံငါသည်ယောင်ဆောင်တယ်၊ ငါးချိန်ပြီးတာနဲ့ ငွေရှင်းတဲ့စာရွက်ကိုယူပြီး ကြဲမုချမ်းအခန်းထဲဝင်တယ်၊ ကြဲမု ချမ်းကိုသတ်ပြီးတာနဲ့ ပြန်ထွက်ပြီး အဝတ်အစားပြောင်းဝတ် တယ်၊ အဲဒါတွေပြီးမှ လီလီ့ဆီကိုသွားပြီးခေါ်တယ်၊ သူ့ကို မထင်နိုင်စရာ ပိုပြီးကောင်းနေတာက ဟိုမှာကြဲမုချမ်းအသတ် ခံရတယ်လို့ အော်ဟစ်တဲ့အချိန်မှာ သူဟာ လီလီနဲ့အတူ ဟွေ ဆန်းကိုးတို့နဲ့ စကားပြောတဲ့အချိန်ဖြစ်နေတယ်ဆိုတော့ သူ့ ကို ဘယ်လိုမှ ထင်နိုင်စရာအကြောင်း မရှိတော့ဘူး'

ခေါင်းငိုက်စိုက်ချ၍ နားထောင်နေကြသူများ ကြား အောင် ယွမ်က ဆက်ပြောသည်။

'ဒါပေမယ့် ကျုပ်အဲဒီတုန်းက နည်းနည်းတော့ မသင်္ကာ ဘူး၊ ပိုပြီးထင်ရှားတာက ဒီကနေ့ညပဲ၊ သူဟာ တော်တော်



ကြာ ခြေပျက်နေတယ်၊ ရှဖုန်းရိမှုပြီး အိပ်ပျော်တာကိုတွေ့တာနဲ့ သူ ဘယ်သူ့မှန်းမသိဘဲ ပြန်သွားတာ ကို ကျုပ်သတိထား မိလိုက်တယ်၊ ဒီလောက်ဆို အားလုံးသဘောပေါက်လောက် ပါပြီ'

ယွမ်သည် ဝေ့ယမ်းယမ်းကို စိတ်မကောင်းစွာကြည့်၍...

'မင်းသိပ်မှားတယ် မိန်းကလေး၊ လူတွေကို အလဲ့စား ချေတာ မင်းသိပ်မှားတာပဲ၊ ပိုပြီးဆိုးတာက ကြဲမုချမ်းနဲ့မတွေ့ ခင် မင်းကို မတရားပြုကျင့်တဲ့သူဟာ ဘုရင့်တပ်သားတွေ မဟုတ်ဘူး၊ ရှဖုန်းရိလဲမဟုတ်ဘူး၊ ရှဖုန်းရိတို့လိုက်တိုက်လို့ ပြေးလွှားနေတဲ့ လူတစ်စုနဲ့ မင်းတွေ့ရတာပဲ၊ သူတို့က ရှဖုန်းရိ ကို စိတ်နာနာနဲ့ မင်းအထင်လွဲမှားအောင် ရှဖုန်းရိ နာမည် အလွဲသုံးစားလုပ်လိုက်တာပဲ'

ဝေ့ယမ်းယမ်းသည် ဆတ်ခနဲခေါင်းထောင်၍ ရှဖုန်းရိကို ကြည့်လိုက်သည်။ ပြီးလျှင် သူမ၏အမှားကိုသိသွား၍ ရှိုက်ကြီး တငင် ငိုကျွေးပြန်၏။

သူမအငိုတိတ်မှ ယွမ်က ချော့ပြောသည်။

'ပြီးခဲ့တာတွေပြီးခဲ့ပါပြီ ကွိဂွားရယ်၊ မင်းတို့မောင်နှမ ဘဝ ဘယ်လောက်နာကြည်းစရာကောင်းခဲ့တယ်ဆိုတာ ကျုပ် သိထားပါတယ်၊ မင်းရဲ့ ပြစ်မှုတွေအတွက် မြို့စားကြီးကလဲ

စာနာထောက်ထားပြီး လျှော့လျှော့ပေါ့ပေါ့ စဉ်းစားမယ်ဆိုတာ ကျုပ်ပြောရဲပါတယ်၊ ကျုပ်ကို တစ်ခုသာကြံ ခွင့်ပြုစမ်းပါ၊ မင်းဘဝမြှုပ်ထားပုံကို အတော် စိတ်ဝင်စားမိလို့ပါ....'

ဝေ့ယမ်းယမ်းက မျက်ရည်သုတ်လိုက်သည်။

'ကျွန်မ ကြဲမုချမ်းဆီက ထွက်လာပြီးတော့ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနဲ့ အဘွားအိုဘစ်ယောက်ရဲ့အိမ်မှာ ကပ်နေရပါတယ်၊ အဲဒီမှာ ကလေးပျက်ကျပါသေးတယ်၊ မကြာခင်ဘဲ အဘွားအဆုံးသွားတော့ ကျွန်မချင်ဂေဟာမှာ ဝေ့ယမ်းယမ်းနာမည်နဲ့ အလုပ်တောင်းပါတယ်၊ သမားတော်ကြီးချင်က အဲဒီအချိန်ကစပြီး ကျွန်မကို စောင့်ရှောက်ခဲ့တာပါပဲ'

ဟွေ့ဆန်းကိုးက အခုမှ သတိရသွားသည်။

'ကျုပ်ပြောင်းတောရွာကိုသွားတုန်းက အပြန်မှာ ခင်ဗျားနဲ့တွေ့တာ အခုမှပဲစဉ်းစားမိတော့တယ်၊ ခင်ဗျား လေ့ဖီးကိုသတ်ပြီး ပြန်လာတာမဟုတ်လား'

ဝေ့ယမ်းယမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်မကိုယ်တိုင်သတ်တာပဲ၊ အစ်ကို ချိန်းကျဲ့ဝူးက သူသတ်တဲ့အခနေနဲ့ ရှင့်ကို မျှားပြီးခေါ်သွားတာ၊ ကျွန်မ သေသေချာချာမှာလို့ ရှင့်ကို သူအမတိုက်ခိုက်တာပဲ'



ဟွေ့ဆန်းကိုးက....

'ခင်ဗျား မြင်းလှည်းသမား ခုံလျှောင်းကိုမသတ်ခင် စိန့်ဟုတ် ဘုရားကျောင်းကိုသွားတာ ခင်ဗျားအစ်ကိုနဲ့ သွားတွေ့တာ မဟုတ်လား'

'ဟုတ်တယ်၊ အဲဒီကအပြန်မှာ ခုံလျှောင်းလို့ နာမည်ပြောင်းထားတဲ့ လေ့ကြီးကို မြင်းလှည်းပေါ်မှာတင် သတ်ပစ်လိုက်တာပဲ'

ဟွေ့ဆန်းကိုးတို့မှာ ယခုမှ ရှင်းသွားသည်။

လက်တစ်လုံးခြား လှည့်စားနိုင်လွန်းသော ဝေ့ယမ်းယမ်းကို ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

အုပ်ချုပ်ရေးမှူး ယွမ်က....

'ကဲ....ဟွေ့ဆန်းကိုး သူ့ကိုခေါ်သွားတော့ကွာ'

ဟု လေးလေးပင်ပင် ပြောလိုက်သည်။

ဟွေ့ဆန်းကိုးတို့သည် ဝေ့ယမ်းယမ်းကိုခေါ်၍ ထွက်သွားကြ၏။

ဝမ်ပါးမှာ....

ရိပေဝနေသော မျက်လုံးအစုံဖြင့် ဝေ့ယမ်းယမ်းကို ဝေးကြည့်နေမိရာမှ မျက်ရည်ပေါက်များ စီးကျလာသည်။

သူသည် မလှမ်းချင်လှမ်းချင်နှင့် နောက်မှ လိုက်ပါသွားလေသည်။

ပြီး